# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**အနှစ်ရှိသော တရားကိုရနိုင်**

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)


၁၃၈၁ ခုနှစ်၊ တန်ခူးလကွယ်နေ့ ၂၀၁၉ ခုနှစ်၊ မေ ၃ ရက်၊ သောကြာနေ့ အတွဲ (၅၈)၊ အမှတ် (၂၁၅)


## နိုင်ငံတော်အစိုးရက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဦးတည်ကြိုးပမ်းလျက်ရှိရာတွင် မီဒီယာ၏အခန်းကဏ္ဍကို များစွာအရေးထား

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံမှ
ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့
(World Press Freedom Day) အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ
၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်
(၁၃၈၁ ခုနှစ်၊ တန်ခူးလကွယ်နေ့)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ စာနယ်ဇင်းသမားများအားလုံး ကောင်းမြတ်သည့် ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၏ အပိုဒ် (၁၉)နှင့်အညီ ဒီမိုကရေစီနိုင်ငံများ၏ စံနှုန်းတစ်ခုဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို မြှင့်တင်အားပေးနိုင်ရန်အတွက် ၁၉၉၃ ခုနှစ်မှစတင်ပြီး ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ကို နှစ်စဉ် ကျင်းပလျက်ရှိပါသည်။

၁၉၉၁ ခုနှစ်က နမီးဘီးယားနိုင်ငံ၊ ဝင်းဟုတ်မြို့တွင် အာဖရိကတိုက်သား စာနယ်ဇင်းသမားများက စာနယ်ဇင်း


စာမျက်နှာ ၃ ကော်လံ ၁ ❑


## ဒီမိုကရေစီအမြစ်တွယ်ခိုင်မာစေရေးနှင့် လွတ်လပ်စွာ ရေးသားထုတ်ဖော် ပြောဆိုနိုင်မှုများ ပြန်လည်ဆိတ်သုဉ်း မသွားစေရေးအတွက် ဆက်လက်ဝိုင်းဝန်းပါဝင်ပေး

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထံမှ
ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့
(World Press Freedom Day) အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ
၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်
(၁၃၈၁ ခုနှစ်၊ တန်ခူးလကွယ်နေ့)

ယနေ့ကျင်းပပြုလုပ်သည့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ (World Press Freedom Day) အခမ်းအနားသို့ ကြွရောက်လာကြသည့် အဖွဲ့အစည်းအသီးသီး ကဏ္ဍနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ သတင်းမီဒီယာအသီးသီးမှ သတင်းစာဆရာများ၊ UNESCO အပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့အား ကမ္ဘာ့နိုင်ငံများ၏ သတင်းလွတ်လပ်ခွင့် အခြေအနေအဆင့်အတန်းများ မည်သို့ရှိသည်ကို သက်ဆိုင်ရာပြည်သူများထံ အသိပေးရန်၊ သတင်းလွတ်လပ်ခွင့်အရေးပါပုံနှင့် ပတ်သက်၍ ပြည်သူများ၏


စာမျက်နှာ ၄ ကော်လံ ၁ ◆


# ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နဝမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နဝမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၂**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နဝမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာအောင်သူ၊ ဦးဝင်းခိုင်၊ ဦးအုန်းမောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်ဝင်း၊ ဦးအောင်ထူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်


စာမျက်နှာ ၅ ကော်လံ ၁ ❋



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# မီဒီယာများနှင့် လွတ်လပ်ခွင့်

၂၀ ရာစုသည် ကမ္ဘာ့သမိုင်းတွင် ထူးခြားသည့်မှတ်တိုင်ကြီးများ အများအပြားစိုက်ထူထားခဲ့သည့် ရာစုနှစ်တစ်ခု ဖြစ်သည်။ ယင်းရာစုနှစ်အတွင်း ကမ္ဘာစစ်ကြီး နှစ်ကြိမ်ဖြစ်ပွားခဲ့သည်။ နယ်ချဲ့ကိုလိုနီလက်အောက်မှ ကမ္ဘာ့နိုင်ငံအများအပြား ပြန်လည်လွတ်မြောက်လာကြသည်။ လက်ဝဲလက်ယာ အယူဝါဒကြီးနှစ်ရပ် အားပြိုင်ပြီး စစ်ရေးတည်ဆောက်မှုများ အပြိုင်အဆိုင်လုပ်ကြသည်။ ကိုလိုနီထမ်းပိုးအောက်မှ လွတ်မြောက်ခဲ့သော နိုင်ငံအချို့မှာ ပြည်တွင်းဖြစ်အာဏာရှင်များအောက်သို့ တစ်ဖန်ပြန်၍ ကျရောက်ခဲ့ကြရပြန်သည်။

ယင်းရာစုနှစ်အတွင်း သိပ္ပံနှင့်နည်းပညာများ တစ်ဟုန်ထိုးတိုးတက်ခဲ့သလို စာနယ်ဇင်းများ၏ ရွှေခေတ်လည်းဖြစ်ခဲ့သည်။ နံနက်၊ နေ့လယ်၊ ညနေ တစ်နေ့လျှင် သုံးကြိမ် တည်းဖြတ်ထုတ်ဝေကာ နေ့စဉ်စောင်ရေသန်းနှင့်ချီ၍ ထုတ်ဝေသောသတင်းစာကြီးများ ခေတ်ကောင်းခဲ့သည်။ ယင်းရာစု နှစ်လယ်ဟုဆိုရမည့် ၁၉၄၈ ခုနှစ်အတွင်း ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကြီးကို ကုလသမဂ္ဂကထုတ်ပြန်ခဲ့သလို ၂၀ ရာစု၏ နောက်ဆုံးရာစုနှစ်အတွင်း ၁၉၉၃ ခုနှစ်တွင် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ကို အတည်ပြုခဲ့သည်။ ယင်းဆယ်စုနှစ်အတွင်းမှာပင် **Information Technology** ခေါ် သတင်းအချက်အလက် နည်းပညာဖွံ့ဖြိုးတိုးတက်လာပြီး သမားရိုးကျ မီဒီယာများဖြစ်သည့် သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့ကို တစ်စတစ်စ ခြိမ်းခြောက်လာခဲ့ခြင်းဖြစ်သည်။

နည်းပညာများ တိုးတက်မှုနှင့်အတူ သတင်းမီဒီယာပလက်ဖောင်းများ မည်ကဲ့သို့ပြောင်းလဲသည်ဖြစ်စေ သတင်းမီဒီယာများသည်လည်းကောင်း၊ သတင်းအတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည့် စာနယ်ဇင်းသမားများသည်လည်းကောင်း လူ့အဖွဲ့အစည်းတစ်ရပ်အတွက် အရေးပါသည့်၊ အရေးကြီးသည့်ကဏ္ဍတွင် ရှိနေကြသည့်အလျောက် **Watch dog** “ပြည်စောင့်ခွေး”၊ **Whistleblower**“ခရာမှုတ်သမား” စသည်ဖြင့် တင်စားခေါ်ဝေါ်ကြသည်။ ၎င်းတို့သည် နိုင်ငံနှင့် လူ့အဖွဲ့အစည်းအတွင်း မတော်မတရားမှုများ၊ အမြီးအမောက်မတည့်မှုများ၊ ဥပဒေမဲ့ဆောင်ရွက်မှုများ၊ အဂတိလိုက်စားမှု၊ ကျင့်ဝတ်ဖောက်ဖျက်မှုများ၊ တာဝန်ဝတ္တရားမကျေပွန်မှုများ စသည်တို့ကို အများသိအောင်ဖော်ထုတ်အသိပေးသူများအဖြစ် အများ၏ လေးစားတန်ဖိုးထားမှုများကို ရရှိကြသည်။ တစ်ဖက်တွင်လည်း မတော်မတရားပြုသူ၊ ဥပဒေမဲ့လုပ်ကိုင်သူ၊ အဂတိလိုက်စားသူ အာဏာပိုင်များ၊ ဒုစရိုက်သမားများ၊ မူးယစ်ရာဇာများ စသူတို့၏ ရန်ငြိုးအာဃာတတို့ကိုလည်း တစ်ခါတစ်ရံအသက်ပေးရသည်အထိ ခံကြရသည်။

သတင်းမီဒီယာများတွင် ရေးသားဖော်ပြထုတ်လွှင့်မှုများက လူ့အဖွဲ့အစည်းအပေါ်တွင် လွှမ်းမိုးနိုင်သည့် တန်ခိုးသြဇာတစ်စုံတစ်ရာရှိသည့်အလျောက် မီဒီယာများ၏ လွတ်လပ်ခွင့်သည်လည်း အရေးကြီးသည်။ အထူးသဖြင့် ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် မီဒီယာသည် စတုတ္ထမဏ္ဍိုင်ဖြစ်သည်နှင့်အညီ အားကောင်းဖို့၊ ခိုင်ခံ့ဖို့ရန် အထူးလိုအပ်သည်။ ရာစုနှစ်ဝက်ခန့် မျိုးဆက်ပြတ်ခဲ့ရသည့် မိမိတို့နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်ကို ခိုင်မာတောင့်တင်းစေရန် ဝိုင်းဝန်းတည်ဆောက်ပေးရမည်ဟုလည်း ရှုမြင်မိသည်။ တစ်ဖက်တွင်လည်း မီဒီယာတိုင်းက မိမိတို့၏ လွတ်လပ်ခွင့်များကို တန်ဖိုးထားပြီး ကျင့်ဝတ်တို့ကို လိုက်နာကာ မိမိတို့လူ့အဖွဲ့အစည်းအပေါ် တာဝန်ရှိမှုကို အလေးအနက်ခံယူခြင်းအားဖြင့် မီဒီယာတို့၏ အခန်းကဏ္ဍ ပို၍ပို၍ မြင့်မားလာမည်သာဖြစ်သည်။

ယနေ့ မိမိတို့နိုင်ငံသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် ဦးတည်ကာ နိုင်ငံသူ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူများ ပါဝင်သည့် စုပေါင်းအင်အားဖြင့် အကောင်အထည်ဖော်လျက်ရှိရာတွင် တိုးတက်အောင်မြင်မှုများရရှိနေသလို အခက်အခဲအတားအဆီးနှင့် စိန်ခေါ်မှုများစွာတို့ကိုလည်း ရင်ဆိုင်နေရသည်။ နိုင်ငံအတွင်းရှိနေသည့် အင်အားစုများအားလုံး၏ကြားတွင် (တစ်သွေး တစ်သံ တစ်မိန့်အောက်မှ ဟန်ပြညီညွတ်မှုမျိုးမဟုတ်သည့်) တစ်သွေးတည်းတစ်သားတည်းသော စည်းလုံးညီညွတ်မှု လိုအပ်နေချိန်လည်းဖြစ်သည်။ ယင်းသို့သော အခြေအနေအချိန်အခါမျိုးတွင် မီဒီယာတိုင်းက နိုင်ငံ၏ ပကတိအခြေအနေကို မျက်မှောက်ပြုကာ ကျင့်ဝတ်သိက္ခာရှိရှိ၊ တာဝန်သိသိဖြင့် လွတ်လပ်ခွင့်တို့ကို ကျင့်သုံးနိုင်ကြပါစေကြောင်း။ ။

# ကျောက်ဖြူ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းအတွက် လျှပ်စစ်ဓာတ်အားဝယ်ယူရေး စာချုပ်ချုပ်ဆိုရန် ညှိနှိုင်းဆွေးနွေးမှုများ ပြီးမြောက်ကြောင်း အသိအမှတ်ပြုစာချွန်လွှာ လက်မှတ်ရေးထိုး




**အသိအမှတ်ပြု စာချွန်လွှာအား Power China Resources Ltd (Sinohydro) ၏ ဥက္ကဋ္ဌ Mr. Sheng Yuming နှင့် မြန်မာတိုင်းရင်းသားပိုင် Supreme Trading Company Limited ၏ ဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်တို့ လက်မှတ်ရေးထိုးကြစဉ်။** သတင်းစဉ်

**နေပြည်တော် မေ ၂**

ဒုတိယအကြိမ်ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲများသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဧပြီ ၂၈ ရက် မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ Shangrila Hotel တွင် ကျင်းပသော ကျောက်ဖြူ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းအတွက် လျှပ်စစ်ဓာတ်အားဝယ်ယူရေး စာချုပ်ချုပ်ဆိုရန် ညှိနှိုင်းဆွေးနွေးမှုများ ပြီးမြောက်ကြောင်း အသိအမှတ်ပြု စာချွန်လွှာလက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်း၊ လျှပ်စစ်စွမ်းအား စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မိမိခိုင်နှင့် မြန်မာသံရုံးမှ တာဝန်ရှိသူများ၊ Power Construction Corporation of China ၏ ဥက္ကဋ္ဌ Mr. Sun Hongshui နှင့် သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အသိအမှတ်ပြု စာချွန်လွှာအား Power China Resources Ltd (Sinohydro) ၏ ဥက္ကဋ္ဌ Mr. Sheng Yuming နှင့် မြန်မာတိုင်းရင်းသားပိုင် Supreme Trading Company Limited ၏ ဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်တို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြသည်။

အဆိုပါ ကျောက်ဖြူ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းအား ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် တည်ဆောက်မည်ဖြစ်ပြီး ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မည်ဖြစ်သည်။ အဆိုပါစီမံကိန်းအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် Notice to Proceed ထုတ်ပေးခဲ့ပြီး မြန်မာ-တရုတ် စီးပွားရေးစင်္ကြံအတွက် အရေးပါသော စီမံကိန်းတစ်ခုဖြစ်ကာ တည်ဆောက်ပြီးစီးပါက လျှပ်စစ်ဓာတ်အား ၁၃၅ မဂ္ဂါဝပ်အား ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ အထောက်အကူပြု ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အား တာဝန်ရှိသူများက မုန်တိုင်းနှင့်ပတ်သက်၍ ဖြစ်ပေါ်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြစဉ်။ သတင်းစဉ်

# ဆိုင်ကလုန်းမုန်တိုင်း “ဖန်နီ” နှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနသို့ သွားရောက်မှာကြား

**နေပြည်တော် မေ ၂**

အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “ဖန်နီ” (FANI) နှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဒုတိယဝန်ကြီး ဦးစိုးအောင်တို့ထံ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ယနေ့ မွန်းလွဲပိုင်းတွင် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန (EOC) ၌ မုန်တိုင်းနှင့်ပတ်သက်၍ စတင်ဖြစ်ပေါ်မှုအခြေအနေ၊ လက်ရှိ မုန်တိုင်းဦးတည်ရွေ့လျားနေမှု အခြေအနေနှင့် မုန်တိုင်း၏ သက်ရောက်နိုင်သည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးက ဆိုင်ကလုန်းမုန်တိုင်း “ဖန်နီ”(FANI)နှင့်ပတ်သက်၍ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန (EOC)အနေဖြင့် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်သတင်းထုတ်ပြန်ရန် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ချက်များနှင့် ပညာရှင်များ၏ သုံးသပ်ချက်များကို ဂရုပြုအလေးထားဆောင်ရွက်ရန်၊ အဆိုပါ ဆိုင်ကလုန်း ဖြစ်ပွားနိုင်သည့် နေရာများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရမည့်အခြေအနေများကို အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီအနေဖြင့် ပြည်နယ်/တိုင်းဒေသကြီး ဦးစီးမှူးရုံးများသို့ သတင်းပေးပို့အကြောင်းကြားရန်၊ ဖန်နီ(FANI) မုန်တိုင်း သက်ရောက်နိုင်ခြေရှိသော ရခိုင်ပြည်နယ် (မြောက်ပိုင်း) နှင့် ချင်းပြည်နယ်တို့တွင် လေပြင်းတိုက်ခတ်မှု၊ မိုးရွာသွန်းမှုအခြေအနေများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားကြရန်၊ မြန်မာနိုင်ငံတွင် ယခင်က ဖြစ်ခဲ့ဖူးသော မုန်တိုင်းများနှင့် မုန်တိုင်းအဖျားခတ်မှုများကြောင့် ထိခိုက်မှုဖြစ်စဉ်များကဲ့သို့ ပြည်သူလူထု ထိခိုက်ခံစားကြရမှုများ မဖြစ်ပွားစေရေးအတွက် ဂရုစိုက်သတိပြုကြရန်၊ မြန်မာနိုင်ငံသို့ မုန်တိုင်းတိုက်ရိုက်ဝင်ရောက်ရန် အခြေအနေမရှိကြောင်း သိရသော်လည်း ထိခိုက်နိုင်ခြေရှိသော ဒေသများတွင် ဌာနဆိုင်ရာများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်၍ လိုအပ်သည်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရန်၊ ဆက်သွယ်ရေးပိုင်းတွင်လည်း မလိုလားအပ်သည့် အခက်အခဲများမဖြစ်ပေါ်စေရန် သတင်းပေးပို့သည့် အချက်အလက်များ ရှင်းလင်းမှုရှိရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❑ ***ရှေ့ဖုံးမှ***

လွတ်လပ်ခွင့်ဆိုင်ရာ အခြေခံသဘောတရားများကို ဝင်းဟုတ်ကြေညာချက်အဖြစ် ထုတ်ပြန်ခဲ့သည့် မေလ ၃ ရက်နေ့အား ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့အဖြစ် ၁၉၉၃ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက အတည်ပြုသတ်မှတ်ခဲ့ခြင်း ဖြစ်ပါသည်။

စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုင်ရာ အခြေခံသဘောတရားများကို အလေးအမြတ်ပြုရန်၊ ကမ္ဘာ့နိုင်ငံအသီးသီးရှိ စာနယ်ဇင်းလွတ်လပ်ခွင့် အခြေအနေများကို သုံးသပ်အကဲဖြတ်ရန်၊ သတင်းမီဒီယာများ၏ လွတ်လပ်ခွင့်အပေါ် တိုက်ခိုက်မှုများမှ ကာကွယ်ရန်နှင့် သတင်းလုပ်ငန်းခွင်များတွင် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ဆောင်ရွက်ရင်း အသက်ပေးခဲ့ရသည့် စာနယ်ဇင်းသမားများကို ချီးကျူးဂုဏ်ပြုရန်စသည့် ရည်ရွယ်ချက်များဖြင့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့အား နှစ်စဉ် ဦးတည်ချက်များချမှတ်ပြီး ကျင်းပလေ့ရှိပါသည်။

ယခုနှစ်အတွက် ဦးတည်ချက်မှာ **“ဒီမိုကရေစီအတွက် မီဒီယာ၊ သတင်းအမှားများကြားမှ စာနယ်ဇင်းနှင့်ရွေးကောက်ပွဲများ (Media for Democracy: Journalism and Elections in Times of Disinformation)”** ဟူ၍ဖြစ်ပါသည်။ ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့အခမ်းအနားကို နိုင်ငံများတွင် လှည့်လည်ပြီး နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ်အခမ်းအနားကို အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ မြို့တော် အက်ဒစ်အက်ဘာဘာမြို့တွင် ကျင်းပသွားမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံအနေဖြင့်လည်း ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့ အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၂ ခုနှစ်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုဆိုလျှင် ရှစ်နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် စာနယ်ဇင်းလွတ်လပ်ခွင့်နှင့်ပတ်သက်ပြီး ဦးဆောင်ဦးရွက်ပြုနေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့် အားလျော်စွာ ယနေ့ အခမ်းအနားကို ပထမဦးဆုံးအကြိမ် ခမ်းနားစွာ ကျင်းပနိုင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၉ ၌ “လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရှိသည်။ အဆိုပါအခွင့်အရေးများတွင် ထင်မြင်ယူဆချက်များကို အနှောင့်အယှက်ကင်းစွာဖြင့် လွတ်လပ်စွာ စွဲကိုင်ခွင့်အပြင် သတင်းအချက်အလက်နှင့် အတွေးအခေါ် အယူအဆများကို သတင်းမီဒီယာတစ်ရပ်ရပ်မှတစ်ဆင့် နယ်နိမိတ် အပိုင်းအခြားမရှိ ရှာဖွေဆည်းပူးခွင့်၊ လက်ခံခွင့်နှင့် ဖြန့်ချိခွင့်တို့လည်းပါဝင်သည်”ဟု ဖော်ပြထားပါသည်။ ထို့အတူ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၅၄(က) တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပါသည်။

ထို့ကြောင့် လွတ်လပ်မှုနှင့်တာဝန်ယူမှု၊ တာဝန်ခံမှုတို့အကြား မျှတစွာစဉ်းစားချင့်ချိန်ပြီး စာနယ်ဇင်းလွတ်လပ်မှုကို ရယူအသုံးချကြရန် လိုအပ်ပါသည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၉ (၂) ၌လည်း “မိမိ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် လူတိုင်းသည် အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု၍ လေးစားရန်အလို့ငှာ လည်းကောင်း၊ ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် တရားမျှတသော လိုအပ်ချက်များဖြစ်သည့် ကိုယ်ကျင့်တရား၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အလို့ငှာလည်းကောင်း၊ ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်းသာ ကျင့်သုံးပိုင်ခွင့်ရှိသည်” ဟု အတိအလင်း ဖော်ပြထားသည်ကို အထူးသတိပြုရန် လိုအပ်ပါသည်။

ဒီမိုကရေစီနိုင်ငံတစ်ခုတွင် အမြဲကြုံတွေ့နေရမည့် လုပ်ငန်းစဉ်တစ်ခုမှာ ရွေးကောက်ပွဲများ ဖြစ်ပါသည်။ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်ရန်နှင့် နိုင်ငံအကျိုး သယ်ပိုးနိုင်မည့်သူများကို ရွေးချယ်နိုင်ရေးအတွက် မီဒီယာများသည် အရေးပါသော အခန်းကဏ္ဍတွင် ရှိပါသည်။ ပြည်သူများ ရွေးကောက်ပွဲဆိုင်ရာ အသိပညာဗဟုသုတများ ပြည့်ဝစွာရရှိရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းများ အောင်မြင်ရေးတို့အတွက် ယခုနှစ် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့၏ ရည်ရွယ်ချက်များနှင့်အညီ စာနယ်ဇင်းများက ကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။

❑ **ဒီမိုကရေစီနိုင်ငံတစ်ခုတွင် အမြဲကြုံတွေ့နေရမည့် လုပ်ငန်းစဉ်တစ်ခုမှာ ရွေးကောက်ပွဲများ ဖြစ်ပါသည်။ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်ရန်နှင့် နိုင်ငံအကျိုး သယ်ပိုးနိုင်မည့်သူများကို ရွေးချယ်နိုင်ရေးအတွက် မီဒီယာများသည် အရေးပါသော အခန်းကဏ္ဍတွင် ရှိပါသည်။ ပြည်သူများ ရွေးကောက်ပွဲဆိုင်ရာ အသိပညာဗဟုသုတများ ပြည့်ဝစွာရရှိရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းများ အောင်မြင်ရေးတို့အတွက် ယခုနှစ် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့၏ ရည်ရွယ်ချက်များနှင့်အညီ စာနယ်ဇင်းများက ကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်**

နိုင်ငံတကာရွေးကောက်ပွဲများတွင် သတင်းမှားများ၊ လုပ်ကြံသတင်းများကို အသုံးပြုပြီး မဲဆန္ဒရှင်ပြည်သူလူထု၏ သဘောထားအမြင်များကို ပုံ့ကိုင်ထိန်းကျောင်းရန် ကြိုးပမ်းခြင်း၊ တစ်ဖက်နှင့်တစ်ဖက် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များနှင့် ထိုးနှက်တိုက်ခိုက်ခြင်းများကို တွေ့မြင်ကြားသိနေရပါသည်။ ထိုလုပ်ကြံသတင်းများသည် ထိန်းကျောင်းမှု အားနည်းသည့် လူမှုမီဒီယာလမ်းကြောင်းများမှတစ်ဆင့် အမြောက်အမြား ထွက်ပေါ်လာလေ့ရှိပြီး၊ လွတ်လပ်စွာ ရေးသားထုတ်ဖော်ခွင့်ဆိုသော မွန်မြတ်လှသည့် အခြေခံလူ့အခွင့်အရေးကို အရုပ်ဆိုးအကျည်းတန်စွာ အလွဲသုံးစားပြုနေကြပါသည်။ ထိုအရာများကို လမ်းမှန်ရောက်စေရန် မှန်ကန်သည့် မီဒီယာကျင့်ဝတ်များဖြင့် တာဝန်သိသိ ထိန်းကျောင်းပဲ့ပြင်ပေးသွားရန်မှာ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်နားလည်သူ စာနယ်ဇင်းသမားများ၏ တာဝန်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် လွတ်လပ်သောမီဒီယာနှင့် ဒီမိုကရေစီသည် အစဉ်အမြဲ ယှဉ်တွဲနေသည်ဟု ယုံကြည်ပါသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် မီဒီယာ၏ “အား ” မလွဲမသွေ လိုအပ်သည်ဟု ခံယူပါသည်။ ဒီမိုကရေစီစနစ် အားကောင်းရန်အတွက် မီဒီယာလွတ်လပ်ခွင့်သည် မရှိမဖြစ်အရေးကြီးသည်ဟု အသိအမှတ်ပြုပါသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဦးတည်ကြိုးပမ်းလျက်ရှိရာတွင် မီဒီယာ၏အခန်းကဏ္ဍကို များစွာအရေးထားလျက်ရှိပါသည်။ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များ၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များအတွက် အနှောင့်အယှက်ဖြစ်စေမည့် ပဋိပက္ခအကဲဆတ်မှုများ၊ သတင်းမှားများ၊ အမုန်းစကားများ၊ မျှတမှုမရှိသည့် တစ်ဖက်သတ်သတင်းဖော်ပြမှုများကိုလည်း ကျင့်ဝတ်နှင့်အညီ စောင့်ထိန်းကျင့်သုံးပေးကြရန် လိုအပ်ပါသည်။

ယနေ့အချိန်အခါတွင် မီဒီယာ၏အခန်းကဏ္ဍမှာ သိသိသာသာ ပြောင်းလဲသွားပြီဖြစ်ပါသည်။ မီဒီယာသည် အစိုးရကို ဝေဖန်ထောက်ပြသူ၊ လူတစ်ဦးချင်း၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သူ၊ လူ့အဖွဲ့အစည်းအရေးကို ပိုမိုအာရုံစိုက်တတ်လာစေရန်အတွက် ပြည်သူလူထုကို အသိပညာပေးသူ၊ ပြည်သူလူထုနှင့် အစိုးရအကြား ပေါင်းကူးပေးသူစသည့် တာဝန်များကိုလည်း ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

ပြည်သူ့အစိုးရအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် စိန်ခေါ်မှုများကြားက နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အဖွဲ့အစည်းအတွင်း တရားမျှတရေးနှင့် နိုင်ငံသားအခွင့်အရေးများ မဆုံးရှုံးစေရေး စသည့် အခြေခံကောင်းများ ရရှိတည်တံ့စေရန် ကြိုးပမ်းလျက်ရှိပါသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၏ အားဖြစ်သော မီဒီယာများအနေဖြင့်လည်း သတင်းအချက်အလက် တိကျမှန်ကန်မှုရှိရေး၊ ပဋိပက္ခဖြစ်စေနိုင်သော လှုံ့ဆော်ရေးသားမှုနှင့် သတင်းရေးသားသူ၏ ထင်မြင်ယူဆချက်နှင့် အာဘော်လုံးဝမပါရှိစေရေးတို့ကို စိစစ်ရွေးချယ်ဖော်ပြခြင်းဖြင့် ပြည်သူလူထု လိုလားတောင့်တနေသော ဒီမိုကရေစီခရီးကို အထောက်အပံ့ပေးစေလိုပါသည်။

စာနယ်ဇင်းသမားများအနေဖြင့်လည်း မိမိတို့၏ မီဒီယာဆိုင်ရာ အရည်အသွေးများကို အစဉ်တစိုက် ကြိုးပမ်းမြှင့်တင်ကြပြီး ဒီမိုကရေစီရေးကိုကာကွယ်သော စာနယ်ဇင်းသမားများဖြစ်အောင် ကြိုးစားကြပါ။ ပြည်သူလူထုအကြား ဒီမိုကရေစီအသိပညာများ ပြန့်ပွားရန် ပံ့ပိုးကူညီကြ၍ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါဟု အလေးအနက် တိုက်တွန်းအပ်ပါသည်။

**ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**

# ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်း Phase – 1 Pre-Bid Conference အခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၂**

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေသော ရန်ကုန် မိုးပျံအမြန်လမ်းစီမံကိန်းအပိုင်း(၁)၏ Pre-Bid Conference ကို ယနေ့ နံနက် ၉ နာရီတွင်Hilton Hotel နေပြည်တော်၏ Grand Ballroom ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ International Finance Corporation (IFC) မှ တာဝန်ရှိသူများ၊ စီမံကိန်းအား ရင်းနှီးမြှုပ်နှံမည့် အရည်အချင်းပြည့်မီသော ကုမ္ပဏီအစုအဖွဲ့များနှင့် နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီအစုအဖွဲ့များနှင့် နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများက ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့အား သက်ဆိုင်ရာအဖွဲ့အလိုက် မိတ်ဆက်ကြသည်။

ထို့နောက် စီမံကိန်းအကြံပေးအဖွဲ့အစည်းဖြစ်သည့် IFC မှ ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်း အပိုင်း(၁)နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာကြသော ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီအဖွဲ့အစည်းများနှင့် နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုကို လျှော့ချနိုင်ရန်အတွက် အဓိက ရည်ရွယ်တည်ဆောက်မည်ဖြစ်သော ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။ အဆိုပါ စီမံကိန်းကို Public Private Partnership (PPP) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး စုစုပေါင်း အရှည်မှာ ၄၇ ဒသမ ၅ ကီလိုမီတာဖြစ်သည်။ Phase-1 အဖြစ် အရှေ့ဘက်ခြမ်း လေးလမ်းသွားလမ်းမကြီး ၁၉ ကီလိုမီတာ၊ အရှေ့နှင့်အနောက် ချိတ်ဆက်ထားသော လေးလမ်းသွား ၆ ကီလိုမီတာ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဆက်သွယ်ထားသော နှစ်လမ်းသွား ၂ ဒသမ ၅ ကီလိုမီတာ စုစုပေါင်း ၂၇ ဒသမ ၅ ကီလိုမီတာ အရှည်ရှိသည်။

ယခုအခါ အဆိုပါစီမံကိန်းအတွက် တင်ဒါဝင်ရောက်ယှဉ်ပြိုင်လိုသူများကို ရွေးချယ်ရန် ဆန်ခါတင် အရည်အသွေးပြည့်မီသည့် လျှောက်လွှာများ Request for Qualification (RFQ) တင်သွင်းစေပြီး လျှောက်လွှာ ၁၂ စောင်ကို လက်ခံရရှိခဲ့သည်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် လက်ခံရရှိထားသော လျှောက်လွှာ ၁၂ စောင်အား နိုဝင်ဘာလတွင် ဆန်ခါတင် အရည်အသွေးပြည့်မီမှုကို မူတည်၍ အကဲဖြတ်ခဲ့ရာ စီမံကိန်းအတွက် ဝင်ရောက်ယှဉ်ပြိုင်နိုင်သော အကျိုးတူအဖွဲ့အစည်း ၁၀ ခုကို ဒီဇင်ဘာလတွင် ဆန်ခါတင်ရွေးချယ်ခဲ့သည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ကြိုတင်အရည်အချင်း ပြည့်မီသည့် တင်ဒါယှဉ်ပြိုင်သူများအတွက် Request for Proposal (RFP) ကို ဆောင်ရွက်ခဲ့သည်။

ဆက်လက်ပြီး ၂၀၁၉ ခုနှစ် မေလ ၇၊ ၈ နှင့် ၉ ရက်နေ့များတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ IFC နှင့် အရည်အချင်းပြည့်မီသည့် တင်ဒါယှဉ်ပြိုင်သူများသည် One on One Meeting များ ဆောင်ရွက်မည်ဖြစ်သည်။ ဇွန်လတွင် တင်ဒါယှဉ်ပြိုင်သူများသည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းအဆိုပြုလွှာကို တင်သွင်းရမည်ဖြစ်ပြီး ဇူလိုင်၊ ဩဂုတ်လတွင် တင်ဒါအောင်မြင်သည့် ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီကို ထုတ်ပြန်သွားမည်ဖြစ်သည်။

၎င်းစီမံကိန်းကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် စတင်၍ တည်ဆောက်ရန် ရည်မှန်းထားပြီး သုံးနှစ်အတွင်း ပြီးစီးနိုင်မည်ဟု ခန့်မှန်းထားသည်။ ၎င်းစီမံကိန်း ဆောင်ရွက်ခြင်းအားဖြင့် ရန်ကုန်မြို့တွင်း၌ တွေ့ကြုံနေရသော ယာဉ်ကြောပိတ်ဆို့မှုပြဿနာများကို လျှော့ချပေးနိုင်မည့်အပြင် နိုင်ငံတော်၏ စီးပွားရေးအခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ကာ ပြည်သူလူထု၏ လူမှုဘဝလည်း မြင့်မားလာမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

◆ ရှေ့ဖုံးမှ

- စာနယ်ဇင်းကျင့်ဝတ်များနှင့်အညီ ထုတ်ဖော်ပြောဆို ရေးသားနေကြသည့် စာနယ်ဇင်းသမားများ ဘေးကင်းလုံခြုံရေးအတွက် မိမိတို့အားလုံး ဝိုင်းဝန်းပူးပေါင်းကာကွယ်ကြရမည်ဖြစ်သကဲ့သို့ စာနယ်ဇင်းကျင့်ဝတ်များကို ချိုးဖျက်ခြင်းများမရှိစေရန်လည်း ဝိုင်းဝန်းပြုပြင်တည့်မတ်ပေးကြရမည်ဖြစ်
- ပြည်သူအများ အသိအမြင်လွဲမှားကာ ပဋိပက္ခများ ဖြစ်ပေါ်စေသည့် သတင်းအမှားများ ထုတ်လွှင့်ခြင်းနှင့် သတင်းအတုအယောင်များ ဖန်တီးခြင်းများကို ဟန့်တားကာကွယ်ရန် လိုအပ်သကဲ့သို့ ပြည်သူများ အလွယ်တကူလှည့်ဖြားခြင်း မခံရစေရန်အတွက်လည်း မီဒီယာဆိုင်ရာ သိနားလည်မှုနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုများ တိုးမြှင့်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို

သိမြင်နားလည်မှု တိုးမြင့်စေရန်နှင့် Windhoek ကြေညာစာတမ်းနှင့် ၁၉၄၈ ခုနှစ် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၁၉ (Universal Declaration of Human Rights, Article 19) ပါ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုကို လေးစားကျင့်သုံးနိုင်ရန်ဆိုသည့် ရည်ရွယ်ချက်များနှင့် ကျင်းပခဲ့ခြင်း ဖြစ်သည်။ ယင်းအခမ်းအနားများကို ၁၉၉၃ ခုနှစ်မှ စတင်၍ နှစ်စဉ် မေလ (၃) ရက်နေ့ရောက်တိုင်း ကျင်းပ ပြုလုပ်ခဲ့ရာ ယခုနှစ်ဆိုလျှင် (၂၆) ကြိမ် ရှိခဲ့ပြီဖြစ်ပါသည်။

ယခုနှစ်ကျင်းပပြုလုပ်သည့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အထိမ်းအမှတ်အဖြစ် **“ဒီမိုကရေစီရေးအတွက် သတင်းမီဒီယာ၏အခန်းကဏ္ဍ (သတင်းမှားထုတ်လွှင့်မှုများပြားလာသည့်ကာလ ရွေးကောက်ပွဲများနှင့် သတင်းစာပညာ) (Media for Democracy: Journalism and Elections in Times of Disinformation)”** ဆိုသည့် ဆောင်ပုဒ်ကို ရွေးချယ်သတ်မှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ဆယ်စုနှစ်ပေါင်းများစွာကြာအောင် စာနယ်ဇင်းလွတ်လပ်ခွင့် အပါအဝင် နိုင်ငံရေးအခွင့်အရေးများစွာဆိတ်သုဉ်းပျောက်ကွယ်ခဲ့ပြီး ယနေ့ကာလကဲ့သို့ လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုနိုင်သည့် အခြေအနေမျိုးသို့ ရောက်ရှိအောင် ရင်းနှီးပေးဆပ်မှုများစွာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရကြောင်းကို ကောင်းစွာအမှတ်ရကြမည်ဟု ယူဆပါသည်။ ယင်းသို့ အားထုတ်ကြိုးပမ်းခဲ့ခြင်းကြောင့်သာ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် အခြေချမိခဲ့ပြီး၊ ပြည်သူတို့အနေဖြင့် စာနယ်ဇင်းလွတ်လပ်ခွင့်အပါအဝင် ရပိုင်ခွင့် လွတ်လပ်ခွင့်များကို ကျင့်သုံးခံစားနေကြရခြင်း ဖြစ်သည်။

ဒီမိုကရေစီရေးလှုပ်ရှားမှု ကာလတစ်လျှောက် သိက္ခာ၊ သမာဓိ၊ ပညာ၊ သတ္တိတို့ဖြင့် သတင်းလွတ်လပ်မှန်ကန်ရေးအတွက် ကြိုးပမ်းခဲ့ကြသူအားလုံး၏ စွမ်းဆောင်ချက်များကို မမေ့မလျော့ ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ယနေ့အခမ်းအနားတွင် အလေးအနက်ပြောကြားလိုပါသည်။ ဒီမိုကရေစီ အမြစ်တွယ်ခိုင်မာစေရေးနှင့် လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုနိုင်မှုများ ပြန်လည်ဆိတ်သုဉ်းမသွားစေရေးတို့အတွက်လည်း ဆက်လက်ဝိုင်းဝန်း ပါဝင်ပေးကြပါရန် တိုက်တွန်းလိုပါသည်။

ယနေ့အချိန်တွင် ကမ္ဘာတစ်ဝန်း၌ သတင်းမှားများ၊ သတင်းအတုအယောင်များ၊ ကောလာဟလသတင်းများ၊ အမုန်းစကားများ၊ ပဋိပက္ခကိုလှုံ့ဆော်သည့် ရေးသားချက်များသည် နိုင်ငံတကာလူ့အဖွဲ့အစည်းအသီးသီးတို့၏ တည်ငြိမ်မှုနှင့် အေးချမ်းသာယာမှုတို့အား ခြိမ်းခြောက်နှောင့်ယှက်လျက်ရှိသည်ကို အားလုံးမြင်တွေ့ရမည်ဖြစ်သည်။

အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းစနိုင်ငံများအနေနှင့် ပေါ်ထွန်းစလွတ်လပ်ခွင့်များကို အလွဲသုံးစားပြုလုပ်ခြင်းကြောင့် ပေါ်ပေါက်လာမည့် ပဋိပက္ခများ၊ မငြိမ်းချမ်းမှု၊ မတည်ငြိမ်မှုများ ကြီးထွားမလာစေရန် အထူးသတိထား ဆောင်ရွက်နေရသည့် အချိန်အခါဖြစ်ပါသည်။ ယင်းအခြေအနေမျိုးတွင် စာနယ်ဇင်းသမားများအနေဖြင့် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း တရားသေအစွဲအလမ်းများ၊ တစ်ဖက်စောင်းနင်းအတွေးအခေါ်များ လျော့ပါးကာ ကြောင်းကျိုးသင့်မြတ်စဉ်းစားတတ်သည့် အလေ့အထများ ထွန်းကားရန်နှင့် ငြိမ်းချမ်း၍တရားမျှတသော၊ အားလုံးတန်းတူညီမျှပါဝင်ခွင့်ရသော လူမှုအသိုင်းအဝိုင်းများ ဖြစ်ပေါ်လာအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် အလေးအနက်တိုက်တွန်းလိုပါသည်။ သို့မှသာ မိမိတို့အားလုံး မျှော်မှန်းတောင့်တနေသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို မကြာမြင့်သောကာလတွင် အတူတကွ အောင်မြင်စွာ တည်ဆောက်နိုင်ကြမည် ဖြစ်ပါသည်။

ယနေ့အခမ်းအနားတွင် သတင်းစာဆရာကြီးများအနေဖြင့် စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုင်ရာ ပြဿနာများအား ဖြေရှင်းဆောင်ရွက်သည့်နည်းတူ သတင်းသမားများ စာနယ်ဇင်းကျင့်ဝတ်များ လေးစားလိုက်နာရေး၊ ထိန်းသိမ်းမြှင့်တင်ရေးကိုလည်း ဂရုပြုဆောင်ရွက်ပေးကြရန် အထူးတိုက်တွန်းလိုပါသည်။ စာနယ်ဇင်းကျင့်ဝတ်များနှင့်အညီ ထုတ်ဖော်ပြောဆိုရေးသားနေကြသည့် စာနယ်ဇင်းသမားများ ဘေးကင်းလုံခြုံရေးအတွက် မိမိတို့အားလုံး ဝိုင်းဝန်းပူးပေါင်းကာကွယ်ကြရမည်ဖြစ်သကဲ့သို့ စာနယ်ဇင်းကျင့်ဝတ်များကို ချိုးဖျက်ခြင်းများမရှိစေရန်လည်း ဝိုင်းဝန်းပြုပြင် တည့်မတ်ပေးကြရမည်ဖြစ်သည်။ ပြည်သူအများ အသိအမြင် လွဲမှားကာ ပဋိပက္ခများ ဖြစ်ပေါ်စေသည့် သတင်းအမှားများ ထုတ်လွှင့်ခြင်းနှင့် သတင်းအတုအယောင်များ ဖန်တီးခြင်းများကို ဟန့်တားကာကွယ်ရန် လိုအပ်သကဲ့သို့ ပြည်သူများ အလွယ်တကူလှည့်ဖြားခြင်း မခံရစေရန်အတွက်လည်း မီဒီယာဆိုင်ရာ သိနားလည်မှုနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုများ တိုးမြှင့်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုပါသည်။

နိဂုံးချုပ်အနေဖြင့် မြန်မာ့ဒီမိုကရေစီကူးပြောင်းမှု ဖြစ်စဉ်၌ တက်ကြွစွာပါဝင်ခဲ့ကြသည့် သတင်းစာဆရာကြီးများကို ယနေ့ကျရောက်သည့် ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့ အခမ်းအနားတွင် ချီးကျူးမှတ်တမ်းတင်အပ်ပါကြောင်း ထပ်လောင်းပြောကြားရင်း၊ မြန်မာနိုင်ငံအတွင်း လွတ်လပ်မှု၊ ငြိမ်းချမ်းမှု၊ သာယာဝပြောမှုများပြည့်ဝစေရေးနှင့် မတရားမှု၊ မမျှတမှု၊ မငြိမ်းချမ်းမှုများ လျော့ပါးကွယ်ပျောက်ရေးတို့အတွက် စာနယ်ဇင်းသမားတို့က ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် အလေးအနက် တိုက်တွန်းမေတ္တာရပ်ခံအပ်ပါသည်။


**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လာအိုပြည်သူ့တပ်မတော်၊ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲအား လက်ခံတွေ့ဆုံ


**နေပြည်တော် မေ ၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် လာအိုပြည်သူ့တပ်မတော်၊ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ Major General Pasith Thiengtham အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဗေဇ္ဇာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-လာအို နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်မှု၊ မြန်မာနိုင်ငံ၏ ပိုင်နက်နယ်မြေကို အခြေပြု၍ အိမ်နီးချင်းနိုင်ငံများ၏ အကျိုးစီးပွားနှင့် တည်ငြိမ်အေးချမ်းမှုကို ထိခိုက်အောင် လုပ်ဆောင်မည့်အဖွဲ့အစည်း၊ လုပ်ရပ်မှန်သမျှကို လုံးဝခွင့်ပြုမည်မဟုတ်ဘဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်နှင့်အညီ ရပ်တည်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ တပ်မတော်အကြီးအကဲများ ချစ်ကြည်ရေးခရီးအပြန်အလှန် သွားရောက်နိုင်မှု၊ မဲခေါင်မြစ် လုံခြုံရေးအပါအဝင် နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေးနှင့် မူးယစ်ဆေးဝါးကာကွယ်တားဆီးနှိမ်နင်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှု၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် နှစ်ဖက်သတင်းဖလှယ်ရေးကိစ္စရပ်များ၊ ထေရဝါဒဗုဒ္ဓဘာသာ တည်တံ့ပြန့်ပွားရေးအတွက် သံဃာတော်များ အပြန်အလှန် သာသနာတော်ထွန်းကားပြန့်ပွားရေးခရီးစဉ်များ ဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံမှ စာချသံဃာတော်များ လာအိုနိုင်ငံသို့ ပင့်ဖိတ်နိုင်ရေး၊ သာသနာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်မည့် အခြေအနေ၊ တပ်မတော်ယဉ်ကျေးမှုအဖွဲ့၊ ဆေးအဖွဲ့၊ အားကစားအဖွဲ့များနှင့် အောက်ခြေအဆင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ရေတပ်၊ လေတပ်ဆိုင်ရာ နည်းပညာရပ်များ အပြန်အလှန် ဖလှယ်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအိုပြည်သူ့တပ်မတော်၊ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ Major General Pasith Thiengtham အား လက်ခံတွေ့ဆုံစဉ်။** ဓာတ်ပုံ-တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်) ကူးမား အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူးမား အား ယနေ့နံနက် ၁၁ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ သင်တန်းဆိုင်ရာကိစ္စရပ်များ၊ ပင်လယ်ရေကြောင်း လုံခြုံရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံရေတပ်များအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူးမား အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာသန်းမြင့်


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာအောင်သူ


ပြည်ထောင်စုဝန်ကြီး
ဦးဝင်းခိုင်


ပြည်ထောင်စုဝန်ကြီး
ဦးအုန်းမောင်

✻ *ရှေ့စာမှ*

ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ လုပ်ငန်းကော်မတီ(၅)ရပ်မှ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**လုပ်ငန်းကော်မတီ (၅)ခု ဖွဲ့စည်း**

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ယနေ့ကျင်းပသည့်အစည်းအဝေးမှာ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နဝမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ပါ ကိစ္စရပ်များအား ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် နိုင်ငံတော်သမ္မတရုံးက ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၇၉/၂၀၁၆ ဖြင့် လုပ်ငန်းတာဝန် (၅)ရပ် ချမှတ်ကာ အဖွဲ့ဝင် (၂၀)ဖြင့် ဖွဲ့စည်းခဲ့ပြီး ယခုအခါ သက်တမ်းအားဖြင့် (၂)နှစ်ခွဲရှိပြီဖြစ်ပါကြောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန် (၅)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ (၅)ခုကို ဖွဲ့စည်းပြီး လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၁၇ ခုနှစ်အတွင်း (၄)ကြိမ်၊ ၂၀၁၈ ခုနှစ်အတွင်း (၃)ကြိမ်နှင့် ယခုအကြိမ်သည် ၂၀၁၉ ခုနှစ်အတွင်းတွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပါကြောင်း၊ ပထမအကြိမ်မှ အဋ္ဌမအကြိမ်အထိ အစည်းအဝေးဆုံးဖြတ်ချက် စုစုပေါင်း ၆၉ ချက်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအချက် ၆၄ ချက်နှင့် ဆောင်ရွက်ဆဲ (၅)ချက် ရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ ဆောင်ရွက်ဆဲ (၅)ချက်ကိုလည်း အမြန်ပြီးပြတ်အောင် အချိန်ကာလသတ်မှတ်ပြီး ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

**လစဉ်ပုံမှန် တွေ့ဆုံ**

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ကုန်သွယ်မှုကဏ္ဍသည် အရေးကြီးသောအခန်းကဏ္ဍတွင်တည်ရှိပြီး အဆိုပါကုန်သွယ်မှုကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍသည် ၈၀ ရာခိုင်နှုန်းနှင့် ၉၀ ရာခိုင်နှုန်းအကြား ပါဝင်နေသည်ကို ကိန်းဂဏန်းများအရ တွေ့ရပါကြောင်း၊ ထို့အပြင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံပြီး လုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၉ ခုနှစ်၊ ဧပြီလအထိ (၂၆)ကြိမ်တွေ့ဆုံခဲ့ပြီး (၂၅)ကြိမ်အထိ စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲအကြံပြုတင်ပြချက် စုစုပေါင်း ၃၃၉ ချက် အားလုံးကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှတစ်ဆင့် သက်ဆိုင်ရာစီးပွားရေး လုပ်ငန်းရှင်များထံသို့ အကြောင်း ပြန်ကြားပေးခဲ့ပြီးဖြစ်ကြောင်း။

**တိုးတက်မှု မြန်ဆန်လာအောင် အလေးထား ဆောင်ရွက်**

အဆိုပါပြန်ကြားချက်များအားလုံးတွင် အချို့အချက်များသည် အချိန်ယူ၍ ဆက်လက်ဆောင်ရွက်ပေးရမည့် လုပ်ငန်းများ ဖြစ်ပါကြောင်း၊ အဆိုပါဆက်လက်ဖြေရှင်း ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကိုလည်း လုပ်ငန်းကော်မတီ(၅)ရပ်မှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ဆွေးနွေးပွဲများပြုလုပ်၍ ပြီးပြတ်သည်အထိ အဆင့်ဆင့်ဖြေရှင်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်သည့် ကဏ္ဍအလိုက် အကောင်အထည်ဖော်ရာတွင် အချို့အချက်များသည် တိုးတက်မှုနှေးကွေးသည်ကို တွေ့ရှိရသည့်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိတို့ဆောင်ရွက်မည့်လုပ်ငန်းများ တိုးတက်မှု မြန်ဆန်လာအောင် အလေးထား ဆောင်ရွက်သွားကြရန် တိုက်တွန်း ပြောကြားလိုပါကြောင်း၊ ထို့ပြင် လုပ်ငန်းကော်မတီ (၅)ရပ် အနေဖြင့်လည်း မိမိတို့၏ လုပ်ငန်းတာဝန်များအလိုက် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်များကို စနစ်တကျရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း။

နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်လာမှုကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ရပ်တည်ရန်ခက်ခဲလာနိုင်သဖြင့် တရားမဝင် ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် (၉)ခုတွင် တရားမဝင် ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်နိုင်ရေးအတွက် အထူးအဖွဲ့များ ဖွဲ့စည်းပြီး ဖမ်းဆီးအရေးယူခဲ့ရာ ၂၀၁၉ ခုနှစ် မတ်လအထိ ဖမ်းဆီးအရေးယူမှု (၄၃၆)ကြိမ်၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၁၄၅ ဘီလီယံ ဖမ်းဆီးနိုင်ခဲ့ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတကာတွင် ဆောင်ရွက်သကဲ့သို့ အဆင်ပြေချောမွေ့စေရန်၊ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ဆောင်နိုင်မှုအဆင့်များ တိုးတက်လာစေရန်နှင့် ဝန်ကြီးဌာနများ အချင်းချင်း ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သည်များ အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ကို လုပ်ငန်းတာဝန် (၁၂)ချက် ချမှတ်ကာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်၍ ၁၃ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းအဖွဲ့အောက်တွင် ညွှန်းကိန်းတစ်ခုချင်းအလိုက် အထောက်အကူပြုအဖွဲ့ ၁၀ ဖွဲ့ကို ထပ်မံဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများကိုအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ထုတ်ပြန်မည့် Ease of Doing Business Ranking တွက်ချက်ရေးအတွက် ကမ္ဘာ့ဘဏ်က မေးလာသည့် မေးခွန်းများကို ၂၀၁၉ ခုနှစ် ဧပြီလကုန်တွင် အပြီးသတ်ဖြေကြားခဲ့သည့်အပြင် ၂၀၁၉ ခုနှစ် ဧပြီ ၃ ရက်၊ ၄ ရက်များတွင်လည်း သက်ဆိုင်ရာ ညွှန်းကိန်းအလိုက် အဖွဲ့များနှင့် ကမ္ဘာ့ဘဏ်ရုံးချုပ်မှ တာဝန်ရှိသူများ Video Conferencing ပြုလုပ်ခဲ့ကြသည်ဟု သိရပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဆောင်သည့်အဖွဲ့ကလည်း Action Plan to April ကို ချမှတ်ကာ အညွှန်းကိန်းအလိုက် အထောက်အကူပြုအဖွဲ့များတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် (၂၇)ခု ချမှတ်ပြီး ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါကြောင်း။

**ကာလတို၊ ကာလရှည်သတ်မှတ်**

ယခုကဲ့သို့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အလေးထား ဆောင်ရွက်နေရခြင်းမှာ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့ဘဏ်က ထုတ်ပြန်မည့် Doing Business အစီရင်ခံစာအတွက် ဖြစ်သလို Ease of Doing Business လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် တိုးတက်လာစေရန်အတွက်လည်း ဖြစ်ပါကြောင်း၊ ယခုလို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန အသီးသီးအနေဖြင့် သက်ဆိုင်ရာ အညွှန်းကိန်းများအလိုက် ပြုပြင်ပြောင်းလဲမှုများကို ကာလတို၊ ကာလရှည်သတ်မှတ်ပြီး အောင်မြင်အောင် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

သို့မှသာ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်ရေး၊ သိုလှောင်ရုံဆောက်လုပ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ချေးငွေရရှိရေး၊ အခွန်ပေးဆောင်ရေး စသည့်ကိစ္စရပ်များကို အချိန်တိုအတွင်း ကုန်ကျစရိတ်အနည်းဆုံးဖြင့် လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် Ease of Doing Business Ranking တိုးတက်ရေးအတွက် ဆက်စပ်သည့် ဌာနများအားလုံးအနေဖြင့် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများကို ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲရန်၊ လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက် နည်းပညာသစ်များကို အသုံးပြု၍ ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်သွားရန်၊ နိုင်ငံတော်အစိုးရမှ ဆုံးဖြတ်ချက်များချမှတ်ကာ ဆောင်ရွက်နေမှုများကို ဌာနဆိုင်ရာများနှင့် ပြည်သူများအားလုံး ကျယ်ပြန့်စွာ သိရှိနိုင်ရေး ဆောင်ရွက်သွားရန်နှင့် အစည်းအဝေးဆုံးဖြတ်ချက်များကိုလည်း လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ထို့အပြင် လာမည့် ၂၀၂၀ ခုနှစ်တွင်ထုတ်ပြန်မည့် Doing Business အစီရင်ခံစာအတွက် လိုအပ်သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် (Reform Action Plan) များကိုလည်း သက်ဆိုင်ရာ ကဏ္ဍအလိုက် ကြိုတင် ဆောင်ရွက်ထားကြရန် ပြောကြားလိုပါကြောင်း။

**အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်**

နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်နေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများအနေနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရာတွင် ဒေသတွင်းနိုင်ငံများတွင် လုပ်ဆောင်နေသည့် အောင်မြင်သည့် နည်းစနစ်များ၊ စံနှုန်းများကို လေ့လာအတုယူပြီး မိမိဝန်ကြီးဌာန အဖွဲ့အစည်းအတွင်းတွင်လည်း ပြုပြင်ပြောင်းလဲသင့်သည့်ကိစ္စရပ်များကို ပြုပြင်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ပြုပြင်ပြောင်းလဲသည့်နေရာတွင်လည်း မိမိတို့ဝန်ကြီးဌာနစံနှုန်းဖြင့် တိုင်းတာခြင်းထက် နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြောင်းလဲတိုးတက်အောင် ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် Ease of Doing Business Ranking တိုးတက်စေရေးအတွက် ယနေ့ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ လုပ်ငန်းကော်မတီ (၅)ရပ်မှ တာဝန်ရှိသူများ၊ Ease of Doing Business Ranking တိုးတက်စေရေးလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် လိုအပ်သည့်အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကုန်သွယ်မှုဆိုင်ရာ အခွင့်အလမ်းများနှင့် အခက်အခဲများ၊ နယ်စပ်ကုန်သွယ်မှု အခြေအနေနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက အဋ္ဌမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်က "အခြေခံ လူသားအရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းကော်မတီ"နှင့်စပ်လျဉ်း၍လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက "ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ"နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်က "ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်တိုးတက်ကောင်းမွန်စေရေးလုပ်ငန်းကော်မတီ" နှင့်စပ်လျဉ်း၍ လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်ထူးက "ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီ" နှင့်စပ်လျဉ်း၍လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်က "စီးပွားရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် နိုင်ငံ၏ အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေး လုပ်ငန်းကော်မတီ"နှင့် စပ်လျဉ်း၍ လည်းကောင်း၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီများအလိုက် ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော အခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ဆောင်ရွက်နေမှုများနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးနေမှုအခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ကမ္ဘာလှည့်ခရီးသွားများ ပိုမိုဝင်ရောက်မှု အခြေအနေနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်သည့် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေပိုင်းဆိုင်ရာအကြံပြုချက်များကို ဆောင်ရွက်ပေးနေမှု အခြေအနေများကို လည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေရရှိနိုင်ရေး ဆောင်ရွက်ပေးနေမှု အခြေအနေနှင့် ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် ချေးငွေရရှိရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း အကြံပြုဆွေးနွေးကြသည်။

ထို့နောက် Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက Doing Business Ranking နှစ်အလိုက် ရရှိမှုအခြေအနေနှင့် အဆင့်တိုးတက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် Doing Business အစီရင်ခံစာနှင့် ပတ်သက်၍ ညွှန်းကိန်းနယ်ပယ်အလိုက် ဆက်လက်ဆွေးနွေးတင်ပြရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်လွင်၊ ပြည်တွင်းအခွန်များဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာကြည်ညွှန့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဝင်းမောင်၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် ဒေါ်မေတိုးဝင်း၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးတို့က ၎င်းတို့နှင့် သက်ဆိုင်သည့် ညွှန်းကိန်းနယ်ပယ်အလိုက် Ease of Doing Business Ranking တိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၂

**e-Government အကောင်အထည် ဖော်ရေးလုပ်ငန်းကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာနရုံးအမှတ် (၂)တွင် ပြုလုပ်ရာ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် ကော်မတီဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်တို့ တက်ရောက်အမှာစကား ပြောကြားသည်။**




**ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

### ထိထိရောက်ရောက် ဆောင်ရွက်

e-Government အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက အဖွင့်အမှာစကားပြောကြားရာတွင် e-Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်သွားနိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၄/၂၀၁၈ ဖြင့် " e-Government ဦးဆောင်ကော်မတီ" ကို လုပ်ငန်းတာဝန် (၅) ရပ် ချမှတ်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုတိယသမ္မတတို့မှ ဦးဆောင်၍ ၄၆ ဦးဖြင့်လည်းကောင်း၊ "e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ" ကို လုပ်ငန်းတာဝန် (၅) ရပ် ချမှတ်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဦးဆောင်၍ ၄၅ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီသည် ဦးဆောင်ကော်မတီက ချမှတ်လိုက်သည့် မူဝါဒ၊ လမ်းညွှန်ချက်များကို ထိရောက်အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ပေါင်းစပ်ညှိနှိုင်းခြင်းများ၊ ကွပ်ကဲကြပ်မတ်ခြင်းများကို အဓိကထား လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဇွန် ၁၂ ရက်တွင် e-Government အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီအနေဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ထိထိရောက်ရောက် သွက်လက်စွာဖြင့် လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဆပ်ကော်မတီ ရှစ်ခုကို ဖွဲ့စည်းထားခဲ့ပြီးဖြစ်ပါကြောင်း။

### ပြည်သူများမှာ အဓိကဖြစ်

e-Government အကောင်အထည်ဖော်ရာ၌ ထည့်သွင်းစဉ်းစားရမည့် အချက် (၃) ချက်ရှိပါကြောင်း၊ ယင်းတို့မှာ People, Process, Technology တို့ဖြစ်ပါကြောင်း၊ ပထမအချက်အနေဖြင့် ဝန်ဆောင်မှုပေးရမည့် ဝန်ထမ်းများ၊ မူဝါဒချမှတ်ပေးရမည့်ခေါင်းဆောင်ပိုင်း၊ စီမံခန့်ခွဲရမည့် ဌာနအကြီးအကဲများ၊ ဝန်ဆောင်မှုကို ရယူသုံးစွဲမည့် ပြည်သူများပါဝင်သည့် People ဖြစ်ပါကြောင်း၊ e-Government အောင်မြင်ရန်အတွက် ၎င်းအချက်မှာ (၄၀) ရာခိုင်နှုန်း ပါဝင်သည်ဟု ပညာရှင်များက သတ်မှတ်ထားကြပါကြောင်း၊ သက်ဆိုင်ရာအစိုးရဌာနများ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်သကဲ့သို့ ခေါင်းဆောင်ပိုင်းဖြစ်သည့် ဌာနအကြီးအကဲများ၏ ဆောင်ရွက်လိုစိတ်ကလည်း အရေးကြီးပါကြောင်း၊ ဒုတိယအချက်အနေဖြင့် လုပ်ငန်းစဉ်တွင် သမားရိုးကျလုပ်ထုံးလုပ်နည်းများကိုဆန်းစစ်ပြီး ဖြေလျှော့သင့်သည်တို့ကို ဖြေလျှော့ခြင်း၊ ပြုပြင်ပြောင်းလဲခြင်းများကို ဆောင်ရွက်ရန်ဖြစ်သည့် Process ဖြစ်ပြီး e-Government အောင်မြင်ရန်အတွက် ယင်းအချက်မှာ (၄၀) ရာခိုင်နှုန်းခန့် အရေးပါကြောင်းကိုလည်း ပညာရှင်များက သတ်မှတ်ထားကြပါကြောင်း၊ တတိယအချက်ဖြစ်သော နည်းပညာအနေနှင့် e-Government အောင်မြင်ပြီးနိုင်ငံတကာ၏ အတွေ့အကြုံကောင်းများကို လေ့လာပြီး အစိုးရ၏ လုပ်ငန်းစဉ်များမှ မည်သည့်လုပ်ငန်းစဉ်များအတွက် မည်သို့သော ခေတ်မီနည်းပညာများကို အဆင်သင့်ရယူအသုံးချသွားနိုင်ရန်ဖြစ်သည့် Technology ဖြစ်ပြီး (၂၀) ရာခိုင်နှုန်းသာပါဝင်သည်ဟု သတ်မှတ်ထားကြတာကို တွေ့ရပါကြောင်း၊ e-Government အောင်မြင်ရန် နည်းပညာ အတားအဆီးမဟုတ်ဘဲ တာဝန်ခံမှုရှိသည့် ခေါင်းဆောင်မှု၊ ဝန်ဆောင်မှုပေးလိုစိတ်၊ တာဝန်ယူလိုစိတ်ရှိသည့်ဝန်ထမ်းများနှင့် သုံးစွဲလိုစိတ်ရှိသော ပြည်သူများမှာ အဓိကဖြစ်ကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၏ ဆောင်ရွက်လိုစိတ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် ပို၍အရေးကြီးကြောင်း။

### ဖြေရှင်းနိုင်ရန် ဝိုင်းဝန်းဆောင်ရွက်

ထို့ပြင် မြန်မာနိုင်ငံတွင် အစိုးရဌာနများ အပါအဝင် ကွန်ပျူတာသုံးစွဲသူများ၏ ၉၀ ရာခိုင်နှုန်းခန့်မှာ တရားဝင်လိုင်စင်မရှိသေးသည့် Software များ၊ Windows Operating System နှင့် Office Application များကို အသုံးပြုနေကြသည်ကို တွေ့ရသည့်အတွက် Cyber Security နှင့် ပတ်သက်၍ အစိုးရဌာနများ၏ သတင်းအချက်အလက်များ လုံခြုံမှုရှိစေရေး တရားဝင် License များရယူ၍ အသုံးပြုသွားရန် လိုအပ်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ကျင်းပသည့် အစည်းအဝေးတွင် သက်ဆိုင်ရာဆပ်ကော်မတီ၊ ဌာနများမှ ဝယ်ယူဖြန့်ဖြူးပေးမည့် အစီအမံများကို တင်ပြပြီး အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ ဌာနအသီးသီးတွင်လည်း e-Government ကို အကောင်အထည်ဖော်ဆောင်သွားရန်အတွက် HR အခက်အခဲနှင့် တိုက်တွန်းအားပေးမှုများ လိုအပ်နေသေးသည်ကို သိရှိရပါကြောင်းနှင့် ဖြေရှင်းနိုင်ရန် ဝိုင်းဝန်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ဈေးနှုန်းသက်သာစွာ အသုံးပြုနိုင်ရန်

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က Single Window ဖြစ်သည့် Myanmar National Portal ကို လွှင့်တင်ထားပြီး ဖြစ်ပါကြောင်း၊ ပြည်သူလူထုအနေဖြင့် မြန်မာနိုင်ငံရှိ အစိုးရအဖွဲ့အစည်း အသီးသီး၏ ဝန်ဆောင်မှုများ၊ online service များ၊ သတင်းအချက်အလက်များကို ရိုးရှင်းလွယ်ကူစွာ ရယူအသုံးပြုနိုင်ပြီဖြစ်ပါကြောင်း၊ Tender, News, Jobs & Vacancies, Services နှင့် အစိုးရ၏ သတင်းအချက်အလက်များအား ပိုမိုအသုံးပြုမှုများပြားသည်ကို တွေ့ရှိရပါကြောင်း၊ ပြည်သူလူထုကပိုပြီးကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး အသုံးပြုလာနိုင်အောင် လိုအပ်သည့် Digital Marketing လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အစိုးရဌာနများ၏ Server များကို Co-location ထားရှိနိုင်ရန်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက နေပြည်တော်တွင် Data Center တစ်ခုအား တည်ဆောက်ထားပေးပြီးဖြစ်ပါကြောင်း၊ ယခု Data Center မှာ Facility များအဖြစ် Backup Power System, Precision Cooling System, CCTV NVR System, Fire Fighting System, Network Monitoring System, Firewall Security Service များကို 24/7 Service ဆောင်ရွက်ပေးထားသည့်အပြင် အစိုးရဌာနများ၏ e-Government လုပ်ငန်းများ ဖွံ့ဖြိုးလာစေရေးရည်ရွယ်ပြီး ဈေးနှုန်းသက်သာစွာ အသုံးပြုနိုင်ရန် စီစဉ်ပေးထားသည့်အတွက် အစိုးရဌာနများအနေဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ လက်ရှိ Data Center ဝန်ဆောင်မှုများကို ရယူအသုံးပြုသွားကြရန် လိုအပ်ကြောင်း။

ထို့အပြင် e-Government လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် e-Government Integrated Data Center (eGIDC) စီမံကိန်းကို ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (EDCF) ချေးငွေနှင့် တည်ဆောက်သွားနိုင်ရန်အတွက် ၂၀၁၉ ခုနှစ် ဧပြီလတွင် Korea EXIM Bank Mission အဖွဲ့သည် မြန်မာနိုင်ငံသို့ လာရောက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ Loan Agreement ရေးထိုးနိုင်ရေး ကိစ္စများနှင့် eGIDC စီမံကိန်းအတွက် ဆောင်ရွက်ရမည့် Advanced Action Plan များ စတင်ဆောင်ရွက်ရန်ကိစ္စများကို ညှိနှိုင်းသဘောတူခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် Online နှင့် IT ဝန်ဆောင်မှုများ ရေရှည်ဖော်ဆောင်ရွက်သွားနိုင်ရန် Cyber Law နှင့် Policy များကို လိုအပ်လျက်ရှိပါကြောင်း၊ သို့ပါ၍ Cyber Law (မူကြမ်း)ကို ပြုစုလျက်ရှိရာ အဆိုပါ Cyber Law (မူကြမ်း)တွင် Cyber Security, e-Government, e-Commerce နယ်ပယ်တို့နှင့် သက်ဆိုင်သောဥပဒေ၊ မူဝါဒများ ထည့်သွင်း ရေးဆွဲသွားမည်ဖြစ်ပါသောကြောင့် ကောင်းမွန်ပြည့်စုံ၍ မြန်မာနိုင်ငံနှင့် သင့်လျော်ကိုက်ညီမှုရှိစေမည့် Cyber Law တစ်ခု ဖြစ်ပေါ်လာစေရေး သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းများက တက်တက်ကြွကြွ ဝိုင်းဝန်းပူးပေါင်းအကြံပြုပေးပါရန် တိုက်တွန်းပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ e-ID စနစ်လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ Microsoft Windows Operating System နှင့် Office Application System တို့ကို အစိုးရဌာနများက လိုင်စင်ဖြင့် အသုံးပြုရေး၊ e-Government Secure e-Mail System နှင့် PKI (Public Key Infrastructure) အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ကွန်ပျူတာသုံး မြန်မာစာစနစ်တွင် Non-Unicode စနစ်များမှ မြန်မာ Unicode စနစ်သို့ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက် နောက်ဆုံးထား၍ ပြောင်းလဲသုံးစွဲနိုင်စေရေး Migration ပြုလုပ်နိုင်ရန်အတွက် awareness ဆောင်ရွက်မည့် အစီအစဉ်များ၊ Data Policy and Data Classification ဆိုင်ရာမူဝါဒကို နှစ်လအတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအမံများ၊ SIM Registration နှင့်ပတ်သက်၍ Comon Database ပြုလုပ် ဆောင်ရွက်မည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

**သတင်းစဉ်**

---

## အသိပေးကြေညာချက်

**၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်**

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၄၀ (င) နှင့် ပုဒ်မ ၆၂ တို့အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်တွင်းသုံးငွေကို တစ်ဦးတည်းထုတ်ဝေသူနှင့် စီမံခန့်ခွဲသူ ဖြစ်ပါသည်။

၂။ ယခုအခါ Digital Currency များဖြစ်သော Cryptocurrency: Bitcoin (BTC)၊ Litecoin (LTC)၊ Ethereum (ETH) နှင့် Perfect Money (PM) အစရှိသည်တို့အား personal Facebook account များ၊ web page များမှ တစ်ဆင့် ရောင်း/ဝယ်၊ လဲလှယ်မှုများအား မိမိကိုယ်တိုင်အတွက်သော်လည်းကောင်း၊ ဝန်ဆောင်မှုပေးသည့် ပုံစံဖြင့်သော်လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၃။ Cryptocurrency အပါအဝင် Digital Currency များအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က တရားဝင်ငွေကြေးအဖြစ် သတ်မှတ်ထားခြင်းမရှိသကဲ့သို့ ယင်းကို ရောင်း/ဝယ် လဲလှယ်ခြင်းများ ဆောင်ရွက်ရန် ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ခွင့်ပြုထားခြင်း မရှိပါ။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုထားခြင်းမရှိသော Cryptocurrency အပါအဝင် Digital Currency များအား online မှတစ်ဆင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း ရောင်း/ဝယ်၊ လဲလှယ်မှုများ ဆောင်ရွက်ပါက သုံးစွဲဆောင်ရွက်သူများတွင် ဆုံးရှုံးနိုင်ခြေရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

---

## တိုင်းရင်းသားအခွင့်အရေးများဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းသားရေးရာအခြေခံအချက်များ ကောက်ယူခြင်းဆောင်ရွက်

**အမ်း မေ ၂**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်၌ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ စီမံကိန်းရေးဆွဲရန်အတွက် တိုင်းရင်းသားအခွင့်အရေးများဆိုင်ရာပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းသားရေးရာ အခြေခံအချက်များ ကောက်ယူခြင်းကို မေ ၁ ရက်က ရွှေအမ်းတောင်ခန်းမ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်က တိုင်းရင်းသားလူမျိုးများအားလုံးအခွင့်အရေးများကို အပြည့်အဝရရှိရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေး၊ ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးရုံးတာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းဦးက ဝန်ကြီးဌာနအကြောင်း မိတ်ဆက်ခြင်း၊ တိုင်းရင်းသားရေးရာအခြေခံအချက်များကောက်ယူရခြင်းအား ရှင်းလင်းပြောကြားခဲ့ပြီး ဦးစီးအရာရှိ ဒေါ်မီမီဝင်းရွှေက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရှင်းလင်းပြောကြားသည်။

တိုင်းရင်းသားအခွင့်အရေးများဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းသားရေးရာ အခြေခံအချက်များကောက်ယူခြင်းသို့ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တိုင်းရင်းသားလူမျိုးများ ၉၀ ခန့် တက်ရောက်ပြီး တိုင်းရင်းသားရေးရာ အခြေခံအချက်အလက်များ ကောက်ယူခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ


ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ရှင်းလင်းဖြေကြားစဉ်။


ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး မေးမြန်းစဉ်။


ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း ဖတ်ကြားရှင်းလင်းစဉ်။


အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို အဆိုတင်သွင်းစဉ်။

**နေပြည်တော် မေ ၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ဆော့လော်မြို့နယ်လန်ဆယ်ကျေးရွာအုပ်စု လန်ဆယ်ရွာတွင် တည်ဆောက်ခဲ့သော ရေတားတမံမှာသတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီ လုပ်ငန်းအရည်အသွေး စစ်ဆေးခဲ့ခြင်း တို့ကြောင့် အရေးယူဆောင်ရွက်သွားရန် အစီအစဉ်မရှိ

ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး၏ **ဆော့လော်မြို့နယ် လန်ဆယ်ကျေးရွာအုပ်စု၊ လန်ဆယ်ရွာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၌ တည်ဆောက်ခဲ့သော ရေတားတမံမှာ တည်ဆောက်ပြီးစီးပြီး ရှစ်လကျော်ခန့် အကြာ၌ ပျက်စီးနေပါသဖြင့် တည်ဆောက်ခဲ့သည့် ကုမ္ပဏီနှင့် ရေတားတမံပြီးစီးကြောင်း အရည်အသွေးစစ်ဆေးခဲ့သည့် ကော်မတီအဖွဲ့ဝင်များအား နိုင်ငံတော်အစိုးရအနေဖြင့် ပြင်းထန်စွာ အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ကချင်ပြည်နယ် ဆော့လော်မြို့နယ် လန်ဆယ်ကျေးရွာတွင် လန်ဆယ်ရေတားတမံ ၂၇၅ ပေမှာ ရေတိုက်စားမှုကြောင့် ချောင်းကြမ်းပြင်နိမ့်ဆင်းပြီး ရေထိန်းနံရံအောက်ခြေ ရေတိုက်စား၍ ရေငွေ့ရိုက်ခြင်း၊ ရေဝပ်ခြင်းတို့ကြောင့် ကွန်ကရစ်သားမျက်နှာပြင် ပေ ၂၀ ပတ်လည်အရွယ် သုံးနေရာခန့် ကွဲအက်မှုဖြစ်ပေါ်ခဲ့ရပါကြောင်း၊ ဆောင်ရွက်ပြီးသည့် အခြေအနေများကို ပြန်လည်သုံးသပ်ရာတွင် ပျက်စီးခဲ့သည့် လုပ်ငန်းများသည် အရည်အသွေးညံ့ဖျင်းမှု၊ စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်မှုမရှိခြင်းတို့ကြောင့် လုပ်ငန်းပျက်စီးခဲ့ရခြင်း မဟုတ်ဘဲ မလွန်ဆန်နိုင်သော ဖြစ်ရပ်ဖြစ်သည့် သဘာဝဘေးဒဏ်ကြောင့် ချောင်းရေကြီးပြီး ရေတိုက်စားသဖြင့် ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသော်လည်း ရေကြီးမှုဒဏ်ကို ကြံ့ကြံ့ခံနိုင်သည်ကို တွေ့ရှိရပါကြောင်း။

လုပ်ငန်းဆောင်ရွက်မှုအပေါ်တွင်လည်း သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ လမ်းညွှန်ချက်ဖြင့် ဖွဲ့စည်းထားသော မြို့နယ်အရည်အသွေးစိစစ်ရေးအဖွဲ့များမှ ကြပ်မတ်စစ်ဆေးခဲ့ပြီး လုပ်ငန်း ၁၀၀ ရာခိုင်နှုန်းပြီးစီးချိန်တွင် ကျေနပ်လက်ခံနိုင်သည့် လုပ်ငန်းဖြစ်ကာ ဒေသခံပြည်သူလူထုကိုလည်း လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်သည့်ကုမ္ပဏီသည် ပျက်စီးယိုယွင်းမှု ဖြစ်ပေါ် လာချိန်တွင် တာဝန်ရှောင်လွှဲမှုမရှိဘဲ စာချုပ်စာတမ်းပါ စည်းကမ်းများနှင့်အညီ နိုင်ငံတော်မှ ခွင့်ပြုပေးသည့် ရန်ပုံငွေဖြင့် ကုမ္ပဏီမှ ငွေကြေးစိုက်ထုတ်ပူးပေါင်း၍ လုပ်ငန်းများကို အကောင်းဆုံးအရည်အသွေးရရှိစေရန်အတွက် စီမံဆောင်ရွက်ခဲ့ပါကြောင်း၊ အရည်အသွေးစစ်ဆေးရေးကော်မတီအနေဖြင့်လည်း သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီ လုပ်ငန်းအရည်အသွေးကို သတ်မှတ်ချက်အတိုင်း စစ်ဆေးခဲ့ခြင်းတို့ကြောင့် အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်သွားရန် အစီအစဉ်မရှိပါကြောင်းနှင့် စာချုပ်ပါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကုမ္ပဏီမှ တာဝန်ယူရမည့် တည်ဆောက်ရေးကာလ အာမခံချက်ဖြစ်သည့် သုံးနှစ်တာကာလအတွင်း ထပ်မံပျက်စီးပါက လုပ်ငန်းဆောင်ရွက်ခဲ့သည့် ကုမ္ပဏီမှ တာဝန်ယူပြင်ဆင်ပေးရေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

## မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းအပိုင်း ၁၉ ဒသမ ၃ ကီလိုမီတာ ကျောက်ချောလမ်းကို လမ်းပေါက်ဖာခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်

မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၏ **မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးနှင့် မိုးကောင်း-ကာမိုင်း- ဖားကန့်လမ်းတို့တွင် ပါဝင်သော မိုးကောင်းနယ်အတွင်းရှိ လမ်းပိုင်းများအား မည်သည့်ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းအပိုင်းသည် လောလောဆယ်တွင် ၁၉ ဒသမ ၃ ကီလိုမီတာအထိ ကျောက်ချောလမ်းအဆင့်သာ ရှိပါကြောင်း၊ အဆိုပါ လမ်းပိုင်း မျက်နှာပြင်များ ချောမွေ့စေရေးအတွက် ၉ ဒသမ ၅ ကီလိုမီတာ အရှည်အတွင်းတွင် ၈၅၀၀ စတုရန်းမီတာ လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် လည်းကောင်း၊ ပြည်ထောင်စုအထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ၉ ဒသမ ၅ ကီလိုမီတာမှ ၁၉ ဒသမ ၃ ကီလိုမီတာအတွင်း ၅၆၀၀ စတုရန်းမီတာအား လမ်းပေါက်ဖာခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း၊ လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးခင်ချို၊ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာဦးလင်းလင်းကျော်၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်းနှင့် ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးကျော်လင်းတို့က ရှင်းလင်းဖြေကြားကြသည်။

## ဘိန်းအများဆုံးစိုက်ပျိုးရာဒေသများတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရန် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပြီး ဘိန်းအစားထိုးစီမံကိန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် အဆိုတင်သွင်း

ထို့နောက် ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်က **မြန်မာနိုင်ငံရှိ ဘိန်းအများဆုံးစိုက်ပျိုးရာဒေသများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရန်အတွက် အစိုးရ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပြီး ဘိန်းအစားထိုး စီမံကိန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းသည်။

ဆက်လက်၍ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်က အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ပြည်တွင်းစက်မှု၊ လက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သော ငွေကြေးနည်းပညာအထောက်အပံ့များ ရရှိစေရေး ကူညီဆောင်ရွက်ပေးရန် အဆိုတင်သွင်း

ယင်းနောက် အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက **ပြည်တွင်းစက်မှု၊ လက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုမူဝါဒများကို ပြန်လည်သုံးသပ်ပြီး Global Supply Chain တွင် ပြည်တွင်းထုတ်လုပ်မှုများ အချိုးအစားတစ်ခုအဖြစ် ပါဝင်နိုင်စေရေးနှင့် လိုအပ်သော ငွေကြေးနည်းပညာ အထောက်အပံ့များ ရရှိစေရေး ကူညီဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းသည်။

ဆက်လက်၍ နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်က အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်း နှင့်စပ်လျဉ်း၍ အစီရင်ခံစာ ဖတ်ကြားရှင်းလင်း

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက **ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်း**ကို တင်သွင်းပြီးအဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာဝေဖြိုးအောင်က အစီရင်ခံစာအား ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို မေ ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ စစ်တွေမြို့၌ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် အစ္စလာမ်ဘာသာဝင်များအား သီးခြားစီတွေ့ဆုံ


ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ambassador Mr. David Hale တို့ တွေ့ဆုံဆွေးနွေးစဉ်။

**စစ်တွေ မေ ၂**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ambassador Mr. David Hale နှင့် အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် စစ်တွေမြို့သို့ ရောက်ရှိသည်။

**မေးမြန်းဆွေးနွေး**

ယင်းနောက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက် မဒ္ဒရာဆာအိစ္စလာမီယာ စာသင်ကျောင်းတွင် အောင်မင်္ဂလာရပ်ကွက်ရှိ အစ္စလာမ်ဘာသာဝင် ဦးရွှေလှ ဦးဆောင်သော အမျိုးသား၊ အမျိုးသမီးများနှင့် တွေ့ဆုံပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်လွှတ်တော်သို့ သွားရောက်ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှ၊ ဒုတိယဥက္ကဋ္ဌ ဦးမြသန်းတို့နှင့် တွေ့ဆုံပြီး အစ္စလာမ်ဘာသာဝင်များ၏ နိုင်ငံသားဖြစ်မှုကိစ္စနှင့် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော တိုက်ပွဲများနှင့် ပတ်သက်ပြီး ငြိမ်းချမ်းစွာ ဆွေးနွေးအဖြေရှာရေးကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လေကြောင်းခရီးဖြင့် စစ်တွေမြို့မှ နေပြည်တော်သို့ ထွက်ခွာသွားကြသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ambassador Mr. David Hale နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marciel နှင့် တာဝန်ရှိသူများ လိုက်ပါလာကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

**နေပြည်တော်  မေ ၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း အနီးရှိ ကျေးရွာများတွင် စီမံကိန်းမှ ထွက်ရှိလာသော အက်ဆစ်ငွေ့များ၊ ယမ်းငွေ့များကြောင့် သစ်ပင်များ၊ ထန်းဥယျာဉ်များ၊ သီးနှံများ ခြောက်သွေ့သေဆုံးခြင်း၊ မိုင်းခွဲမှုတုန်ခါအားကြောင့် မြေဆီလွှာပျက်စီးခြင်းနှင့် ရေဆိုးလွှတ်မှုကြောင့် လယ်ယာမြေများ ထိခိုက်ပျက်စီးမှုများအပေါ် အမြန်ဆုံးတားဆီးအရေးယူပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက လက်ပံတောင်းတောင်စီမံကိန်းသည် ဟင်းလင်းဖွင့် (Open Pit) မိုင်းအမျိုးအစားဖြစ်ပြီး သတ္တုရိုင်းတူးဖော်ရာတွင် ယမ်းဖောက်ခွဲမှု အစီအစဉ်များကို အနီးပတ်ဝန်းကျင်ရှိ ပြည်သူများ အန္တရာယ်ကင်းရှင်းစေရန် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ လစဉ်တင်ပြခြင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှလည်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသို့ စာဖြင့်ထပ်ဆင့်အကြောင်းကြားစေပြီး အသိပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ယမ်းဖောက်ခွဲရာတွင်လည်း အချိန်ဇယားအတိုင်း တိကျစွာ တစ်နေ့လျှင် တစ်ကြိမ်သာ ဖောက်ခွဲခြင်း၊ ယမ်းမဖောက်ခွဲမီ ၁၅ မိနစ်၊ ယမ်းဖောက်ခွဲခါနီးနှင့် ယမ်းဖောက်ခွဲပြီးဆုံးချိန်တို့တွင် ဥသြဆွဲသတိပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ယမ်းဖောက်ခွဲခြင်းမှ ဖြစ်ပေါ်လာသည့် ဖုန်မှုန့်ပျံ့လွင့်မှု၊ ဆူညံမှု၊ တုန်ခါမှုများကိုလည်း World Bank Standard သတ်မှတ်ချက် စံချိန်စံညွှန်းနှင့်အညီ အမြဲမပြတ်စောင့်ကြည့်တိုင်းတာစစ်ဆေးလျက်ရှိရာ နိုင်ငံတကာလက်ခံသည့် သတ်မှတ်စံချိန်စံညွှန်းအတွင်းသာ ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ရည်ရွယ်၍ စီမံကိန်းဧရိယာပြင်ပသို့ အရည်၊ အငွေ့၊ အစိုင်အခဲ စသည်တို့ကို စွန့်ထုတ်မှုမရှိသော Zero Discharge ဖြစ်စေရေးအတွက် တူးဖော်ခြင်း၊ ကြိတ်ခွဲခြင်း၊ Leach Pad ခင်းကျင်းစုပုံခြင်း၊ ဆာလ်ဖျူရစ်အက်ဆစ်ပျော့ အရည်ဖျန်းပြီး Copper Sulphate Solution ထုတ်လုပ်ခြင်းနှင့် Electro Winning စနစ်ဖြင့် ကက်သုတ်ကြေးပြား ထုတ်လုပ်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ကို စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း။

## ကြေးနီထုတ်လုပ်မှုနည်းစဉ် အဆင့်ဆင့်ကိုလည်း နိုင်ငံတကာ ဥပဒေများနှင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိခြင်းနှင့် ကတိကဝတ်ပါ ပတ်ဝန်းကျင်အရည်အသွေးဆိုင်ရာ စောင့်ကြည့်တိုင်းတာမှုကို လိုက်နာဆောင်ရွက်ရေး စောင့်ကြည့်ကြပ်မတ်ကြည့်ရှုဆောင်ရွက်လျက်ရှိ

ဒုတ္ထာရည်သိုလှောင်ကန်များကိုလည်း ဒေသရှိ နှစ်တစ်ရာအတွင်း အမြင့်ဆုံး မိုးရေချိန်၊ မြစ်ရေကြီးမှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအပေါ် အခြေခံ၍ တည်ဆောက်ထားပြီး မြေသားအတွင်းသို့ ဒုတ္ထာရည်များ စိမ့်ဝင်မှုမရှိစေရန် သိပ်သည်းကျစ်လျစ်သည့် ပေါ်လီအက်သလင်း ပလတ်စတစ်အထူပြားများကို သိုလှောင်ကန်၏ အောက်ခြေကြမ်းပြင်နှင့် ဘေးပတ်လည်နံရံများတွင်လည်းကောင်း၊ သတ္တုရိုင်းအပုံ Leach Pad များ၏ အောက်ခြေတွင်လည်းကောင်း ခင်းကျင်းတည်ဆောက်ထားပါကြောင်း၊ ကြေးနီထုတ်လုပ်မှုနည်းစဉ် အဆင့်ဆင့်ကိုလည်း နိုင်ငံတကာဥပဒေများနှင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိခြင်းနှင့် ကတိကဝတ်ပါပတ်ဝန်းကျင် အရည်အသွေးဆိုင်ရာ စောင့်ကြည့်တိုင်းတာမှုကို လိုက်နာဆောင်ရွက်ရေး စောင့်ကြည့်ကြပ်မတ်ကြည့်ရှုဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ အကျိုးစီးပွား၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒေသခံပြည်သူလူထု လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရေးတို့အတွက် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။


ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ


စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးရဲထွင်


ဒုတိယဝန်ကြီး ဦးလှကျော်


စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်မျိုး

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး၏ **စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်း ပုလဲသွယ်စပ်မျိုးစပါး (GW-1) မျိုးစေ့မသန့်ပြန့်မှုကြောင့် နစ်နာဆုံးရှုံးခဲ့သော တောင်သူ ၁၉၈ ဦးအတွက် စပ်မျိုးစပါးဖြန့်ဖြူးရောင်းချသောကုမ္ပဏီမှ လျော်ကြေးရရှိရေး ကူညီဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ၂၀၁၇ - ၂၀၁၈ခုနှစ် စိုက်ပျိုးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် သီးလုံးကျေးရွာရှိ တောင်သူ ဦးတင်ဝင်းပါ ၁၉၈ ဦးအနေဖြင့် GW1 ပုလဲသွယ်စပ်မျိုးစပါး F1 ကြောင့် နစ်နာခဲ့မှုအပေါ် လိုအပ်သည်များ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြခဲ့ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်တာဝန်ပေးမှုနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ကျေးရွာအလိုက် ကွင်းဆင်းအဖွဲ့များ ဖွဲ့စည်းပြီး အကြောင်းအချင်းအရာ ဖြစ်ပေါ်ခဲ့သော ကျေးရွာများရှိ တောင်သူများထံ တွေ့ဆုံကွင်းဆင်းစိစစ်ခဲ့ပါကြောင်း။

## အဆိုပါကိစ္စနှင့်ပတ်သက်၍ စစ်ဆေးတွေ့ရှိမှုတင်ပြချက်များ အပေါ် အခြေအနေအရပ်ရပ် သုံးသပ်၍ ကုမ္ပဏီနှင့်တောင်သူတို့အကြား ပြဿနာများ ပြေလည်စွာဖြေရှင်းပေးနိုင်ရေး အတွက် နှစ်ဦးနှစ်ဖက်နစ်နာမှု မရှိစေရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ပေး

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် အဆိုပါကိစ္စနှင့် ပတ်သက်၍ စစ်ဆေးတွေ့ရှိမှုတင်ပြချက်များအပေါ် အခြေအနေအရပ်ရပ် သုံးသပ်၍ ကုမ္ပဏီနှင့် တောင်သူတို့အကြား ပြဿနာများ ပြေလည်စွာဖြေရှင်းပေးနိုင်ရေးအတွက် နှစ်ဦးနှစ်ဖက်နစ်နာမှု မရှိစေရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ပေးခဲ့ပါကြောင်း၊ သို့ဖြစ်၍ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ကွင်းဆင်းခဲ့ပြီး တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်စီမံခန့်ခွဲမှူ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ ဥက္ကဋ္ဌများ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ တောင်သူကိုယ်စားလှယ်များ၊ တင်ပြထားသော ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် ရွှေဘိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ပါကြောင်း။

ဆွေးနွေးပွဲတွင် သဘောတူဆုံးဖြတ်ချက်နှင့်အညီ အကျိုးအမြတ်ကြီးစွာ ထိခိုက်ပျက်စီးမှုမရှိသည့် တောင်သူများအနေဖြင့် မျိုးစပါးတန်ဖိုးငွေ အပြေအကျေ ပေးသွင်းခဲ့ပါကြောင်း၊ ကျေးရွာအုပ်စု ၄၇ အုပ်စုရှိ တင်ပြပါ တောင်သူ ၁၉၈ ဦးထံမှ ကောက်ခံရန် ကျန်ရှိသည့် မျိုးစေ့ဖိုး ကြွေးကျန်များအားလုံးကို ကုမ္ပဏီမှ ကောက်ခံခြင်းမပြုတော့ရန် သဘောတူ ဆုံးဖြတ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွင့်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဒေါက်တာရဲမြင့်ဆွေတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က **၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်း**ကို လွှတ်တော်သို့ တင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးအောင်ကြည်ညွန့်က အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးအောင်သိန်းက **တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြား ရှင်းလင်းသည်။

## ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြု

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်က အဆိုပါ ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် အဆိုတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို မေ ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

# မူးယစ်ကင်းစင်သည့် လူ့ဘောင်ဖြစ်လာပြီး ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေး လွှတ်တော်၌ အဆိုတင်သွင်း

**နေပြည်တော်  မေ ၂**

၁၉၉၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း ၂၀၁၆ ခုနှစ်၌ ဘိန်းစိုက်ပျိုးမှု အနည်းဆုံးအထိ ရောက်ရှိခဲ့သော်လည်း ရေရှည်မခံဘဲ နောင်နှစ်များတွင် ပြန်လည်မြင့်တက်လာသည်ကို တွေ့ရှိရကြောင်း ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်က ဆိုသည်။

ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်က **"မြန်မာနိုင်ငံရှိ ဘိန်းအများဆုံး စိုက်ပျိုးရာဒေသများတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရန်အတွက် အစိုးရပူးပေါင်းဆောင်ရွက်မှုဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပြီး ဘိန်းအစားထိုးစီမံကိန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုတင်သွင်းရာတွင် အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်တို့တွင် စိုက်ပျိုးမှုလျော့နည်းလာသည်ကို တွေ့ရှိရသော်လည်း ပြန်လည်မြင့်တက်မလာအောင်၊ ရေရှည်လျော့နည်းပြီး ထိုမှတစ်ဆင့် အပြီးတိုင် ချုပ်ငြိမ်းပပျောက်သွားအောင် ဆောင်ရွက်ပေးနိုင်ရန် လိုအပ်သည်ဟုလည်း ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။


ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်

မြန်မာနိုင်ငံသည် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်လျှော့ချရေးလုပ်ငန်းစဉ်များကို နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိရာ ဆယ်စုနှစ်များစွာ ကျော်ဖြတ်ခဲ့ပြီးဖြစ်ကြောင်း။

ထို့ကြောင့် မူးယစ်ဆေးဝါးပြဿနာ လျှော့ချရာတွင် ပိုမိုထိရောက်ပြီး ရေရှည်တည်မြဲသော ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်အတွက် ပြည်သူလူထု ပူးပေါင်းပါဝင်မှုသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်ကြောင်း၊ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးထုတ်လုပ်နိုင်ခြင်း၏ အရင်းအမြစ်ဖြစ်သည့် ဘိန်းစိုက်ပျိုးမှုကို အပြီးတိုင်လျော့နည်းချုပ်ငြိမ်းသွားရန် ရည်ရွယ်ကြောင်းကိုလည်း ဒေါ်ခင်နှင်းသစ်က အဆိုတင်သွင်းရခြင်း၏ ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မူးယစ်ဆေးဝါးပပျောက်ရန်အတွက် ထုတ်လုပ်မှုပပျောက်ရေးနှင့် သုံးစွဲမှုပပျောက်ရေးဟူ၍ လုပ်ငန်းစဉ်နှစ်ခုရှိကြောင်း၊ ထုတ်လုပ်မှုပပျောက်ရေးတွင် မူးယစ်ဆေးဝါး၏ အရင်းအမြစ်ဖြစ်သည့် ဘိန်းစိုက်ပျိုးမှုကို တားဆီးနှိမ်နင်းနိုင်ရန်အတွက် ဘိန်းအစားထိုးစီမံကိန်းများ ဆောင်ရွက်ရန် အထူးလိုအပ်လှကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထို့ပြင် ဒေါ်ခင်နှင်းသစ်က ကမ္ဘာတွင် အာဖဂန်နစ္စတန်ပြီးလျှင် မြန်မာနိုင်ငံသည် ဘိန်းထုတ်လုပ်မှု ဒုတိယအများဆုံးဖြစ်ပြီး တစ်ကမ္ဘာလုံး ဘိန်းထုတ်လုပ်မှု၏ ၁၄ ရာခိုင်နှုန်းကို မြန်မာနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်ကြောင်း၊ တစ်နိုင်ငံလုံး ဘိန်းစိုက်ပျိုးမှု၏ ၉၀ ရာခိုင်နှုန်းကျော်ကို ရှမ်းပြည်နယ်တွင် စိုက်ပျိုးထုတ်လုပ်ကြောင်း။

အခုအခါ ပြည်နယ်အချို့ရှိ မြို့နယ် ၅၁ မြို့နယ်တွင် ဘိန်းစိုက်ပျိုးနေပြီး ထိုမှတစ်ဆင့် မူးယစ်ဆေးဝါးထုတ်လုပ်ကာ လက်ဝယ်ထားရှိခြင်း၊ သယ်ဆောင်ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းတို့ဖြင့် မြန်မာ့လူငယ်ထုအတွင်းသို့ အသွင်သဏ္ဌာန်မျိုးစုံဖြင့် ပျံ့နှံ့လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးမှုခင်းများလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးပွားလာသကဲ့သို့ ပြစ်ဒဏ်ကျခံနေရသူများ၏ ၅၀ ရာခိုင်နှုန်းခန့်သည် မူးယစ်ဆေးဝါးအမှုများဖြစ်သည့်အပြင် အများစုမှာ လူငယ်များ ဖြစ်နေကြောင်း။

*စာမျက်နှာ ၉ သို့*

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လာအိုပြည်သူ့တပ်မတော်၊ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲအား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို

**နေပြည်တော် မေ ၂**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော လာအိုပြည်သူ့တပ်မတော်၊ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ Major General Pasith Thiengtham အား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည့် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် လာအိုပြည်သူ့တပ်မတော်၊ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ Major General Pasith Thiengtham တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။ ၎င်းနောက် ဂုဏ်ပြုတပ်ဖွဲ့က ချီတက်အလေးပြုထွက်ခွာသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် လာအိုပြည်သူ့တပ်မတော်၊ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ်အကြားရှိပြီး ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေး၊ သင်တန်းနှင့် လေ့ကျင့်ရေးဆိုင်ရာ အပြန်အလှန်တိုးမြှင့်ဆောင်ရွက်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်ရေးနှင့် လုံခြုံရေးအပါအဝင် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အပြန်အလှန်သတင်းဖလှယ်ခြင်း၊ တားဆီးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝဘေးအန္တရာယ်နှင့် ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ အပြန်အလှန်စေလွှတ်၍ အသိပညာများမျှဝေခြင်းနှင့် လက်တွေ့လေ့ကျင့်ရေး၊ မဲခေါင်မြစ်ကြောင်း လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စအပါအဝင် ယဉ်ကျေးမှုနှင့် အားကစားအဖွဲ့များ အပြန်အလှန်စေလွှတ်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ညပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လာအိုပြည်သူ့တပ်မတော်၊ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Aureum Palace ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။



**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် လာအိုပြည်သူ့တပ်မတော်၊ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ Major General Pasith Thiengtham တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။** ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**သတင်းစဉ်**

# ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့- ၂၀၁၉ အခမ်းအနား ကျင်းပ

ရန်ကုန် မေ ၂

**ကုလသမဂ္ဂယူနက်စကိုအဖွဲ့အစည်းက ကြီးမှူးကျင်းပသည့် မေ ၃ ရက်တွင် ကျရောက်မည့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့- ၂၀၁၉ (World Press Freedom Day-2019) အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဆူးလေ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။** (အောက်ပုံ)



အခမ်းအနားတွင် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ ဗီဒီယိုဖိုင်အားပြသပြီး ယူနက်စကို မြန်မာ၏အကြီးအကဲ မစ္စမင်ဂျောင်ကင်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး Mr. Wouter Jurgens က မြန်မာနိုင်ငံ၏ သတင်းလွတ်လပ်ခွင့်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ယူနက်စကို မြန်မာ၏ အကြီးအကဲ မစ္စမင်ဂျောင်ကင်က စာနယ်ဇင်းလွတ်လပ်ခွင့်ဆုရရှိကြသူများနှင့် ပတ်သက်၍ အမှတ်တရစကား ပြောကြားသည်။

ထို့နောက် ရွေးကောက်ပွဲကာလအတွင်း မီဒီယာ၏အခန်းကဏ္ဍ၊ သတင်းအမှားများနှင့် လုပ်ကြံသတင်းများ၏ ရိုက်ခတ်မှုကို လျော့ပါးသက်သာအောင် အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရနှင့် အခြားသက်ဆိုင်သည့် အဖွဲ့အစည်းများ အနေဖြင့် လုပ်ဆောင်နိုင်မည့်နည်းလမ်း၊ နည်းဗျူဟာများ ဆက်နွှယ်သည့် စကားဝိုင်းဆွေးနွေးပွဲကို ပြုလုပ်သည်။

စကားဝိုင်းဆွေးနွေးပွဲကို အင်တာနယူးစ်မှ Senior Media Trainer ဒေါ်တင်ဇာအောင်က moderator အဖြစ်ဦးဆောင်၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအတွင်းရေးမှူး ဦးကျော်စွာမင်း၊ မြန်မာတိုင်းမ်အင်္ဂလိပ်သတင်းစာမှ အကြီးတန်းသတင်းထောက် နော်ဘက်တီဟန်၊ Myanmar Institute for Democracy မှ Executive Director ဦးရဲထွဋ်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာတင်၊ MAFINDO မှ Secretary of Presidium မှ Mr. Valentina Wijiyati၊ Myanmar Tech Accountability Network မှ Research Advisor ဦးမြတ်သူတို့က ပါဝင်ဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ သိရှိလိုသည့်မေးခွန်းများကိုကဏ္ဍအလိုက် ပြန်လည်ဖြေကြားကြသည်။

စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် ပတ်သက်၍ မြန်မာတိုင်းမ်အင်္ဂလိပ်သတင်းစာမှ အကြီးတန်းသတင်းထောက် နော်ဘတ်တီဟန်က "သတင်းထောက်တစ်ယောက်အနေနဲ့ ရွေးကောက်ပွဲကာလမှာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကြုံခဲ့ရတဲ့ အတွေ့အကြုံတွေကိုဆွေးနွေးမယ်။ လာမယ့် ၂၀၂၀ ရွေးကောက်ပွဲမှာလည်း ကြုံရမယ့် အခက်အခဲတွေအပေါ်မူတည်ပြီး ဘယ်လိုဖြေရှင်းကြမလဲဆိုတဲ့ အကြောင်းအရာတွေကို အဓိက ဆွေးနွေးမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ကို မြန်မာနိုင်ငံတွင် ကျင်းပလာသည်မှာ (၈)ကြိမ်မြောက်ဖြစ်ပြီး ယခု ရက်သတ္တပတ်အတွင်း ကမ္ဘာ့နိုင်ငံပေါင်း တစ်ရာကျော်တွင် စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပလျက်ရှိသည်။ ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့သည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် သို့မဟုတ် တက်ကြွလှုပ်ရှားမှုများ၊ စာနယ်ဇင်းလွတ်လပ်ခွင့်၊ သတင်းလွတ်လပ်ခွင့်အတွက် ရပ်တည်လုပ်ဆောင်သူများကို ဂုဏ်ပြုသည့်နေ့ ဖြစ်သည်။

မေလ ၃ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့-၂၀၁၉ ၏ဆောင်ပုဒ်မှာ "ဒီမိုကရေစီအတွက် မီဒီယာ - လုပ်ကြံသတင်းခေတ်အတွင်းမှ သတင်းအတတ်ပညာနှင့် ရွေးကောက်ပွဲများ" ဟူ၍ ဖြစ်သည်။

**သတင်း-ဝင်းမီမီ၊ ဓာတ်ပုံ-ရဲထွဋ်**

*စာမျက်နှာ ၈ မှ*

နှစ်ရှည်ထောင်ကျခြင်း၊ ပြန်လည်ထူထောင်ရေး လုပ်ဆောင်ပေးရခြင်းတို့ကြောင့် တိုင်းပြည်ဘဏ္ဍာငွေလည်း လွန်စွာဆုံးရှုံးလျက်ရှိကြောင်း၊ အဓိကဆုံးရှုံးမှုကြီးသည် လူသားအရင်းအမြစ်ဖြစ်ပြီး အမျိုးသားရေးပြဿနာတစ်ရပ်အနေဖြင့် ထိရောက်စွာနှိမ်နင်းရန် လိုအပ်လျက်ရှိကြောင်း မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုနှင့် တိုင်းပြည်၏ နစ်နာဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

နယ်မြေငြိမ်းချမ်းမှုမရှိခြင်းနှင့် လုံခြုံမှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ တရားဥပဒေစိုးမိုးမှုအားနည်းခြင်း၊ ဒေသခံပြည်သူများ ဝင်ငွေနည်းပါးခြင်း၊ ဘဝရပ်တည်မှုရနိုင်မည့် အခြားလုပ်ငန်းများမရှိခြင်း၊ ရာသီဥတုနှင့် ပထဝီအနေအထားများက ဘိန်းစိုက်ရန်ပံ့ပိုးပေးနေခြင်း၊ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးသော်လည်း ဈေးကွက်မရှိသဖြင့် တွက်ခြေမကိုက်ခြင်းတို့ကို ရင်ဆိုင်နေရခြင်းတို့သည် ဘိန်းစိုက်ပျိုးရခြင်း၏ အကြောင်းတရားဆိုင်ရာ လေ့လာတွေ့ရှိချက်များဖြစ်ကြောင်း။

မူးယစ်ဆေးဝါးအန္တရာယ်လျော့ပါးရေးအတွက် နိုင်ငံတော်မှ သုံးစွဲနေသည့် ဘတ်ဂျက်ကို လေ့လာရာတွင် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် တစ်ခု၊ ၂၀၁၈-၂၀၁၉ တွင် တစ်ခုရှိပြီး ဘတ်ဂျက်နှစ်ခုလုံးတွင် ဘိန်းအစားထိုးဆောင်ရွက်သည့်ကိစ္စအတွက် မပါဝင်သည်ကို တွေ့ရှိရပြီး ၂၀၁၉ ခုနှစ်သည် စီမံကိန်းကာလဖြစ်သော်လည်း ဘတ်ဂျက်သုံးစွဲနိုင်မှုမှာ အလွန်နည်းနေကြောင်းကိုလည်း ဒေါ်ခင်နှင်းသစ်က ထောက်ပြထားသည်။

ဘိန်းစိုက်ပျိုးမှုပပျောက်ရန်အတွက် ဘိန်းအစားထိုးသီးနှံများစိုက်ပျိုးခြင်း၊ ဘိန်းစိုက်တောင်သူများဘဝ ရပ်တည်နိုင်အောင် လိုအပ်သော အထောက်အပံ့များပေးခြင်း၊ အမျိုးသားရေးစီမံချက်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ၊ ပညာပေးဆောင်ရွက်မှုများ ပြုလုပ်ပေးသင့်ကြောင်း သက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် ကျွမ်းကျင်သူများက အကြံပြုထားကြောင်း။

ဘိန်းစိုက်တောင်သူများသည် ဘိန်းစိုက်ခြင်းကို မိရိုးဖလာလုပ်ငန်းအဖြစ် နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့ကြခြင်းကြောင့် ဘိန်းစိုက်ခြင်းသည် ၎င်းတို့၏ လူမှုစီးပွားဘဝဟုလည်း ဆိုနိုင်ကြောင်း၊ သို့သော်လည်း ဘိန်းစိုက်ခြင်းသည် ဥပဒေနှင့်မညီသည့်အပြင် နိုင်ငံဂုဏ်သိက္ခာကို များစွာထိခိုက်ပြီး နိုင်ငံသားများအတွက်လည်း ကြီးမားသည့် အန္တရာယ်ဖြစ်စေခြင်းတို့ကြောင့် မြို့နယ် ၅၁ မြို့နယ်တွင်ရှိသည့် ဘိန်းစိုက်မိသားစုသုံးသိန်းခန့်၏ ဘဝရပ်တည်နိုင်မှုအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း။

ထို့ကြောင့် ကြီးမားသည့် စိန်ခေါ်မှုကို ကျော်လွှားနိုင်ရန် မှန်ကန်သည့် စီမံခန့်ခွဲမှုအပြင် လက်တွေ့ကျကျ ပြောင်းလဲနိုင်သော အခြေအနေတစ်ရပ်ကိုလည်း အရှိန်အဟုန်ဖြင့် ဖန်တီးပေးနိုင်ရန် လိုအပ်ပြီး ဘိန်းစိုက်တောင်သူများ၏ လူမှုစီးပွားဘဝများစွာကို ပြောင်းလဲရမည်ဖြစ်သည့်အတွက် ဤအရွေ့တစ်ခုကို အောင်မြင်နိုင်ရန် အစိုးရဘတ်ဂျက် လိုအပ်သလောက် မသုံးနိုင်သည့်အခြေအနေတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အင်အားကိုလည်း ထည့်သုံးနိုင်ရန် လိုအပ်ကြောင်း အဆိုရှင် ဒေါ်ခင်နှင်းသစ်က အကြံပြုထားသည်။

**ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်**က ထောက်ခံဆွေးနွေးရာတွင် မူးယစ်ဆေးဝါးပြဿနာသည် အမျိုးသားရေးပြဿနာဖြစ်သည့်အတွက် အဓိကဖြေရှင်းရမည့် အမှုကိစ္စဖြစ်ပါကြောင်း၊ ဘိန်းစိုက်ပျိုးထုတ်လုပ်နေသည့် ဒေသများသည် မိမိ တို့၏ တိုင်းရင်းသားလူမျိုးများနေထိုင်ရာ ဝေးလံခေါင်ဖျားဒေသများဖြစ်ကြောင်း၊ ကရင်ပြည်နယ် သုံးမြို့နယ်အပါအဝင် ရှမ်းပြည်နယ်အတွင်း မြို့နယ် ၄၀ ၊ ကချင်ပြည်နယ်တွင် ခြောက်မြို့နယ်၊ ချင်းပြည်နယ်တွင် နှစ်မြို့နယ် စုစုပေါင်း ၅၁ မြို့နယ်ရှိကြောင်း။

ဘိန်းစိုက်ခြင်းသည် စားဝတ်နေရေးပြေလည်ရန် စီးပွားရေးများနှင့် ဆက်စပ်နေသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်ပြီး ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့ကျစေရန် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နည်းပညာပိုင်းလိုအပ်ချက်များအတွက် အစိုးရမှ ကူညီပံ့ပိုးရမည်ဖြစ်ကြောင်း၊ ဘတ်ဂျက်လိုအပ်မှုအတွက် တင်ပြခဲ့သည့်အတိုင်း ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဖိတ်ခေါ်ပြီး အင်နှင့်အားနှင့် ဆောင်ရွက်မှသာ နှစ်ပေါင်းများစွာ ဘဝရပ်တည်မှုဖြစ်ခဲ့သည့် ဘိန်းစိုက်တောင်သူများသည် ဘိန်းမစိုက်သည့် အခြေအနေကို ရောက်ရှိမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

**သတင်း-မော်စီ၊ မွှေးကြူဇင်၊ ဓာတ်ပုံ-ထန်းဖုန်**

# ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ မန္တလေးမြို့သို့ဒေသစာရီ ကြွချီအပူဇော်ခံ

**မန္တလေး မေ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေး စေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့သည် မုံရွာမြို့မှ မန္တလေးမြို့သို့ ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ဒေသစာရီကြွချီအပူဇော်ခံရန် ရောက်ရှိလာရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မဟာမုနိဘုရား ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင် ဒါယကာ၊ ဒါယိကာမများက မန္တလေးမြို့ မဟာမုနိဘုရားကြီးတွင် ဖူးမြော်ကြိုဆိုကြသည်။

မန္တလေးမြို့ မဟာမုနိဘုရားကြီးသို့ ဒေသစာရီကြွချီလာပြီး အပူဇော်ခံထားရှိမှုနှင့်ပတ်သက်ပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က " ငြိမ်းချမ်းရေးဟာ ကျွန်တော်တို့နိုင်ငံအတွက် အများကြီးလိုအပ်နေတဲ့အရာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကိစ္စကို အစိုးရကဆောင်ရွက်နေတာက တစ်ပိုင်း၊ ငြိမ်းချမ်းရေးစေတီတော်တည်ထားကိုးကွယ်တဲ့ ဘာသာရေးပိုင်းက ဆောင်ရွက်တာကလည်း ရှိသင့်ရှိထိုက်ရှိအပ်တဲ့အရာဖြစ်ပါတယ်။ အခုလို မြန်မာနိုင်ငံရဲ့ မြို့တော် နေပြည်တော်မှာ တည်ထားကိုးကွယ်မယ့် ထာဝရငြိမ်းချမ်းရေးစေတီတော်မှာ ကိန်းဝပ်စံပယ်တော်မူမယ့် ဗုဒ္ဓဆင်းတုတော်တွေ ကျွန်တော်တို့မြို့ကို လာရောက်ပြီး အပူဇော်ခံတဲ့အတွက် အများကြီး ဝမ်းသာကြည်နူးဖြစ်မိပါတယ်" ဟု မုဒိတာစကားပြောကြားသည်။

မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းကလည်း "ငြိမ်းချမ်းရေးစေတီဆိုတာ အင်မတန်မှ မင်္ဂလာရှိတဲ့ အမည်နာမဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို လှည့်လည်အပူဇော်ခံတဲ့အတွက် ငြိမ်းချမ်းရေးစိတ်ဓာတ်နဲ့ ငြိမ်းချမ်းရေး အတိတ်နိမိတ်ကောင်းတွေ ရရှိမယ်လို့ ယုံကြည်ပါတယ်။ အခုလို မန္တလေးမှာ လာရောက်အပူဇော်ခံတဲ့အတွက် ကျွန်တော်တို့ဂေါပကအဖွဲ့ အနေနဲ့ အများကြီးဝမ်းသာမိပါတယ်။ စေတီတော်ရဲ့ ဘွဲ့တော်အတိုင်း မြန်မာနိုင်ငံမှာ ထာဝရငြိမ်းချမ်းရေး ရရှိလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်" ဟု ပြောသည်။

ထာဝရငြိမ်းချမ်းရေး စေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား မန္တလေးမြို့ မဟာမုနိဘုရားကြီးတွင် မေ ၂ ရက်မှ ၇ ရက် နံနက်ပိုင်းအထိ အပူဇော်ခံထားရှိမည်ဖြစ်ပြီး မေ ၃ ရက်တွင် ဆရာတော်အရှင်ဆန္ဒာဓိက က မဟာမုနိဘုရားကြီးဝင်းအတွင်း ငြိမ်းချမ်းရေးတရားတော် ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ၊ ဟန်လင်းနိုင်**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ထာဝရငြိမ်းချမ်းရေးစေတီတော် ရတနာစိန်ဖူးတော်အား ပင့်ဆောင်လာစဉ်။



# ပုပ္ပားတောင်ကလပ်၊ ပုပ္ပားတောင်ဥယျာဉ်သို့ အဌမတန်းလူရည်ချွန် ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာ

**ကျောက်ပန်းတောင်း မေ ၂**

ပုဂံလူရည်ချွန်စခန်း၌ ရောက်ရှိနေသည့် အဌမတန်းလူရည်ချွန် ကျောင်းသားကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ပုပ္ပားတောင်ကလပ်ရှိ စေတီတော်အားဖူးမြော်ခြင်း၊ ပုပ္ပားတောင်ဥယျာဉ်နှင့် ပရဆေးစိုက်ခင်းအား ကြည့်ရှုလေ့လာခြင်းနှင့် Poppa Mountain Resort သို့ သွားရောက်လေ့လာခြင်းတို့ ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပုဂံလူရည်ချွန်စခန်းမှူး မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းမြင့်နှင့် အဖွဲ့ဝင်များ၊ ကြီးကြပ်ဆရာ ဆရာမများနှင့် အဌမတန်းလူရည်ချွန် ကျောင်းသား ကျောင်းသူ ၁၇၈ ဦးတို့သည် ပုဂံလူရည်ချွန်စခန်းမှ ကျောက်ပန်းတောင်းမြို့ရှိ ပုပ္ပားတောင်ကလပ်သို့ရောက်ရှိပြီး ပုပ္ပားတောင်ကလပ်ရှိ စေတီများအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ပုပ္ပားတောင်ဥယျာဉ်ရှိ ပညာပေးပြခန်းအတွင်း ပြသထားသည့် ဥယျာဉ်အတွင်း တွေ့ရှိနိုင်သည့် နို့တိုက်သတ္တဝါများ၊ တောရိုင်းတိရစ္ဆာန်များ၊ ရေနေ သတ္တဝါများ၊ ဆေးဖက်ဝင်အပင်များ၊ သစ်ခွမျိုးများ၊ လိပ်ပြာမျိုးစိတ်များ၊ ငှက်မျိုးစိတ်များ၊ မျိုးသုဉ်းပျောက်ကွယ်လုနီးရှိနေသည့် မီးတောင်ချိုင့်ဝှမ်းတွင် နေထိုင်လျက်ရှိသော မျောက်မျက်ကွင်းဖြူ စသည့်မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး ဆေးဖက်ဝင်အပင်များ စိုက်ပျိုးထားရှိသည့် ပရဆေးစိုက်ခင်းအတွင်း ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ပုပ္ပားတောင်ဥယျာဉ် စုဝေးခန်းမ၌ လူရည်ချွန်ကျောင်းသားကျောင်းသူများအား တောအုပ်ကြီးဒေါ်ခင်မျိုးထွေးက ပုပ္ပားတောင်ဘေးမဲ့တောဥယျာဉ်၏ နောက်ခံသမိုင်းကြောင်း၊ ရည်ရွယ်ချက်များ၊ မြေမျက်နှာသွင်ပြင်၊ တောအမျိုးအစား၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ သုတေသနပြုလုပ်နေသည့်အခြေအနေများ၊ လေ့လာကြည့်ရှုအပန်းဖြေနိုင်သော အခွင့်အလမ်းများ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Poppa Mountain Resort သို့ ရောက်ရှိရာ Poppa Mountain Resort အတွင်း ကြည့်ရှုလေ့လာကြပြီး မှတ်တမ်းဓာတ်ပုံများ ရိုက်ကြကာ မွန်းလွဲပိုင်းတွင် ပုဂံလူရည်ချွန်စခန်းသို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်း-ကိုမင်း**
**ဓာတ်ပုံ-မင်းမင်း**

# ဒသမတန်းလူရည်ချွန်မောင်မယ်များ ပုသိမ်မြို့သို့ သွားရောက်လေ့လာ

**ငွေဆောင် မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေရှိ လူရည်ချွန်စခန်း (ငွေဆောင်)သို့ အပန်းဖြေရန် ရောက်ရှိနေသည့် ၂၀၁၈- ၂၀၁၉ ဒသမတန်း လူရည်ချွန်မောင်မယ်များသည် အုပ်ချုပ်သူ ဆရာ ဆရာမများနှင့်အတူ ယနေ့နံနက်ပိုင်းက ပုသိမ်မြို့သို့ သွားရောက်လေ့လာကြသည်။

ရှေးဦးစွာ ဒသမတန်းလူရည်ချွန် မောင်မယ်များသည် ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ လှူဒါန်းကြသည်။

ထို့နောက် လူရည်ချွန်မောင်မယ်များသည် ရွှေမြင်းပျံပုသိမ်ဟာလဝါလုပ်ငန်းနှင့် ရွှေစာပုသိမ်ထီး လုပ်ငန်းသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကုန်ပစ္စည်းထုတ်လုပ်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး လူရည်ချွန်မောင်မယ်များက သိရှိလိုသည်များကို မေးမြန်းကြသည်။

မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ရှိ မြို့တော်ခန်းမ၌ လူရည်ချွန်မောင်မယ်များသည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က အမှာစကားပြောကြားပြီး လူရည်ချွန်မောင်မယ်များကိုယ်စား လူရည်ချွန်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက လူရည်ချွန်မောင်မယ်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် လူရည်ချွန် မောင်မယ်များသည် ပုသိမ်စက်မှုဇုန်ရှိ Dong Long (Pathein) Garment အထည်ချုပ် စက်ရုံသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကုန်ပစ္စည်းအဆင့်ဆင့် ထုတ်လုပ်နေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

ညပိုင်းတွင် ပုလဲငွေဆောင်ဟိုတယ် ကမ်းခြေအနီးတွင် လူရည်ချွန်မောင်မယ်များ၊ ပုသိမ်နှင့် ငွေဆောင်ရှိကျောင်းသားကျောင်းသူလေးများက တေးသီချင်းများ၊ အက အလှများဖြင့် သီဆိုဖျော်ဖြေကြသည်။ **သတင်း-မင်းသစ်**(MNA)



**လူရည်ချွန် ကျောင်းသား ကျောင်းသူများ ပုသိမ်စက်မှုဇုန်ရှိ Dong Long (Pathein) Garment အထည်ချုပ် စက်ရုံသို့ သွားရောက်လေ့လာစဉ်။**
ဓာတ်ပုံ-စိုးမင်းဦး(ပြန်/ဆက်)

**● ကျောဖုံးမှ**

မြောက်လတ္တီကျု ၁၇ ဒသမ ၅ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၄ ဒသမ ၈ ဒီဂရီတွင် ရှိပြီး ဗဟိုချက်လေဖိအား ၉၃၇ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၂၀ နှုန်း ဖြစ်သည်။

**ဆက်လက်ရွေ့လျားနေမည်ဟု ခန့်မှန်းရ**

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖနီ"သည် နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ဂိုလ်ပါပူရ်မြို့နှင့် ချန်ဘာလီမြို့အကြား ပူရီမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ပြီး အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖနီ"အဖြစ်သို့ အားလျော့ကာ မြောက်- အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနေမည်ဟု ခန့်မှန်းရသည်။

အဆိုပါ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖနီ"၏ အရှိန်ကြောင့် မေ ၂ ရက်မှ ၄ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

**ကြိုတင်သတိပြုနိုင်ရန် အကြံပြု**

အဆိုပါ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖနီ"၏ အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# အင်းလေးခေါင်တိုင်အပန်းဖြေစခန်းရှိ နဝမတန်းလူရည်ချွန်များ အင်းလေးကန်နှင့် ညောင်ရွှေမြို့နယ်အတွင်းရှိ အထင်ကရ နေရာများလေ့လာ

**ညောင်ရွှေ မေ ၂**

၂၀၁၉ ခုနှစ် အင်းလေးခေါင်တိုင် လူရည်ချွန်အပန်းဖြေစခန်းတွင် ရောက်ရှိနေသော နဝမတန်း လူရည်ချွန်လူငယ်မောင်မယ်များသည်ယနေ့တွင် အင်းလေးကန်နှင့် ညောင်ရွှေမြို့နယ်အတွင်းရှိ သမိုင်းဝင်စေတီများနှင့် အထင်ကရနေရာများကို သွားရောက်ဖူးမြော်လေ့လာကြသည်။

လူရည်ချွန်လူငယ်မောင်မယ်များသည် ယနေ့နံနက် ၇ နာရီက အင်းလေးကန်အတွင်း ဟဲယာရွာမရှိ စိန်သမာဓိငွေထည်လုပ်ငန်းသို့ သွားရောက်ကာ ရိုးရာငွေထည် လက်မှုပစ္စည်းများ ထုတ်လုပ်နေမှုကို လေ့လာကြသည်။ ယင်းနောက် အင်းပေါခုံကျေးရွာရှိ အင်းလေးရိုးရာရက်ကန်းစက်ရုံများဖြစ်သည့် အင်းပေါခုံရက်ကန်းစက်ရုံနှင့် ခေတ်ဆန်းယဉ် ပိုး၊ ပိုးချည်နှင့် ရက်ကန်းရုံတို့တွင် ရိုးရာအဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ ရက်လုပ်နေမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် လူရည်ချွန်လူငယ်မောင်မယ်များသည် ရှေးဟောင်းသမိုင်းဝင် အလိုတော်ပေါက်ဘုရားနှင့် အင်းလေးဖောင်တော်ဦးဘုရားများအား ဖူးမြော်လေ့လာကြကာ မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့ပေါ်ရှိ စော်ဘွား ၃၃ ဦး စံမြန်းခဲ့သော ညောင်ရွှေဟော်နန်းနှင့် ရွှေဇောခိမြို့ဦးစေတီတို့ကို ဖူးမြော်လေ့လာကြသည်။

အင်းလေးကန်ဒေသ၌ ကျေးရွာပေါင်း ၁၉၄ ရွာတည်ရှိရာ ၁၆၉ ရွာသည် အင်းလေးကန်အတွင်းတည်ရှိပြီး ရွှေပန်းထိမ်၊ ငွေပန်းထိမ်နှင့် ကြေးထည်လုပ်ငန်းများကို ဟဲယာရွာမတွင် အများဆုံးလုပ်ကိုင်ကြကာ ဆွမ်းတော်တင်ကလပ်၊ ရေခွက်၊ ရေကရား၊ ပန်းနှင့် ရှင်လောင်းအဝတ်တန်ဆာများစသည့် နိဗ္ဗာန်ကုန်များကို အများဆုံးပြုလုပ်ကြကြောင်း သိရသည်။ ဟဲယာရွာမတွင် ငွေပန်းထိမ်လုပ်ငန်းလုပ်ကိုင်လာသည်မှာ လွန်ခဲ့သည့် နှစ်ပေါင်း ၃၅၀ ခန့်မှ စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ပန်းထိမ်လုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြကြောင်း၊ အဆိုပါ ငွေပန်းထိမ်လုပ်ငန်းသည် ၁၉၉၆ ခုနှစ် မတိုင်မီက ဝယ်ယူသုံးစွဲသူ နည်းပါးမှုကြောင့် လုပ်ငန်းရပ်ဆိုင်းလုမတတ်ဖြစ်သွားပြီး လုပ်ကိုင်သူပညာရှင်နည်းပါးခဲ့ကာ ၁၉၉၆ ခုနှစ် မြန်မာနိုင်ငံခရီးသွားနှစ်ရောက်ရှိချိန်မှသာ ငွေပန်းထိမ်လုပ်ငန်းကို ခရီးသွားလုပ်ငန်းနှင့် တွဲဖက်ကာ ပုလဲနှင့် ငွေထည် လက်ဝတ်ရတနာများကိုပါ တိုးမြှင့်ထုတ်လုပ်ပြီး ဈေးကွက်ပြန်လည်ဖော်ဆောင်နိုင်မှုကြောင့် ငွေထည်လက်မှုလုပ်ငန်း ပြန်လည်ထွန်းကားလာခြင်းဖြစ်ကြောင်း စိန်သမာဓိငွေပန်းထိမ်လုပ်ငန်းပိုင်ရှင် ဦးစိန်လှိုင်က ပြောသည်။

အင်းလေးကန်အတွင်းရှိ ကျေးရွာများအနက် ရိုးရာရက်ကန်းလုပ်ငန်းကို ဟဲယာရွာမ၊ နန်းပန်၊ အင်းပေါခုံ ကျေးရွာများတွင် အများဆုံးလုပ်ကိုင်ကြပြီး ချည်ထည်၊ ပိုးထည်နှင့် ပဒုမ္မာကြာချည်ထည်များ အများအားဖြင့် ရက်လုပ်ကြသည်။ ထို့အတူ ပန်းပဲလုပ်ငန်းကို ဆည်ခေါင်းကျေးရွာနှင့် စဉ့်ထည်လုပ်ငန်းကို ကျောက်တိုင်ကျေးရွာများတွင် အများဆုံးပြုလုပ်ကြကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**



လူရည်ချွန်လူငယ်မောင်မယ်များ အင်းလေးကန်ပတ်ဝန်းကျင်ကို လေ့လာကြစဉ်။

# လူရည်ချွန်တစ်ယောက်ဖြစ်ဖို့ ရည်မှန်းချက်လည်းရှိရမယ်၊ ကြိုးစားအားထုတ်မှုလည်း ရှိရပါမယ်

**မခိုင်ရွှေရည်သင်း**

**၂၀၁၉ ခုနှစ် နဝမတန်းဘက်စုံထူးချွန် လူရည်ချွန်များကို ခေါင်တိုင်လူရည်ချွန်အပန်းဖြေစခန်းဖွင့်လှစ်၍ အင်းလေးဒေသတစ်ခွင် ဒေသန္တရဗဟုသုတများ ရရှိစေရန် လေ့လာရေးခရီးစဉ်များ ပို့ဆောင်ပေးလျက်ရှိသည်။**

**အဆိုပါ အင်းလေးခေါင်တိုင် လူရည်ချွန်စခန်းရှိ နဝမတန်းလူရည်ချွန်စခန်းမှ တာဝန်ရှိသူတစ်ဦးနှင့် နဝမတန်းလူရည်ချွန်လူငယ်အချို့အား တွေ့ဆုံမေးမြန်းမှုကို ဖော်ပြအပ်ပါသည် -**

**ဦးဝင်းမောင်(ညွှန်ကြားရေးမှူး)**
**အင်းလေးခေါင်တိုင်လူရည်ချွန်စခန်းမှူး**

ကျွန်တော်တို့ အင်းလေးခေါင်တိုင်လူရည်ချွန်အပန်းဖြေစခန်းမှာ ဒီနှစ် လူရည်ချွန် ၁၇၇ ဦးရှိပြီး ကြီးကြပ်သူ ဆရာဆရာမ ၁၈ ဦးပါပါတယ်။ ဒီလူရည်ချွန်တွေကတော့ မေ ၂ ရက်နေ့ကစပြီး အင်းလေးဒေသရဲ့အထင်ကရနေရာတွေနဲ့ ညောင်ရွှေမြို့ပေါ်က အထင်ကရနေရာတွေကို လေ့လာမှာပါ။ နောက်ရက်တွေမှာတော့ ပင်းတယ ရွှေဥမင်၊ ဟိုပုံးမြို့ မွေတော်ကက္ကူ၊ ထမ်စမ်းဂူနဲ့ တောင်ကြီးမြို့နယ်မှာရှိတဲ့ အထင်ကရနေရာတွေကို လေ့လာကြမှာပါ။ အခုလို ထူးချွန်ထက်မြက်တဲ့ကလေးတွေကို လူရည်ချွန်စခန်းတွေဖွင့်လှစ်ပြီး လေ့လာရေးစေလွှတ်ခြင်းအားဖြင့် မတူညီတဲ့ဒေသန္တရဗဟုသုတတွေကို သိရှိခွင့်ရရှိသွားမှာဖြစ်ပါတယ်။ နောင်တစ်ချိန်သူတို့တွေခေါင်းဆောင်ဖြစ်တဲ့အခါ မတူညီတဲ့ဒေသန္တရဗဟုသုတတွေကို သိရှိပြီးဖြစ်တဲ့အတွက် ပိုပြီးတော့ အထောက်အကူဖြစ်လာနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အခုလို ဘက်စုံထူးချွန်ထက်မြက်ပြီး စံပြဖြစ်တဲ့ကလေးတွေကို ချီးမြှောက်ပေးတာဟာ အလွန်ကောင်းတဲ့အစီအစဉ်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီကလေးတွေဟာ ကျောင်းခန်းထဲမှာပဲကြီးပြင်းလာသူတွေဖြစ်တယ်။ ဒီလိုခရီးတွေထွက်ခြင်းအားဖြင့် နယ်မြေအနေအထားတွေအားလုံးကို လေ့လာခွင့်ရတဲ့အတွက် ကောင်းပါတယ်။ အင်းလေးခေါင်တိုင်စခန်းဟာ ရာသီဥတုလည်း သာယာတဲ့အတွက် သူတို့တွေလည်း ပျော်ရွှင်ကြပါတယ်။



ဦးဝင်းမောင်(ညွှန်ကြားရေးမှူး)



မမြင့်မြတ်မျိုးသူ



မခိုင်ရွှေရည်သင်း



မောင်ခန့်ညားနန္ဒ

**မမြင့်မြတ်မျိုးသူ**
**အထက(၁)လက်ပံတန်း**
**ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊**
**လက်ပံတန်းမြို့နယ်**

ဒီလူရည်ချွန်ခရီးစဉ်မှာ လှေတစ်ခါမှ မစီးဖူးတော့ အင်းလေးကန်ထဲမှာ လှေစီးရတာ အလွန်ပဲပျော်ပါတယ်။ အင်းလေးဒေသမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ရိုးရာယဉ်ကျေးမှုတွေ၊ လက်မှုအနုပညာလုပ်ငန်းတွေကို လေ့လာခွင့်ရတယ်။ ဒေသခံတွေရဲ့ ဖော်ရွေမှုတွေကိုလည်း တွေ့ခွင့်ရတယ်။ ရက်ကန်းစင်တွေ၊ ပိုးထည်ချည်ထည်လုပ်ငန်းတွေ၊ ပန်းထိမ်လုပ်ငန်းတွေကို လေ့လာရတဲ့အတွက် ဗဟုသုတတွေလည်းရပါတယ်။ လူရည်ချွန်တွေက စပ်စပ်စုစုနဲ့ သိချင်တာတွေကိုလည်း သေချာရှင်းပြပေးတဲ့အတွက် သိချင်တာတွေကို သေသေချာချာသိခွင့်ရခဲ့ပါတယ်။ လူရည်ချွန်ဖြစ်အောင် ကြိုးစားကြပါလို့ မောင်လေးညီမလေးတွေကို တိုက်တွန်းချင်ပါတယ်။

**မခိုင်ရွှေရည်သင်း**
**အထက - မလွန်**
**မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊**
**မင်းလှမြို့နယ်**

ဒီလူရည်ချွန် ခရီးစဉ်အတွင်းမှာ အင်းလေးဒေသရဲ့ သဘာဝတွေ၊ အင်းလေးဒေသမှာရှိတဲ့ ဒေသခံတိုင်းရင်းသားတွေရဲ့အလုပ်အကိုင်တွေ အများကြီးကို လေ့လာရပါတယ်။ အရင်ကလည်း မရောက်ဖူးသေးတဲ့အတွက် အလွန်ပဲပျော်ဖို့ကောင်းပြီး စိတ်ဝင်စားဖို့လည်းကောင်းပါတယ်။ လူရည်ချွန်တစ်ယောက်ဖြစ်ဖို့အတွက် ရည်မှန်းချက်လည်းရှိရမယ်၊ ကြိုးစားအားထုတ်မှုလည်းရှိရပါမယ်။ ကံ၊ ဉာဏ်၊ ဝီရိယသုံးခုလုံး ပြည့်စုံရပါမယ်။

**မောင်ခန့်ညားနန္ဒ**
**ရန်ကုန်အနောက်ပိုင်းခရိုင်၊**
**ကမာရွတ်မြို့နယ်။**
**ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး**
**အထက်တန်းကျောင်း(TTC)**

ကျွန်တော်ကတော့ အဋ္ဌမတန်းနဲ့ နဝမတန်း နှစ်ထပ်ကွမ်းလူရည်ချွန်ဖြစ်ပါတယ်။ ကျွန်တော်က ငယ်ငယ်ကတည်းက လူရည်ချွန်ဖြစ်ချင်ခဲ့တာပါ။ အဲဒါကြောင့် အဋ္ဌမတန်းမှာလည်း အများကြီးကြိုးစားခဲ့ပါတယ်။ အဋ္ဌမတန်းလူရည်ချွန်အနေနဲ့ ပုဂံမှာလေ့လာရေးခရီးထွက်ရင်း သူငယ်ချင်းတွေနဲ့ တွေ့ပြီးနောက်ပိုင်း နောက်နှစ်မှာလည်း အင်းလေးကို ဆက်ပြီးသွားနိုင်ဖို့အတွက် ထပ်ပြီးကြိုးစားရမယ်ဆိုတဲ့ စိတ်အပြည့်ဖြစ်လာပါတယ်။ နောက်ထပ်လည်းငွေဆောင်မှာ သူငယ်ချင်းတွေနဲ့ တွေ့ရအောင် ဆက်ပြီး ကြိုးစားမှာပါ။ ဒီနေ့ မနက်ပိုင်းမှာ ငွေထည်လုပ်ငန်းကိုလေ့လာခွင့်ရပါတယ်။ အဲဒီမှာ ငွေထည်လက်မှုလုပ်ငန်းတွေ ထုတ်လုပ်နေတာကို သေချာလေ့လာခွင့်ရပါတယ်။ နောက်ပြီးတော့ ရက်ကန်းရုံမှာ ရက်ကန်းရက်နေတာတွေကိုလည်း သေချာလေ့လာခွင့် ရတာကြောင့် ကျွန်တော်တို့ တစ်ခါမှမတွေ့ဖူးသေးတာတွေကို လေ့လာရတာဖြစ်လို့ အလွန်ပဲစိတ်ဝင်စားဖို့ကောင်းပါတယ်။ နောက်ထပ်ညီလေး၊ ညီမလေးတွေကို ပြောချင်တာက စိတ်ဓာတ်ရေး၊ စည်းကမ်းရေး၊ ပညာရေး၊ အားကစားမှာပါ ဘက်စုံထူးချွန်တဲ့ လူရည်ချွန်တွေဖြစ်အောင် ကြိုးစားပါ။ လူရည်ချွန်ဖြစ်တာ အလွန်ပဲ ဂုဏ်ယူဖို့ကောင်းပါတယ်လို့ ပြောချင်ပါတယ်။ ကျွန်တော့်ကို ဆရာက ပြောဖူးပါတယ်။ လူရည်ချွန်ဆိုတာ တက်ကြွတဲ့ လူငယ်တွေလို့ ပြောပါတယ်။ အဲဒါကြောင့် ကိုယ်တိုင်လေ့လာထားတာတွေကို သူငယ်ချင်းတွေသာမက လက်လှမ်းမီရာကို ပြောပြမယ်။ တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့တွေကို ပိုမိုပြီးတော့ ထင်ရှားလာအောင် လုပ်ချင်ပါတယ်။

**တွေ့ဆုံမေးမြန်း - ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**

❄ *ကျောဖုံးမှ*

မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

“အိန္ဒိယက ပြန်လည်ဝယ်ယူမယ်ဆိုတဲ့ သတင်းကြားရုံနဲ့တင် ပြည်တွင်းက ကုန်သည်တွေက ကြိုတင်ဝယ်ယူမှုတွေရှိလာတာကြောင့် ဈေးနှုန်းက တရိပ်ရိပ်တက်လာတာ ဒီနေ့ဆို တစ်သိန်းအထိ ရောက်သွားတယ်။ နှစ်နှစ်အတွင်းမှာ ပဲစင်းငုံဈေးနှုန်းက စံချိန်တင်မြင့်တက်လာတယ်လို့ ပြောလို့တယ်။ ဝယ်ယူမှု စပြီးရပ်ဆိုင်းလိုက်တဲ့ ၂၀၁၇ ခုနှစ် အချိန်ကတည်းက ဈေးနှုန်းတွေ ကျဆင်းလာခဲ့တာ လေးသောင်းအထိ ရောက်ရှိခဲ့တဲ့အတွက် တောင်သူတွေရော ကုန်သည်တွေပါ အခက်အခဲတွေ ကြုံတွေ့ခဲ့ရတယ်။ အခု ၂၀၁၉ ခုနှစ် သင်္ကြန်အပြီးမှာတော့ ပြုံးနိုင်ပျော်နိုင်တဲ့ အနေအထားကို ရောက်ရှိသွားပါပြီ” ဟု ၎င်းက ပြောသည်။

ထို့အတူ မတ်ပဲနှင့် ပဲတီစိမ်းသီးနှံများမှာလည်း အိန္ဒိယမှ ပြန်လည်တင်သွင်းခွင့်ပြုမည့် သတင်းကြောင့် ဈေးနှုန်းများတရိပ်ရိပ် မြင့်တက်လာခဲ့ရာ ယခင်က သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ်ခြောက်သောင်းရှစ်ထောင်နှုန်းရှိခဲ့သော မတ်ပဲမှာ လက်ရှိတွင် ငွေကျပ်ခုနစ်သောင်းသုံးထောင်နှုန်း၊ ယခင်က သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ်တစ်သိန်းနှစ်သောင်းနှုန်းရှိခဲ့သော ပဲတီစိမ်းသီးနှံမှာ ယခုအခါ ငွေကျပ်တစ်သိန်းနှစ်သောင်းငါးထောင်နှုန်း အထိ တရိပ်ရိပ် မြင့်တက်လျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံသီးနှံမှာ တစ်နှစ်လျှင် တစ်ရာသီသာ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးနိုင်ပြီး အထက်အညာဒေသများဖြစ်သော မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ပြည်ပပို့ကုန်အဖြစ် အဓိကအားထားစိုက်ပျိုးကြသည့်သီးနှံဖြစ်ကြောင်း သိရသည်။

**အောင်ဖြိုးကျော်**

## ငလျင်ဆိုင်ရာလှုပ်ရှားမှုဖြစ်စဉ်နှင့် ငလျင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာအလုပ်ရုံဆွေးနွေး

**ရန်ကုန် မေ ၂**

မြန်မာနိုင်ငံ ငလျင်ကော်မတီက ဦးစီးကျင်းပသော(၇)ကြိမ်မြောက် ၂၀၁၉ ခုနှစ် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နိုင်ငံတကာငလျင်ဆိုင်ရာ လှုပ်ရှားမှုဖြစ်စဉ်နှင့် ငလျင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုအလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ခန်းမဆောင်၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါငလျင်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲသို့ ငလျင်နှင့်ပတ်သက်သော နိုင်ငံတကာသုတေသနပညာရှင်များ၊ မြန်မာနိုင်ငံ တက္ကသိုလ်အသီးသီးမှ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ဆန်းစစ်လေ့လာနေကြသော ဆရာဆရာမ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲကို မေ ၃ ရက်တွင် ဆက်လက်ပြုလုပ်မည်ဖြစ်သည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်ရီရီငြိမ်းက “မြန်မာနိုင်ငံ ငလျင်ကော်မတီက ၂၀၀၄ ခုနှစ် ဆူနာမီဖြစ်ပြီးကတည်းက နိုင်ငံတကာငလျင်ပညာရှင်တွေနဲ့ ပူးပေါင်းပြီး မြန်မာနိုင်ငံရဲ့ ပထဝီအနေအထားပြတ်ရွေ့ကြီးတွေ ဆန်းစစ်လေ့လာတယ်။ ဒီနေရာမှာ ငလျင်ဘာကြောင့်လှုပ်သလဲ၊ ဘယ်နှကြိမ်လှုပ်သလဲ၊ ရှေးဟောင်းစေတီပုထိုးတွေ ဘာကြောင့်ပြိုသလဲ၊ လေ့လာလို့ရတဲ့ သတင်းအချက်အလက်ကို ထုတ်ပြန်ပံ့ပိုးပေးနေတာပါ။ လူငယ်တွေမျက်စိဖွင့်နားစွင့် အခြေခံကျကျသိအောင် ခုလိုဆွေးနွေးပွဲမျိုး တက်ရောက်လေ့လာပါလို့ အကြံပြုချင်ပါတယ်”ဟုပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီအား လူထုပါတီ (The Party for People) အမည်သို့ ပြောင်းလဲခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၆၁ / ၂၀၁၉ )**
**၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်**
**( ၂၀၁၉ ခုနှစ်၊ မေလ ၂ ရက် )**

**စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီအား လူထုပါတီ (The Party for People) အမည်သို့ ပြောင်းလဲခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ အရ မှတ်ပုံတင်အမှတ် (၉၈) ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီ** သည် ယင်းပါတီ၏အမည်ကို **လူထုပါတီ (The Party for People)** အမည်သို့ ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏ တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီစိစစ်ပြီး ပါတီ၏အမည်ကိုပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီ** အား ၂-၅-၂၀၁၉ ရက်နေ့မှစ၍ **လူထုပါတီ (The Party for People)** အမည်ဖြင့် ပြောင်းလဲသတ်မှတ်ကြောင်း ကြေညာလိုက်သည်။

(လုံသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၆၀ / ၂၀၁၉ )**
**၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်**
**( ၂၀၁၉ ခုနှစ်၊ မေလ ၂ ရက် )**

**အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီ [The Yeomanry Development Party (YDP)] အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ပုသိမ်ညွန့် (၅)လမ်း၊ မြေညီထပ်၊ အမှတ်(၉)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အခြေခံလူတန်းစားဘဝ မြင့်မားရေးပါတီ [The Yeomanry Development Party (YDP)]** အား ၂၀၁၉ ခုနှစ်၊ မေလ ၂ ရက်နေ့ မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီ [The Yeomanry Development Party (YDP)]** ၏ မှတ်ပုံတင်အမှတ်မှာ (၁၁၃) ဖြစ်ပါသည်။

(လုံသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၂၀၁၉ အာရှဘိလိယက်ပြိုင်ပွဲ နေသွေးဦး ဗိုလ်လုပွဲတက်ရောက်

**ရန်ကုန် မေ ၂**

အိန္ဒိယနိုင်ငံ၌ ပြုလုပ်နေသည့် ၂၀၁၉ အာရှဘိလိယက်ပြိုင်ပွဲနှင့် အာရှ ယူ-၂၁ စနူကာပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ နံနက်ပိုင်းမှစ၍ ဆက်လက်ကျင်းပရာ မြန်မာ့လက်ရွေးစင် ဘိလိယက်ကစားသမား နေသွေးဦး ဗိုလ်လုပွဲ တက်ရောက်ခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် နေသွေးဦးသည် တစ်နိုင်ငံတည်း ကစားသမား ချစ်ကိုကိုအား ငါးပွဲ-သုံးပွဲဖြင့် အနိုင်ရခဲ့ပြီး အခြားပွဲတွင် ထိုင်းကစားသမား ပရာပွတ်က အိန္ဒိယကစားသမား အက်ဗာနီကို ငါးပွဲ-သုံးပွဲဖြင့် အနိုင်ရခဲ့သည်။ နေသွေးဦးသည် ချစ်ကိုကိုအား သုံးပွဲ-တစ်ပွဲအရှုံးမှ ပွဲငယ်လေးပွဲဆက်တိုက် အနိုင်ရခဲ့ခြင်းဖြစ်သည်။ နေသွေးဦးသည် ချစ်ကိုကိုအား ၅-၁၀၁ မှတ်၊ ၁၀၁-၈၉ မှတ်၊ ၆-၁၀၀ မှတ်၊ ၄၇-၁၀၀ မှတ်၊ ၁၀၁-၂၆ မှတ်၊ ၁၀၃-၄၂ မှတ်၊ ၁၀၀-၈၀ မှတ်၊ ၁၀၂-၈ မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပရာပွတ်သည် လက်ရှိချန်ပီယံ အက်ဗာနီကို အနိုင်ယူခဲ့ခြင်းဖြစ်ပြီး ဗိုလ်လုပွဲတွင် နေသွေးဦးနှင့် ပရာပွတ်တို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာဘိလိယက်အဖွဲ့သည် ယင်းပြိုင်ပွဲတွင် ဘိလိယက်ကစားသမားသုံးဦး၊ ယူ-၂၁ စနူကာ ကစားသမားနှစ်ဦးဖြင့် ယှဉ်ပြိုင်ခဲ့ပြီး နေသွေးဦးက ဗိုလ်လုပွဲတက်ရောက်ခဲ့ကာ ချစ်ကိုကိုက ဆီမီးဖိုင်နယ်၊ ကျန်ကစားသမားသုံးဦးက အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ နေသွေးဦးနှင့် ပရာပွတ်တို့၏ ဗိုလ်လုပွဲကို မေ ၃ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ရဲရင့်ရှိန်း**

❖ *ကျောဖုံးမှ*

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၈ ခုနှစ်တွင် ယူ-၁၆ ပြိုင်ပွဲအဖြစ် ကျင်းပခဲ့ပြီးယခုနှစ်တွင် ယူ-၁၅ ပြိုင်ပွဲအဖြစ် ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းသည် ပြီးခဲ့သည့်နှစ်တွင် ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့ပြီး ထိုင်းကိုရှုံးနိမ့်ကာ ဒုတိယဆုဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၁၅ အမျိုးသမီးအသင်းသည် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး ရက်ပိုင်းအတွင်း အပြီးသတ်လူစာရင်း ထုတ်ပြန်ကြေညာမည် ဖြစ်သည်။

**ရဲရင့်ရှိန်း**

# လာအို၌ ကျင်းပခဲ့သည့် အကယ်ဒမီဘောလုံးပြိုင်ပွဲတွင် မြန်မာနုလုံးသားဘောလုံးအသင်း ဒုတိယနှင့် ရွှေဖိနပ်ဆုရရှိ

**ရန်ကုန် မေ ၂**



မြန်မာနုလုံးသားဘောလုံးအသင်းနည်းပြနှင့် ကစားသမားများကို တွေ့ရစဉ်။

လာအိုနိုင်ငံ အိမ်ရှင်အဖြစ် ဧပြီ ၂၆ ရက်မှ ၂၉ ရက် အထိကျင်းပခဲ့သည့် အကယ်ဒမီ ပေါင်းစုံ ဘောလုံးပြိုင်ပွဲ The 1st Kiettisack International Football Tournament ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာနိုင်ငံမှ မြန်မာနုလုံးသားဘောလုံး အကယ်ဒမီ A Heart For Myanmar Football Academy အဖွဲ့သည် ဒုတိယနှင့် ရွှေဖိနပ်ဆုရရှိပြီး ဧပြီ ၃၀ ရက် ညပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ဖောင်ဒေးရှင်းဒါရိုက်တာ ဦးမျိုးမြင့်အောင်နှင့် တာဝန်ရှိသူများ၊ ဘောလုံးကစားသမားများ၊ မိဘဆွေမျိုးများ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

ပြိုင်ပွဲတွင် အိမ်ရှင်လာအိုအသင်းက ပထမ၊ မြန်မာအသင်းက ဒုတိယ၊ ထိုင်းအသင်းက တတိယရရှိခဲ့ကြပြီး မြန်မာအသင်းမှ အကောင်းဆုံးဘောလုံးသမားဆု (ရွှေဖိနပ်) ဆုကို ကျောနံပတ် ၁၀ မောင်ရီကိုက ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အိမ်ရှင်လာအို၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် စင်ကာပူနိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။ မြန်မာနုလုံးသားအကယ်ဒမီဘောလုံးသင်တန်းကျောင်းသည် ၂၀၁၅ခုနှစ်ကစတင်ဖွဲ့စည်းခဲ့ပြီး ဘောလုံးအားကစားသမားများအား ပြည်ပနည်းပြများဖြင့် သင်ကြားပေးလျက်ရှိကာ ထူးချွန်ထက်မြက်သော ကစားသမားများအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် လက်အောက်ရှိကလပ်အသီးသီးသို့ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဗလစိုး**

# ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဘာစီလိုနာအသင်း လီဗာပူးကို ဂိုးပြတ်အနိုင်ရ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့ ပွဲစဉ်တစ်ပွဲဖြစ်သော ဘာစီလိုနာနှင့် လီဗာပူးအသင်းတို့ မေ ၂ရက် နံနက်ပိုင်းက နူးကမ့်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကာ အိမ်ရှင်ဘာစီလိုနာအသင်း သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် ဘာစီလိုနာသည် ၄-၃-၃ ကစားကွက်ဖြင့် တိုက်စစ်တွင် ကော်တင်ဟို၊ ဆွာရက်ဇ်နှင့် မက်ဆီတို့ ပွဲထွက်လာသည်။ ဧည့်သည် လီဗာပူးအသင်းသည် ၄-၃-၁-၂ ပုံစံဖြင့် တိုက်စစ်တွင် ဆာလက်နှင့် မာနေးတို့ ပါဝင်ခဲ့သည်။ ပထမပိုင်း ပွဲချိန် ၂၆မိနစ် ဂျော်ဒီအယ်လ်ဘာ၏ ဖြတ်တင်ဘောကို ဆွာရက်ဇ်က ပိတ်သွင်းယူခဲ့၍ ဘာစီလိုနာတို့ ဦးဆောင်ဂိုးရရှိခဲ့သည်။ ယင်းဂိုးသည် ဆွာရက်ဇ်အတွက် ယခုနှစ်ရာသီ ချန်ပီယံလိဂ် ပထမဆုံးသွင်းဂိုးဖြစ်သည်။ ဒုတိယပိုင်း ပွဲချိန် ၇၅မိနစ်တွင် အသင်းခေါင်းဆောင် မက်ဆီက ဘာစီလိုနာအတွက် ဒုတိယဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၈၂မိနစ်တွင် မက်ဆီသည် ဘာစီလိုနာအတွက် တတိယဂိုးကို ပြစ်ဒဏ်ဘောမှ တိုက်ရိုက်သွင်းယူခဲ့သည်။ ယနေ့ပွဲတွင် မက်ဆီသည် နှစ်ဂိုးသွင်းယူခဲ့၍ ကလပ်ကစားသမားဘဝတွင် ဂိုး ၆၀၀ ပြည့်ခဲ့သည်။ မက်ဆီသည် ဘာစီလိုနာနှင့် ကလပ်ပွဲပေါင်း ၆၈၃ပွဲတွင် လာလီဂါပြိုင်ပွဲ၌ ၄၁၇ဂိုး၊ ချန်ပီယံလိဂ် ၁၁၂ဂိုး၊ စပိန်ဘုရင့်ဖလား ဂိုး၅၀၊ စပိန်စူပါဖလား ၁၃ဂိုး၊ ကမ္ဘာ့ကလပ်ချန်ပီယံတွင် ငါးဂိုးနှင့် ဥရောပစူပါဖလားတွင် သုံးဂိုးသွင်းယူခဲ့ကာ စုစုပေါင်း ဂိုး ၆၀၀ ပြည့်ခဲ့ခြင်းဖြစ်သည်။ ယနေ့ပွဲတွင် လီဗာပူးအသင်း ဂိုးပြတ် ရှုံးနိမ့်ခဲ့သော်လည်း အဝေးကွင်း၌ ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၅ကြိမ်ထိရရှိကာ လေးကြိမ် ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။ အိမ်ရှင် ဘာစီလိုနာသည် ဂိုးကန်သွင်းခွင့် ၁၂ကြိမ်ရရှိခဲ့ပြီး ငါးကြိမ် ဂိုးပေါက်ခြိမ်းခြောက် နိုင်ခဲ့သည်။

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်ကို အင်္ဂလန်မြေတွင် မေ ၈ရက် နံနက်ပိုင်း၌ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

သီဟ

# နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မေ ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် **ကချင်ပြည်နယ် ပြည်သူ့ပါတီ [Kachin State People's Party (KSPP)]** က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက် လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ အမှတ်(၃၈၆)တွင် ပါတီရုံးချုပ်တည်ရှိသော **ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People's Party (KSPP)]** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီ အဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၃၀-၄-၂၀၁၉ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက် အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။


**ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People's Party (KSPP)] ၏ အလံပုံစံ**



**ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People's Party (KSPP)] ၏ တံဆိပ်ပုံစံ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပဲခူး - ညောင်လေးပင် ရထားလမ်းပိုင်း၌ အစားထိုးမည့်သံလမ်းများရောက်ရှိ

**ရန်ကုန် မေ ၂**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် မီးရထားခရီးသွားပြည်သူများသွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်-မန္တလေး ရထားသံလမ်းများ အဆင့်မြှင့်တင်ရေးအတွက် ဂျပန်နိုင်ငံမှပေးပို့သည့် သံလမ်းများ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာရာ ယမန်နေ့ မွန်းလွဲပိုင်းက သင်္ဘောပေါ်မှ သယ်ချခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသည်။

" ဒီသင်္ဘောက မနေ့က နေ့လယ်ပိုင်းမှာ ရောက်ရှိလာပါတယ်။ ဂျပန်နိုင်ငံကနေ သယ်ဆောင်လာပြီးတော့ တန်ချိန် ၂၀၀၀ တင်ဆောင်လာပါတယ်။ ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ခြင်းကို Phase 1 နဲ့ Phase 2 ဆိုပြီး ဆောင်ရွက်ပါတယ်။ Phase 1ကတော့ ရန်ကုန်- တောင်ငူလမ်းပိုင်းဖြစ်ပြီးတော့ Phase 2 ကတော့ တောင်ငူကနေ မန္တလေးအထိဖြစ်ပါတယ်။ တစ်ခါ Phase 1 ကိုပဲ အပိုင်း ၃ပိုင်း ထပ်ခွဲပါတယ်။ ရန်ကုန်- ပဲခူးလမ်းပိုင်း၊ ပဲခူး-ညောင်လေးပင်လမ်းပိုင်း၊ ညောင်လေးပင်- တောင်ငူလမ်းပိုင်းတို့ပဲဖြစ်ပါတယ်။ ယခုရောက်ရှိလာတဲ့သံလမ်းတွေကတော့ ပဲခူး-ညောင်လေးပင်လမ်းပိုင်းအတွက် ဖြစ်ပါတယ်" ဟု မြန်မာ့မီးရထား တိုင်းအမှတ် (၇) သွားလာပို့ဆောင်ရေး တိုင်းမန်နေဂျာ ဦးဇော်လွင်က ပြောသည်။

လက်ရှိ ရန်ကုန် -မန္တလေး မီးရထားလမ်းတွင် အသုံးပြုနေသော သံလမ်းများမှာ ပေါင်အားဖြင့် ၇၅ ပေါင်ရှိပြီး အရှည် ၃၉ ပေ ရှိကြောင်း၊ ယင်းအတွက် တစ်နာရီလျှင် ၄၃ မိုင်ခွင့်ပြုထားသော်လည်း အမှန်တကယ် ၃၅ မိုင်နှုန်းသာ ခုတ်မောင်းနိုင်ကြောင်း၊ ယခု ဂျပန်နိုင်ငံမှရောက်ရှိလာသော သံလမ်းများမှာ ပေါင်အားဖြင့် ၁၁၀ ရှိပြီး အရှည် ၈၂ ပေ ရှိကြောင်း၊ တစ်နာရီလျှင် မိုင် ၅၀ မှ ၆၂ မိုင်အထိ ခုတ်မောင်းနိုင်မည်ဖြစ်ကြောင်းသိရသည်။

ပဲခူး- ညောင်လေးပင် လမ်းပိုင်းအတွက် ရောက်ရှိလာသော သံလမ်းများကို လာမည့်အောက်တိုဘာလတွင် သံလမ်းအစားထိုးလုပ်ငန်းကို စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရထားသံလမ်းများရောက်ရှိမှုမှာ ရန်ကုန် - ပဲခူးလမ်းပိုင်းအတွက် သင်္ဘော ခြောက်စင်း၊ ပဲခူး-ညောင်လေးပင်အပိုင်းအတွက် သင်္ဘော ခုနစ်စင်း၊ ညောင်လေးပင်- တောင်ငူ အပိုင်းအတွက် သင်္ဘော ကိုးစင်း ရောက်ရှိမည်ဖြစ်ကြောင်း၊ Phase 1 တစ်ခုလုံး ဖြစ်သည့် ရန်ကုန်- တောင်ငူ အပိုင်းသည် ၂၀၂၂- ၂၀၂၃ တွင် ပြီးစီးရန် ခန့်မှန်းထားကြောင်းသိရသည်။


ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသည့် ဂျပန်နိုင်ငံမှပေးပို့သော သံလမ်းများ ချနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ - အာကာစိုး

ယခု အစားထိုး ဆောင်ရွက်မည့် ဂျပန်သံလမ်းများမှာ သံလမ်းအဆက်များနည်းပညာသစ်အရ ဆောင်ရွက်ထားသဖြင့် သံလမ်းဆောင့်မှုနည်းပါးပြီး ငြိမ့်ညောင်းသက်သာစွာ ခုတ်မောင်းသွားလာနိုင်မည်ဖြစ်ကြောင်းသိရသည်။

**အေးကေလင်း**

# မြို့လှမြို့ ရန်ကုန် - မန္တလေးအစုန်လမ်းပိုင်းတွင် အမှတ် ၁၀ အစုန်ရထား တွဲချော်ကျမှုဖြစ်ပွား

**ရေတာရှည် မေ ၂**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှမြို့ ရန်ကုန်-မန္တလေးရထားလမ်း အစုန်လမ်းပိုင်းတွင် ရွှေညောင်မှ ရန်ကုန်သို့ ထွက်ခွာလာသည့် အမှတ်(၁၀) လူစီးကုန်ရထားသည် မေ ၂ ရက် နံနက် ၃ နာရီ ၂၅ မိနစ်အချိန် မိုင်တိုင် ၂၀၁/၈ နှင့် ၉ အကြား ရထားလမ်းကူးအနီး အရောက် ကုန်စိမ်းတွဲနှစ်တွဲ လမ်းချော်ကျခဲ့ခြင်းဖြစ်သည်။


တွဲချော်မှုဖြစ်သည့် ရထားတွဲများ ပြန်လည်ပြင်ဆင်ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

စက်ခေါင်းမောင်း ဦးငွေဝင်းမောင်းနှင်သည့် စက်ခေါင်းအမှတ် DF 2026 တွင် လူစီးတွဲ ခြောက်တွဲ၊ ကုန်စိမ်းတွဲ နှစ်တွဲ၊ ဂတ်ဗိုလ်တွဲ တစ်တွဲ ပါရှိပြီး ကုန်စိမ်းများ တင်ဆောင်ထားသည့် တွဲနှစ်တွဲ DAEWOO GBHV-40070 နှင့် GBHV 40323 တို့ လမ်းအရှေ့ဘက်သို့ ချော်ကျခဲ့ခြင်းဖြစ်သည်။ "လောလောဆယ်တော့ အစုန်လမ်းပိုင်း ခေတ္တပိတ်ထားပါတယ်။ တွဲတွေကို ပြန်မြှောက်ပြီး လမ်းပေါ် ပြန်တင်မှာပါ သိပ်တော့မကြာပါဘူး" ဟု မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ တွဲချော်ကျမှုကြောင့် ကုန်စိမ်းတွဲနှစ်တွဲနှင့် ဂတ်ဗိုလ်တွဲကို ဖြုတ်၍ ရထားမှာ ဆက်လက်ထွက်ခွာခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။

**သန်းလွင်**

# ဒီးမော့ဆိုမြို့နယ်တွင် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် မီးတိုင်အချို့ကျိုးကျ

**ဒီးမော့ဆို မေ ၂**
ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် မေ ၂ ရက် ညနေ ၃ နာရီခွဲက မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ငွေတောင်ကျေးရွာအုပ်စု ဒေါကလိုးခူကျေးရွာအတွင်း သွယ်တန်းထားသော လျှပ်စစ်မီးတိုင် ရှစ်တိုင် ကျိုးကျပြီး လေးတိုင် ယိုင်လဲကာ လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ မြို့နယ်လျှပ်စစ်တာဝန်ခံ ဦးသီဟဝင်းနှင့် ဝန်ထမ်းများ၊ အုပ်စုအုပ်ချုပ်ရေးမှူးတို့က လိုအပ်သည်များဆောင်ရွက်နိုင်ရန် လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

# တရားမဝင်သစ်များ ရှာဖွေဖော်ထုတ် ဖမ်းဆီး

**နေပြည်တော် မေ ၂**
သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများကို ကွင်းဆင်းရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၂ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သစ်တောဦးစီးဌာနများမှ ပေးပို့လာသည့် စာရင်းများအရ ကျွန်း ၂၀၄ ဒသမ ၅၂၂၈တန်၊ သစ်မာ ၁၅၆ ဒသမ ၂၉၉၆ တန်နှင့် အခြားသစ် ၃၇၀ ဒသမ ၁၉၃၄ တန် ဖြစ်ပြီး စုစုပေါင်း ၇၃၁ ဒသမ ၀၂၆၈ တန်၊ ပြစ်မှုကျူးလွန်သူ ၇၇ ဦးနှင့် ယာဉ်၊ ယန္တရားအစီး ၃၀ ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုများတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ်အတွင်းမှ အင်ကြင်း၊ အင်သစ်လုံး၊ ခွဲသား၊ လုံးပတ် သုံးပေအောက် သစ် ၈၀ ဒသမ ၃၃၆၈ တန်နှင့် အင်ဂျင် သုံးလုံးတို့ကို ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လှမော်**

# မြန်မာ့ရုပ်မြင်သံကြား

၃-၅-၂၀၁၉ (သောကြာနေ့)

**နံနက်ပိုင်း**
၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန" "ချင်းပြည်နယ်"(ဟားခါး)
၁၂း၃၅ - " ဒေါက်တာအရှင်ဓမ္မသာမိ၊ အောက်စဖိုဒ်ဆရာတော်၏ လူ့ဦးနှောက်၊ လူ့စိတ်၊ လူ့အသိုင်းအဝိုင်းမှာ အခြေခံတဲ့ ငြိမ်းချမ်းရေးတရားတော်"

**ညပိုင်း**
၁၆း၂၀ - ရထားလမ်း အန္တရာယ်
၁၈း၂၀ - BBC Click
၁၉း၂၀ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၆)
၂၀း၀၀ - ပြည်တွင်းသတင်း
၂၀း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "ပြန်ကြားရေးဝန်ကြီးဌာန" "ကချင်ပြည်နယ်" (မြစ်ကြီးနား)
- နိုင်ငံခြားဇာတ်လမ်းတွဲ "ကိုယ့်ဘဝရဲ့လင်းရောင်ခြည်" (အပိုင်း-၂၁)

# မရမ်းချောင်စစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ စားသောက်ကုန်များ စစ်ဆေးတွေ့ရှိ

**နေပြည်တော် မေ ၂**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၇၈ စီး၊ သွင်းကုန် ၁၈၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၆ စီး၊ သွင်းကုန် ၁၆၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၈၇၉ သန်းတန်ဖိုးရှိ စားသောက်ကုန်ပစ္စည်း ငါးမျိုး စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်အတွင်း တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂**
သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်စစ်ကြောင်းအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၉ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာအုပ်စု စံပြကျေးရွာ (က)လမ်း အမှတ် (၂/၃၄) ဦးလှဦး၏ နေအိမ်ခြံဝင်းမှ တရားမဝင် ကျွန်းခွဲသား ၁ ဒသမ ၅၃၅၄ တန်၊ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် မုံရွာ-ယာကြီး-ကလေးဝကားလမ်း (၃၅/၅)မိုင်အနီးတွင် လေးလုံးထိုးထော်လာဂျီ ယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား ၃ ဒသမ ၁၄၆၆ တန်နှင့် ပြစ်မှုကျူးလွန်သူ တစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် မုံရွာမြို့နယ်၊ အလုံ-ထန်းတောရပ်တွင် မော်တော်ယာဉ်သုံးစီးပေါ်မှ တရားမဝင်ပိတောက်ခွဲသား ၄ ဒသမ ၁၅၀၀ တန်၊ ရခိုင်ပြည်နယ် သံတွဲခရိုင်၊ တောင်ကုတ်မြို့နယ် ညောင်ဖောက်ကျေးရွာ အနောက်ဘက် နှစ်ဖာလုံခန့်အကွာ နေရာမှ တရားမဝင် တောင်စကိုင်းခွဲသား ၅ ဒသမ ၇၄၂၆ တန်တို့အား ပိုင်ရှင်မဲ့ ဖမ်းဆီးရမိပြီး ဆက်စပ်ပတ်သက်သူများကို စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လှမော်**

# မိုးကောင်း၌ ချောင်းကမ်းပါးမြေထိန်းနံရံဆောက်ရွက်စဉ် ဗုံးသီးဟောင်းတစ်လုံး တွေ့ရှိ

**မိုးကောင်း မေ ၂**
ကချင်ပြည်နယ် မိုးကောင်းမြို့၌ မေ ၂ ရက် နံနက်က ချောင်းကမ်းပါးမြေထိန်းနံရံလုပ်ငန်း ဆောင်ရွက်စဉ် ဗုံးသီးဟောင်းတစ်လုံးတွေ့ရှိခဲ့သည်။ **(ဓါတ်ပုံ)**

ဖြစ်စဉ်မှာ မေ ၂ ရက် နံနက် ၁၀ နာရီခွဲက မိုးကောင်းချောင်းကမ်းပါး မြေထိန်းနံရံလုပ်ငန်း ဆောင်ရွက်နေသည့် ချမ်းမြေ့ဦး ဆောက်လုပ်ရေးကုမ္ပဏီမှ ဘက်ဟိုးယာဉ်မောင်းနှင်သူ ညီညီ(၃၀) နှစ်သည် ချောင်းကမ်းပါးရှိ မြေသားများအား ကုပ်ယူစဉ် အရှည် ၁၀ လက်မ၊ အချင်း သုံးလက်မခန့်ရှိ နောက်တွင် ဒလက်ပါရှိသည့် မော်တာဗုံးသီးဟောင်းတစ်လုံးကို တွေ့ရှိခဲ့၍ နတ်ကြီးကုန်း ရပ်ကွက်အုပ်ချုပ်ရေးမှူးအား အကြောင်းကြားခဲ့သည်။



အဆိုပါဗုံးသီးတွေ့ရှိသည့်နေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်း၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှချို့နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကာ ဗုံးသီးဟောင်းအား နယ်မြေခံတပ်သို့မှ စနစ်တကျ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

**မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်**

# တရုတ်နှင့် ထိုင်းရေတပ် ပူးတွဲလေ့ကျင့်

**ပေကျင်း မေ ၂**
တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံရေတပ်တို့သည် Blue Commando-2019 ဟု အမည်ပေးထားသည့် ပူးတွဲလေ့ကျင့်ရေးတစ်ခုကို မေ ၂ ရက်က စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပူးတွဲလေ့ကျင့်မှုတွင် ပါဝင်ရန် ထိုင်းရေတပ်မှ သင်္ဘောများ တရုတ်နိုင်ငံ ကွမ်တုံပြည်နယ်တောင်ပိုင်း ကျန်ကျန့်ဆိပ်ကမ်းမြို့သို့ ရောက်ရှိလာခဲ့သည်။ အဆိုပါသင်္ဘောများကို တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တောင်ပိုင်းစစ်နယ်ဝန်း ရေတပ်ဌာနချုပ် ရေတပ်မှ ကြိုဆိုခဲ့သည်။

ပူးတွဲလေ့ကျင့်မှုတွင် တရုတ်နှင့် ထိုင်းရေတပ်သင်္ဘောများနှင့် ကမ်းတက်တပ်ဖွဲ့များ ပူးပေါင်းပါဝင်မည်ဖြစ်ပြီး ၎င်းတို့သည် ရေတပ်သင်္ဘောစုမှ ကာကွယ်ခြင်း၊ ကမ်းတက်စစ်ဆင်ခြင်း၊ တိုက်ပွဲဆင်နွှဲပုံလေ့ကျင့်ခြင်း၊ ရေကြောင်းကယ်ဆယ်ခြင်း စသည်တို့ ပါဝင်သည်။ အဆိုပါလေ့ကျင့်မှုများကို မြေပြင် ရေပြင် နှစ်မျိုးလုံးတွင် ပြုလုပ်မည်ဖြစ်သည်။

မေ ၂ ရက်မှ စတင်သည့် အဆိုပါ နှစ်နိုင်ငံပူးတွဲလေ့ကျင့်မှုသည် ရက်အနည်းငယ်ကြာမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



ပူးတွဲလေ့ကျင့်မှု တစ်စိတ်တစ်ပိုင်းကို တွေ့ရစဉ်။

# အီရန်မှ ရေနံတင်ပို့သည့်နိုင်ငံများအပေါ် ပိတ်ဆို့မှုကင်းလွတ်ခွင့်ကို အမေရိကန်ရုပ်သိမ်း

**ဝါရှင်တန် မေ ၂**
အရေးယူပိတ်ဆို့မှုများမရှိဘဲ အီရန်မှ ရေနံများကို တင်ပို့ခွင့်ပြုထားသည့် နိုင်ငံများအပေါ် ပေးထားသည့် ပိတ်ဆို့မှုကင်းလွတ်ခွင့်ကို မေ ၂ ရက်တွင် အမေရိကန်က ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် နိုဝင်ဘာလက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့သည် အီရန်မှ ရေနံများတင်ပို့မှုပြုလုပ်နေသည့် နိုင်ငံအချို့ကို ပိတ်ပင်မှုပြုလုပ်ခဲ့သည်။ အမေရိကန်သည် အီရန်၏ နျူကလီးယားဖွံ့ဖြိုးရေး ဆောင်ရွက်မှုများကို ကန့်သတ်ထိန်းချုပ်လိုက်သည့်အနေဖြင့် အီရန်နိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများကို ဖယ်ရှားသည့် ၂၀၁၅ ခုနှစ် သဘောတူစာချုပ်မှ နုတ်ထွက်ခဲ့သည်။




ရေနံသန့်စင်စက်ရုံတစ်ခုကို တွေ့ရစဉ်။

အမေရိကန်သည် မေ ၁ ရက်နေ့မတိုင်မီအထိ အီရန်မှ ရေနံတင်ပို့သည့် နိုင်ငံပေါင်းခုနစ်နိုင်ငံတို့ကို ရက်ပေါင်း ၁၈၀ ကြာအောင် ပိတ်ဆို့မှုမှ ကင်းလွတ်ခွင့်ပေးထားခဲ့သည်။ ပြီးခဲ့သည့်လက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် အမေရိကန်က နောက်ဆုံးသတ်မှတ်ပေးထားသည့် အချိန်ထက်ပို၍ ကင်းလွတ်ခွင့်ပြုမည် မဟုတ်ကြောင်း ကြေညာခဲ့သည်။

သမ္မတထရမ့်၏ အစိုးရအဖွဲ့သည် အီရန်မှ ရေနံများတင်ပို့မှုရာခိုင်နှုန်းကို သုညအထိ လျှော့ချရန် တိုက်တွန်းခဲ့ပြီး အီရန်မှ ရေနံဝယ်ယူနေသည့် ကုမ္ပဏီများအပေါ် အရေးယူပိတ်ဆို့မှုများချမှတ်ရန် ရည်ရွယ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အမေရိကန်သည် အီရန်၏ အသက်သွေးကြောသဖွယ်ဖြစ်သည့် ရေနံစိမ်းများ တင်ပို့မှုအားလုံးကို လျှော့ချသွားစေခြင်းအားဖြင့် အီရန်၏ ဦးဆောင်မှုကို ရိုက်ခတ်မှုဖြစ်လာစေရေး လုပ်ဆောင်သွားရန် မျှော်လင့်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ထိပ်တန်းသတင်းအချက်အလက်ပေါက်ကြားမှုဖြင့် ဗြိတိန်ကာကွယ်ရေးဝန်ကြီးကို ရာထူးမှ ထုတ်ပယ်

**လန်ဒန် မေ ၂**
ခွင့်ပြုချက်မရှိသည့် သတင်းအချက်အလက်များကို ထုတ်ဖော်ဖွင့်ဟမှုဖြင့် ဗြိတိန်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဂါဗင်ဝီလီယံဆင်ကို ဝန်ကြီးရာထူးမှ ထုတ်ပယ်လိုက်ကြောင်း ဒေါင်းနင်းလမ်းဝန်ကြီးချုပ် အိမ်တော်က မေ ၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဝန်ကြီးချုပ်အိမ်တော် ပြောရေးဆိုခွင့်ရှိသူက ယင်းနေ့ညနေပိုင်းတွင် ဝန်ကြီးချုပ်သည် ဂါဗင်ဝီလီယံဆင်အား ခေါ်ယူတွေ့ဆုံခဲ့ပြီးနောက် ၎င်းကို အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးအနေဖြင့်သာမက ကာကွယ်ရေးဝန်ကြီးတစ်ဦးအနေဖြင့်ပါ ယုံကြည်၍မရတော့သည့်အတွက် ရာထူးမှ နုတ်ထွက်ပေးရန် ပြောခဲ့သည်ဟု ဆိုသည်။

ဗြိတိန်နိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အစည်းအဝေးတွင် ခွင့်ပြုချက်မရှိသည့် သတင်းအချက်အလက်များကို ထုတ်ဖော်ပြောဆိုခဲ့သည့် ဝီလီယံဆင်၏ လုပ်ရပ်များကြောင့် ဝန်ကြီးချုပ်က ယခုလို ဆုံးဖြတ်ချက်ချလိုက်ခြင်းဖြစ်ကြောင်း သိရသည်။


အဆိုပါကိစ္စအပေါ် အနီးကပ် စုံစမ်းစစ်ဆေးမှုပြုလုပ်နေစဉ်အတွင်း ပူးပေါင်းပါဝင်ခဲ့သည့် အမျိုးသားလုံခြုံရေးကောင်စီ အဖွဲ့ဝင်အားလုံးကို ဝန်ကြီးချုပ်က ကျေးဇူးတင်ကြောင်း ပြောခဲ့သည်။

ဝီလီယံဆင်သည် ကာကွယ်ရေးဝန်ကြီး မိုက်ကယ်ဖယ်လွန် ရုတ်တရက် ရာထူးမှ အနားယူခဲ့သည့် ၂၀၁၇ ခုနှစ်မှစကာ ဗြိတိန်ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့သည်။

ဗြိတိန်အစိုးရသည် ဝီလီယံဆင်၏နေရာတွင် ပန်နီမော်ဒန့်အား ကာကွယ်ရေးဝန်ကြီးသစ်အဖြစ် ခန့်အပ်ခဲ့သည်။ ၎င်းသည် ယခင်က နိုင်ငံတကာဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

မော်ဒန့်သည် နိုင်ငံ၏ ပထမဆုံး အမျိုးသမီးကာကွယ်ရေးဝန်ကြီး ဖြစ်လာမည်ဖြစ်ကြောင်းနှင့် ၎င်း၏ နိုင်ငံတကာဖွံ့ဖြိုးရေးဝန်ကြီးရာထူးကို လက်ရှိတရားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေသည့် ရိုဝီစတီးဝက်တ်က ဆက်ခံသွားမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

**ဆင်ဟွာ**



ရာထူးမှ ထုတ်ပယ်ခံရသည့် ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဂါဗင်ဝီလီယံဆင်။

# ဆိုင်ကလုန်းမုန်တိုင်းဖန်နီ အိန္ဒိယနိုင်ငံဆီသို့ ဦးတည်နေသည့်အတွက် လူရှစ်သိန်းခန့်ကို ကယ်ဆယ်ရွှေ့ပြောင်း

**နယူးဒေလီ မေ ၂**
အင်အားပြင်း ဆိုင်ကလုန်းမုန်တိုင်းတစ်ခု အိန္ဒိယနိုင်ငံ အရှေ့ပိုင်းဆီသို့ ဦးတည်လာနေသည့်အတွက် ပြည်သူ ၈၀၀၀၀၀ နီးပါးကို မုန်တိုင်းဝင်ရောက်လာနိုင်သည့် လမ်းကြောင်းမှ ကယ်ဆယ်ရွှေ့ပြောင်းမှုများ ပြုလုပ်နေကြောင်း အာဏာပိုင်များက မေ ၂ ရက်တွင် ပြောကြားခဲ့သည်။ ဆိုင်ကလုန်းမုန်တိုင်းသည် လေတိုက်နှုန်း တစ်နာရီလျှင် ၂၀၀ ကီလိုမီတာ (၁၂၅ မိုင်) နှုန်းဖြင့် တိုက်ခတ်နေပြီး မိုးအဆက်မပြတ်ရွာသွန်းလျက်ရှိကြောင်း သိရသည်။

အလွန်အင်အားပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်း ဖန်နီ ဝင်ရောက်မှုကြောင့် ပြည်သူ သန်း ၁၀၀ ကျော်တို့၏ နေအိမ်များနှင့် နီးကပ်နေသည့် လမ်းကြောင်းပေါ်ရှိ သြဒိသပြည်နယ်နှင့် အရှေ့မြောက်ဘက်တို့၌ သောကြာနေ့ ညနေပိုင်းတွင် မိုးသက်မုန်တိုင်းများ ကျရောက်လိမ့်မည်ဟု ခန့်မှန်းထားကြောင်း အိန္ဒိယ မိုးလေဝသဝန်ဆောင်မှုအဖွဲ့က ပြောကြားခဲ့သည်။

ပြည်သူ ၄၆သန်းတို့ရှိရာ သြဒိသပြည်နယ်ရှိ ခရိုင် ၁၃ ခုတို့တွင် ပြည်သူ ၇၈၀၀၀၀ တို့ကို ဘေးကင်းလုံခြုံရာ နေရာများဆီသို့ တစ်ညလုံးကယ်ဆယ်ရွှေ့ပြောင်းမှုများ လုပ်ဆောင်နေကြောင်း ပြည်နယ်အထူးကယ်ဆယ်ရေးဆိုင်ရာ အာဏာပိုင်တစ်ဦးက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။ လာမည့် ၁၂ နာရီအတွင်း ပြည်သူ တစ်သန်းကျော်ခန့်ကို အန္တရာယ်ဇုန်အတွင်းမှ ကယ်ထုတ်သွားရန် ပြင်ဆင်လျက်ရှိကြောင်း သြဒိသအထူးအထူးကယ်ဆယ်ရေးဆိုင်ရာ ကော်မရှင်နာ ဘစ်ရှနူပါဒါဆက်သီက ပြောကြားခဲ့သည်။

ကျောင်းများနှင့် အစိုးရအဆောက်အအုံများ၏ အမိုးအကာများအောက်တွင် လူတစ်သန်းကျော်ကို စုစည်းထားရှိရန် လုပ်ဆောင်လျက်ရှိပြီး လိုအပ်လာလျှင် ဝေငှပေးရန်အတွက် ရိက္ခာခြောက် အထုပ်ပေါင်း တစ်သိန်းကျော်ကို အသင့်ပြင်ဆင်ထားကြောင်း သိရသည်။ အင်အားပြင်းဆိုင်ကလုန်းမုန်တိုင်း ဖန်နီသည် ဆယ်စုနှစ် နှစ်ခုနီးပါးအတွင်း အိန္ဒိယနိုင်ငံကို အကြီးအကျယ်ထိခိုက်လာနိုင်ဖွယ်ရှိကြောင်း အာဏာပိုင်များက မေ ၂ ရက်တွင် ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# နယ်စပ်ထိန်းချုပ်မျဉ်းပေါ်၌ အိန္ဒိယနှင့် ပါကစ္စတန်တပ်ဖွဲ့ဝင်များ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွား

**ဆရီနာဂါ မေ ၂**
ကက်ရှ်မီးယားဒေသကို ပိုင်းခြားထားသည့် နယ်စပ်ထိန်းချုပ်မျဉ်းပေါ်၌ မေ ၂ ရက်က အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့မှ တပ်ဖွဲ့ဝင်များ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ကြောင်း အိန္ဒိယတပ်မတော်အာဏာပိုင်များက ပြောကြားခဲ့သည်။

နှစ်ဖက်တပ်ဖွဲ့ဝင်များသည် အိန္ဒိယထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသ၏ မြို့တော် ဆရီနာဂါ အနောက်တောင်ဘက် ကီလိုမီတာ ၁၈၀ အကွာခန့်ရှိ ပွန့်ချ်ဒေသရှေ့တန်းစစ်မျက်နှာ၌ အပြန်အလှန်ပစ်ခတ်ခဲ့ကြသည်ဟု သိရသည်။ ပစ်ခတ်မှုများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီး အာဏာပိုင်များ၏ ပြောကြားချက်အရ အိန္ဒိယနှင့် ပါကစ္စတန် နှစ်ဖက်စလုံးမှတပ်ဖွဲ့ဝင်များ အသက်ဆုံးရှုံးမှုမရှိသေးကြောင်း သိရသည်။

သို့သော်လည်း ကျောင်းများအားလုံးကို ပိတ်ထားရန် အိန္ဒိယအာဏာပိုင်များက ကြာသပတေးနေ့တွင် အမိန့်ထုတ်ပြန်ခဲ့သည်။ အိန္ဒိယနှင့် ပါကစ္စတန်တို့သည် လတ်တလောတင်းမာမှုများ မြင့်တက်လျက်ရှိပြီး နှစ်နိုင်ငံဆွေးနွေးပွဲများ ပြန်လည်စတင်ရေးနှင့် ပတ်သက်၍ တိုးတက်မှုအခြေအနေ မတွေ့ရှိရသေးပေ။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဝီကီလိခ်ပူးတွဲတည်ထောင်သူအား ထောင်ဒဏ် တစ်နှစ်နီးပါး ချမှတ်

**လန်ဒန် မေ ၂**
ဝီကီလိခ်အဖွဲ့ပူးတွဲတည်ထောင်သူ ဂျူလီယံအန်ဆန်အား အာမခံအခြေအနေများကို ချိုးဖောက်မှုဖြင့် မေ ၁ ရက်တွင် ထောင်ဒဏ် သီတင်းပတ် ၅၀ ချမှတ်လိုက်ကြောင်း သိရသည်။

အင်တာနက်တွင် လျှို့ဝှက်ချက်များ ဖွင့်ချနေသည့် ဝီကီလိခ်ဝက်ဘ်ဆိုက် တည်ထောင်သူ ဂျူလီယံအန်ဆန်ကို လွန်ခဲ့သည့် ခုနစ်နှစ်က အီကွေဒေါသံရုံးတွင် မခိုလှုံခင်မှာ အာမခံပေးထားသည်ကို ချိုးဖောက်မှုဖြင့် လန်ဒန်မြို့တော်တရားရုံးက ယခုလို ထောင်ဒဏ် သီတင်းပတ် ၅၀ ချမှတ်ခဲ့ခြင်း ဖြစ်သည်။

အန်ဆန်သည် ၎င်းအား ပေးထားသည့် အာမခံကို ချိုးဖောက်ခဲ့ပြီး လွန်ခဲ့သည့် ခုနစ်နှစ်က အီကွေဒေါသံရုံးသို့ ဝင်ရောက်ခိုလှုံခဲ့သည်။

Southwark Crown တရားရုံးက ပြစ်ဒဏ်များ ချမှတ်ခဲ့ပြီးနောက် ရှေ့နေချုပ် မာ့ခ်ဆန်းမားစ်က အာမခံချိုးဖောက်မှုအပေါ် တောင်းပန်စကားဆိုခဲ့သည့် အန်ဆန်၏ ပေးစာတစ်စောင်ကို ဖတ်ကြားခဲ့သည်။

အဆိုပါစာထဲတွင် အန်ဆန်က ၎င်းအနေဖြင့် စိုးထိတ်ဖွယ်အခြေအနေများနှင့်အတူ ရုန်းကန်ခဲ့ရကြောင်းနှင့် မတတ်သာသည့်အဆုံး ကောင်းမည်ထင်၍ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ဆင်ဟွာ

### တရုတ်နိုင်ငံတွင် အိုင်ဖုန်းရောင်းအား ကျဆင်း

**ပေကျင်း မေ ၂**
တရုတ်နိုင်ငံတွင် အိုင်ဖုန်းအရောင်းထိုင်းခဲ့သည့်အတွက် ဇန်နဝါရီမှ မတ်လကာလအတွင်း နည်းပညာကုမ္ပဏီကြီးဖြစ်သည့် အက်ပဲလ်၏ ရောင်းအားများ ကျဆင်းခဲ့သောကြောင့် အမြတ်အစွန်းရရှိမှု လျော့နည်းခဲ့ကြောင်း သိရသည်။

မတ် ၁ ရက်တွင် ထုတ်ပြန်ခဲ့သည့် သုံးလပတ်ရလဒ်များအရ အိုင်ဖုန်းရောင်းရငွေသည် အရင်နှစ် အလားတူကာလများထက် ၅ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၅၈ ဘီလီယံသို့ ရောက်ရှိခဲ့သည်။

ယခုအချိန်အထိ အိုင်ဖုန်းရောင်းအားသည် ၁၇ ရာခိုင်နှုန်းကျဆင်းနေသေးကြောင်း သိရသည်။

ကမ္ဘာ့တစ်ဝန်း အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့တွင် အိုင်ဖုန်းရောင်းအားတက်ခဲ့သော်လည်း တရုတ်နိုင်ငံတွင် စီးပွားရေးထိုင်းနေသည့်အတွက် အိုင်ဖုန်းရောင်းအား ကျဆင်းခဲ့ခြင်းဖြစ်သည်။

အင်န်အိတ်ချ်ကေ

# အာဏာယှဉ်ပြိုင်မှုတွေ ပိုမိုကြီးမားလာတဲ့ ဗင်နီဇွဲလား

**ထွန်းသစ်စ**

**ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုဟာ လက်ရှိသမ္မတ နီကိုးလပ်စ်မာဒူရိုကို ဖိအားပေးသည့်အနေဖြင့် မေ ၁ ရက်က ဆန္ဒပြမှုကြီးဖြစ်ပေါ်လာရန် နှိုးဆော်ခဲ့သလို မာဒူရိုကလည်း ဒီအတိုင်းငြိမ်ခံနေမည်မဟုတ်ဘဲ တစ်မျိုးတစ်ဖုံကိုင်တွယ်သွားမှာ ဖြစ်ပါတယ်။ ဒီအခြေအနေအပေါ် အမေရိကန်အစိုးရကတော့ တောင်အမေရိကနိုင်ငံတစ်နိုင်ငံမှာ ဖြစ်ပွားနေတဲ့ ဆန့်ကျင်ဆန္ဒပြမှုကြီးကို ဖြိုခွဲဖို့ စစ်ဘက်ဆိုင်ရာ အရေးယူမှုတွေ လုပ်ဆောင်နေတယ်လို့ ဆိုထားပါတယ်။ လတ်တလောမှာတော့ ဗင်နီဇွဲလားနိုင်ငံရေးဟာ အမယ်ဘုတ်ရဲ့သူ့ချည်ခင်ဖြစ်နေပါတယ်။**



မေ ၁ ရက်က ထောက်ခံသူများအား မိန့်ခွန်းပြောကြားနေသော အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒို

#### တိုက်တွန်းခဲ့

ဗင်နီဇွဲလားနိုင်ငံမှာ အစိုးရထောက်ခံသူတွေရော၊ အစိုးရဆန့်ကျင်သူတွေရော ရောနှောနေပြီး သူတို့တွေဟာ ဗင်နီဇွဲလားနိုင်ငံရဲ့ ရေစီးကြောင်းထဲ မျောပါနေကြပါတယ်။ မြို့တော် ကရာကတ်မှာ ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုဟာ တပ်မတော်ကို လက်ရှိသမ္မတ နီကိုးလပ်စ်မာဒူရိုအား ထကြွပုန်ကန်ဖို့ တိုက်တွန်းပြောကြားပြီးနောက်မှာ အခုလို နိုင်ငံရေးအခြေအနေတွေ ရှုပ်ထွေးလာတာ ဖြစ်ပါတယ်။

လက်ရှိသမ္မတ နီကိုးလပ်စ်မာဒူရိုကို ဖြုတ်ချနိုင်ရေး ဆင်နွှဲခဲ့တဲ့ မေ ၁ ရက်ဆန္ဒပြမှုကြီးဟာ ဗင်နီဇွဲလားနိုင်ငံသမိုင်းမှာ အကြီးမားဆုံး ဆန္ဒပြမှုကြီးအဖြစ် ဂျူအန်ဂွိုက်ဒိုက ပြောပါတယ်။ ဗင်နီဇွဲလားတစ်နိုင်ငံလုံး လမ်းပေါ်ထွက်ပြီး ဆန္ဒပြခဲ့ကြတာပါလို့ အတိုက်အခံခေါင်းဆောင် ဂွိုက်ဒိုက ပြောသလို၊ ကြားဖြတ်သမ္မတအဖြစ်လည်း သူ့ကို နိုင်ငံပေါင်း ၅၀ ကျော်ကလည်း အသိအမှတ်ပြုထားတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ဆိုရှယ်လစ်သမ္မတ နီကိုးလပ်စ်မာဒူရိုကို ဖြုတ်ချဖို့ တပ်မတော်ကို သူနဲ့ပူးပေါင်းဖို့လည်း တိုက်တွန်းခဲ့ပါတယ်။

#### လုပ်ဆောင်နေ

သူ့ကိုယုံကြည်တဲ့ တပ်မတော်သားအချို့ဟာ သူနဲ့ပူးပေါင်းပြီး ဗင်နီဇွဲလားနိုင်ငံရေးအခြေအနေပြောင်းလဲအောင် လုပ်ဆောင်ခဲ့ကြပါတယ်။ ဂျူအန်ဂွိုက်ဒိုနဲ့ ပူးပေါင်းခဲ့တဲ့ တပ်မတော်သားအချို့ကိုလည်း သစ္စာဖောက်တွေအဖြစ် မာဒူရိုက ပြောကြားခဲ့ပါတယ်။

မာဒူရိုကလည်း ရာထူးကဆင်းမပေးဘဲ ဆက်လက်တင်းခံနေသလို ဧပြီ ၂၀ ရက်ကဖြစ်ပွားခဲ့တဲ့ အာဏာသိမ်းမှုပုံစံမျိုးကို ကိုင်တွယ်နိုင်ခဲ့ကြောင်းလည်း ပြောပါတယ်။ ပြီးတော့လည်း အကြမ်းဖက်မှုအသွင်ဖြစ်ပွားလာမယ့်အရေးမှ ကာကွယ်နိုင်ခဲ့တဲ့အတွက်လည်း အစိုးရတပ်ဖွဲ့ဝင်တွေကို ချီးကျူးလိုက်ပါတယ်။

နိုင်ငံတော်ရှေ့နေတွေကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်တဲ့ ပြင်းထန်တဲ့ ပြစ်မှုတွေအတွက် ပြစ်မှုဆိုင်ရာတရားစွဲဆိုမှုတွေ စတင်လုပ်ဆောင်လျက်ရှိပြီး တရားဥပဒေစိုးမိုးရေးနဲ့ ငြိမ်းချမ်းရေးရရှိအောင် လုပ်ဆောင်နေပါတယ်။

#### တရားမဝင်

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တောင်အမေရိကနိုင်ငံတစ်နိုင်ငံကို စစ်ဘက်ဆိုင်ရာ ကျူးကျော်မှုမလုပ်ဘူးလို့ ဆိုခဲ့ပေမယ့်လည်း အခြေအနေတွေဟာ ပြောသလောက်ရိုးရှင်းမှာ မဟုတ်ဘူးလို့လည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြောပါတယ်။ အကယ်၍ လိုအပ်လာပါက စစ်ဘက်ဆိုင်ရာကြားဝင်မှုတွေ လုပ်သွားမှာဖြစ်တယ်လို့ သူက ဆက်လက်ပြောပါတယ်။

ယခုနှစ်အတွင်း ဗင်နီဇွဲလားနိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ နိုင်ငံရေးတင်းမာမှုတွေဟာ ပြစ်မှုဆိုင်ရာအဆင့်အထိ ရောက်ရှိခဲ့ပါတယ်။ ဆိုလိုတာကတော့ အရင်ကထက် နိုင်ငံရေးအားပြိုင်မှု ပိုမိုပြင်းထန်လာတာပဲ ဖြစ်ပါတယ်။ ဂျူအန်ဂွိုက်ဒိုဟာ ဇန်နဝါရီ ၂၃ ရက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သူ့ကိုယ်သူ ယာယီသမ္မတအဖြစ် ကြေညာခဲ့သလို မာဒူရိုကိုလည်း မဲမသမာမှုပြုလုပ်ခဲ့ပြီး ပြန်လည်အရွေးခံခဲ့တာပါလို့ ပြောပါတယ်။ ထို့အပြင် မာဒူရိုရဲ့သမ္မတဖြစ်မှုဟာ တရားမဝင်ဘူးလို့ ပြောလိုက်ပါတယ်။

#### နိုင်ငံတစ်နိုင်ငံဖြစ်

ဗင်နီဇွဲလားနိုင်ငံရဲ့အခြေအနေကို ပြန်ပြောင်းသုံးသပ်မယ်ဆိုရင် ယမန်နှစ် မေ ၂၀ ရက်က ကျင်းပခဲ့တဲ့ ဗင်နီဇွဲလားသမ္မတရွေးကောက်ပွဲမှာ ဗင်နီဇွဲလားနိုင်ငံ လက်ရှိသမ္မတ နီကိုးလပ်စ်မာဒူရို အနိုင်ရရှိပြီးနောက် ဒုတိယအကြိမ်မြောက် ခြောက်နှစ်တာ သက်တမ်းအတွက် ပြန်လည်ရွေးချယ်ခံရကြောင်း အမျိုးသားရွေးကောက်ပွဲကော်မရှင်က မေ ၂၁ ရက်တွင် ကြေညာခဲ့ပါတယ်။ ရွေးကောက်ပွဲရလဒ်တွေကို အမျိုးသားရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ တီဘီစေးလူစီနာက မေ ၂၀ ရက်နှောင်းပိုင်းတွင် ကြေညာခဲ့ပါတယ်။

ဗင်နီဇွဲလားနိုင်ငံဟာ ၎င်းရဲ့ သမိုင်းကြောင်းမှာ ထီးတည်းကြီးဖြစ်နေတဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့သာမက စီးပွားရေးကျပ်တည်းမှု အဆိုးဆုံးနိုင်ငံတစ်နိုင်ငံအနေနဲ့ ရပ်တည်လာခဲ့သလို ပြည်သူများကလည်း အစာရေစာ၊ ဆေးဝါးပြတ်တောက်မှုတွေနဲ့ ကြုံတွေ့နေကျဖြစ်ပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ ပြည်တွင်းမှာ အကြမ်းဖက်ဆူပူမှုတွေ၊ လူတွေအစုလိုက်နေရပ်မှ ထွက်ခွာတာတွေနဲ့လည်း ယှဉ်ပါးနေတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။

#### တိုက်တွန်း

အခုလို နိုင်ငံရေးအားပြိုင်နေတဲ့အချိန်မှာလည်း ဥရောပနိုင်ငံအချို့ရဲ့ တောင်းဆိုမှုကို ပြောင်ပြောင်တင်းတင်းဖီဆန်ထားတဲ့ မာဒူရိုက စပိန်ရုပ်မြင်သံကြားတစ်ခုရဲ့ အင်တာဗျူးမှာ ဘာပြောခဲ့သလဲဆိုရင် သူ့ရဲ့ နုတ်ထွက်မှုအတွက် တောင်းဆိုနေတဲ့သူတွေအပေါ် အလျှော့ပေးသွားမှာမဟုတ်ဘူးလို့ ပြောခဲ့ပါတယ်။

ဆင်းရဲကျပ်တည်းနေတဲ့ ဗင်နီဇွဲလားနိုင်ငံကို နိုင်ငံတကာက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့တွေပေးပို့ခဲ့တာတောင် မာဒူရိုက နိုင်ငံရေးမျက်နှာဖုံးကြီးတပ်ပြီး မသိကျိုးကျွန်ပြုခဲ့ပါတယ်။ အဲဒါကို အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုက ဗင်နီဇွဲလားပြည်သူ အထောက်အပံ့ပစ္စည်းတွေ ရရှိအောင် ကြိုးစားခဲ့တာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဩစတြေးလျနဲ့ များစွာသော လက်တင်အမေရိကနိုင်ငံတွေကပါ နိုင်ငံ့ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုထားတဲ့ ဂွိုက်ဒိုဟာ တပ်မတော်ကိုလည်း စီးပွားရေးကြောင့် နာလန်မထူနိုင်တဲ့နိုင်ငံကိုကူညီဖို့ တိုက်တွန်း ပြောကြားလိုက်ပါတယ်။

#### တစ်နေ့တခြားကြီးမားလာ

မိမိတို့ရဲ့အာဏာကို ပဋိပက္ခအကျပ်အတည်းတွေ ဖြေရှင်းတဲ့နေရာမှာ ကျင့်သုံးဖို့လိုပါတယ်။ ဒီမိုကရေစီကို ပြန်လည်ထိန်းသိမ်းရမှာဖြစ်ပြီး လွတ်လပ်ရေးရအောင် စွမ်းဆောင်ရပါမယ်လို့ ဂွိုက်ဒိုက ဖေဖော်ဝါရီ ၃ ရက်တွင် တွစ်တာမှာ အတိအလင်းပြောကြားခဲ့ပါတယ်။

အမေရိကန်ဒုသမ္မတ မိုက်ပန့်စ်ကလည်း ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို ဗင်နီဇွဲလားသမ္မတအဖြစ် ကမ္ဘာ့နိုင်ငံအားလုံးက အသိအမှတ်ပြုပေးရန်၊ လွတ်မြောက်ရေးဘက်တွင် ရပ်တည်ကြရန် အမေရိကန်ပြည်ထောင်စုက တိုက်တွန်းကြောင်း ပြောကြားလိုက်ပါသေးတယ်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင်ဘက်မှာ ရပ်တည်နေကြောင်း အမေရိကန်ဒုသမ္မတ မိုက်ပန့်စ်က ထပ်လောင်းပြောကြားခဲ့ပါသေးတယ်။ ထို့အတူ ဗင်နီဇွဲလားနိုင်ငံမှာ လွတ်လပ်မှု ပြန်လည်ရရှိလာတဲ့အထိ အမေရိကန်အစိုးရအနေနဲ့ ဗင်နီဇွဲလားပြည်သူတွေနဲ့အတူ ရပ်တည်သွားမှာဖြစ်ကြောင်း ဒုသမ္မတ မိုက်ပန့်စ်က ဆိုပါတယ်။ အခုလည်း အမေရိကန်ဟာ ဗင်နီဇွဲလားအရေးကို အနီးကပ်စောင့်ကြည့်လျက်ရှိပါတယ်။ အခြေအနေတွေ ပိုမိုဆိုးလာပါက စစ်ရေးဆိုင်ရာ ကြားဝင်မှုတွေတောင် လုပ်မလားဆိုတာ အပ်ကျမပ်ကျ မပြောနိုင်ပါဘူး။

နိုင်ငံရေးတင်းမာမှုများ တစ်နေ့တခြား မြင့်မားလာတဲ့ ဗင်နီဇွဲလားနိုင်ငံမှာ လက်ရှိသမ္မတ နီကိုးလပ်စ်မာဒူရိုနဲ့ ကြားဖြတ်သမ္မတအဖြစ် ကြေညာခဲ့သူ အတိုက်အခံခေါင်းဆောင် ဂျူအန် ဂွိုက်ဒိုတို့ရဲ့ အာဏာယှဉ်ပြိုင်မှုဟာ တစ်နေ့တခြား ကြီးမားလာနေတယ်ဆိုတာ ငြင်းမရပါဘူး။ ။

အေအက်ဖ်ပီ

**"ယခုနှစ်အတွင်း ဗင်နီဇွဲလားနိုင်ငံမှာဖြစ်ပွားခဲ့တဲ့ နိုင်ငံရေးတင်းမာမှုတွေဟာ ပြစ်မှုဆိုင်ရာအဆင့်အထိ ရောက်ရှိခဲ့ပါတယ်။ ဆိုလိုတာကတော့ အရင်ကထက် နိုင်ငံရေးအားပြိုင်မှု ပိုမိုပြင်းထန်လာတာပဲ ဖြစ်ပါတယ်။ ဂျူအန်ဂွိုက်ဒိုဟာ ဇန်နဝါရီ ၂၃ ရက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သူ့ကိုယ်သူ ယာယီသမ္မတအဖြစ် ကြေညာခဲ့သလို မာဒူရိုကိုလည်း မဲမသမာမှုပြုလုပ်ခဲ့ပြီး ပြန်လည်အရွေးခံခဲ့တာပါလို့ ပြောပါတယ်။ ထို့အပြင် မာဒူရိုရဲ့သမ္မတဖြစ်မှုဟာ တရားမဝင်ဘူးလို့ ပြော"**

# စက်မှုဇုန်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

## စက်မှုဇုန်ဥပဒေကြမ်း

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်    ။ )**

**၁၃၈၁ ခုနှစ်၊    လ    ရက်**

**(၂၀၁၉ ခုနှစ်၊    လ    ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို စက်မှုဇုန်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

( ခ ) **အစိုးရအဖွဲ့** ဆိုသည်မှာ **ပြည်ထောင်စုအစိုးရအဖွဲ့ကို** ဆိုသည်။

( ဂ ) **တာဝန်ခံဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ စက်မှုဝန်ကြီး ဌာနကို ဆိုသည်။

(ဃ) **ပြည်ထောင်စုဝန်ကြီး** ဆိုသည်မှာ **ပြည်ထောင်စုအစိုးရအဖွဲ့၊ စက်မှုဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီး** ကို ဆိုသည်။

( င ) **စက်မှုဇုန်** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ စက်မှုဇုန်အဖြစ် နယ်နိမိတ်ပိုင်းခြားသတ်မှတ် တည်ထောင်သည့် ဇုန်မြေနေရာကို ဆိုသည်။

( စ ) **ဗဟိုကော်မတီ** ဆိုသည်မှာ စက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဤဥပဒေအရဖွဲ့စည်းသော **စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ**ကို ဆိုသည်။

(ဆ) **ဒေသဆိုင်ရာကော်မတီ** ဆိုသည်မှာ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒေသအလိုက် စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးအတွက် ဤဥပဒေအရဖွဲ့စည်းသော **ဒေသဆိုင်ရာစက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ**ကိုဆိုသည်။

( ဇ ) **စီမံခန့်ခွဲရေးကော်မတီ** ဆိုသည်မှာ သက်ဆိုင်ရာစက်မှုဇုန်တွင် စီမံခန့်ခွဲရေး လုပ်ငန်းများကို ဆောင်ရွက်ရန် ဤဥပဒေအရဖွဲ့စည်းသော **စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ**ကို ဆိုသည်။

(ဈ) **အခြေခံအဆောက်အအုံများ** ဆိုရာတွင် စက်မှုဇုန်နှင့်ဆက်စပ်သည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၊ ရေရရှိရေး၊ ရေဆိုးသန့်စင်ရေး၊ မီးဘေးလုံခြုံရေး၊ ကားလမ်း၊ ရထားလမ်း၊ ဆိပ်ကမ်း၊ လေဆိပ်၊ ဆက်သွယ်ရေး ကွန်ရက်စသည့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အခြေခံလိုအပ်ချက်များနှင့် ကွန်ပျူတာအစီအစဉ်များ၊ လုပ်ငန်းများလွယ်ကူထိရောက်စေရေး အတွက် ဆောင်ရွက်ပေးနိုင်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အစီအစဉ်များ စသည့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာမဟုတ်သည့် အခြေခံလိုအပ်ချက်များ ပါဝင်သည်။

( ည ) **ရင်းနှီးတည်ဆောက်သူ** ဆိုသည်မှာ စက်မှုဇုန်ထူထောင် တည်ဆောက်သည့် လုပ်ငန်း၊ စက်မှုဇုန်အတွင်း အခြေခံအဆောက်အအုံ တည်ဆောက်သည့်လုပ်ငန်းနှင့် လုပ်ငန်းလည်ပတ်ခြင်း သို့မဟုတ် မွမ်းမံထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းများကို ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိစ္စရပ်တစ်ခုချင်းအလိုက် တာဝန်ယူဆောင်ရွက်သည့် ကုမ္ပဏီ၊ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

(ဋ) **ရင်းနှီးမြှုပ်နှံသူ** ဆိုသည်မှာ ဒေသဆိုင်ရာကော်မတီ၏ သတ်မှတ်ချက်များ နှင့်အညီ စက်မှုဇုန်အတွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို ဆောင်ရွက်သည့် နိုင်ငံသားကိုသော်လည်းကောင်း၊ နိုင်ငံခြားသားကိုသော် လည်းကောင်း၊ ဖက်စပ်လုပ်ငန်းထူထောင်သည့် နိုင်ငံသားနှင့် နိုင်ငံခြားသား တို့ကိုလည်းကောင်းဆိုသည်။

### အခန်း (၂)
### ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စက်မှုလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စက်မှုဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်၊

( ခ ) စက်မှုဇုန်များကို နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဘောင်များနှင့်အညီ စနစ်တကျစီမံထူထောင်၍ ပြည်တွင်း ပြည်ပ လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်စေရန်၊

( ဂ ) ကုန်ထုတ်လုပ်ငန်းနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၏ လိုအပ်ချက်များကို ပြည့်စုံစွာစီမံဆောင်ရွက်ခြင်းဖြင့် စက်မှုဇုန်များ အတွင်း လုပ်ငန်းချိတ်ဆက်မှု အားကောင်း၍ ဈေးကွက်အရ ယှဉ်ပြိုင် နိုင်သော စက်မှုလုပ်ငန်းများဖြစ်လာစေရန်၊

(ဃ) စက်မှုလုပ်ငန်းများကို စက်မှုဇုန်အတွင်း အခြေချလုပ်ကိုင်ဆောင်ရွက် လာစေရန်နှင့် စက်မှုလုပ်ငန်းများကြောင့် သဘာဝနှင့်လူမှုပတ်ဝန်း ကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ မဖြစ်ပေါ်စေရေး၊ လျော့နည်း စေရေးအတွက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျစီမံ ဆောင်ရွက်စေရန်၊

( င ) စက်မှုဇုန်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်း တိုးမြှင့်လာစေပြီး နိုင်ငံသားများ၏လူနေမှုအဆင့်မြင့်မား လာစေရန်နှင့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များကို လျော့နည်းစေရန် ၊

( စ ) စက်မှုဇုန်များ၏ ကွန်ရက်ချိတ်ဆက်မှု ပိုမိုအားကောင်းလာစေရန်၊ စက်မှုဇုန်အတွင်း လိုအပ်ချက်များဖြည့်ဆည်းရန်နှင့် တာဝန်ယူ၊ တာဝန်ခံမှုစနစ် ထွန်းကားလာစေရန်။

### အခန်း(၃)
### ဗဟိုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည် -

(က) စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရန် စက်မှုလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုး တိုးတက်စေရန်နှင့် ဤဥပဒေပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် သင့်လျော်သော ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်တစ်ဦးကို ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းများမှ သင့်လျော်သောပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်စေလျက် ၁၅ ဦးထက် မပိုသောဗဟိုကော်မတီ ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန် ပေးရမည်။

(ဂ) လိုအပ်ပါက ကော်မတီ၏အဖွဲ့ဝင်များ အစားထိုးခန့်ထားခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းခြင်းကို ဆောင်ရွက်နိုင်သည်။

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စက်မှုဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မူဝါဒချမှတ်ခြင်းနှင့် လမ်းညွှန် ခြင်း၊

( ခ ) စက်မှုဇုန်တည်ထောင်ရေးအတွက်တင်ပြလာသော အဆိုပြုချက်၊ သင့်လျော်သည့်နေရာ၊ လိုအပ်သည့်နယ်မြေဧရိယာ၊ အကျယ်အဝန်း နှင့်နယ်နိမိတ် ပိုင်းခြားသတ်မှတ်ချက်၊စီးပွားရေးဆောင်ရွက်ရန် အခြေခံ လိုအပ်ချက်များ ရရှိနိုင်မှုအခြေအနေနှင့် စီးပွားရေးတိုးတက်နိုင်မှု အလားအလာတို့ကို စိစစ်သုံးသပ်လျက် သဘောထားမှတ်ချက်များ နှင့်တကွ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ သဘောတူညီချက် ရယူခြင်း၊

( ဂ ) ဒေသဆိုင်ရာကော်မတီများ ဖွဲ့စည်းခြင်း၊

(ဃ) ဒေသဆိုင်ရာကော်မတီမှ တင်ပြလာသော စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုများ၊ ရင်းနှီးတည်ဆောက်သူများအား စည်းကြပ်ကောက်ခံရမည့် အခွန်အခများ၊ မြေငှားရမ်းခနှင့် မြေအသုံးပြုခများကို အတည်ပြု သတ်မှတ်ခြင်း၊

( င ) ဒေသဆိုင်ရာကော်မတီမှ တင်ပြလာသည့် စက်မှုဇုန်တည်ဆောက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆိုင်ရာ အဆိုပြုချက်များ၊ စက်မှုဇုန်ဖွံ့ဖြိုး တိုးတက်ရေးစီမံချက်များ၊ မူဝါဒဆိုင်ရာနှင့် အခြားကိစ္စများကို ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် လမ်းညွှန်ခြင်း၊

( စ ) စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများနှင့် လိုအပ်သော အထောက်အပံ့များ စီစဉ်ဆောင်ရွက်ခြင်း။

### အခန်း(၄)
### ဒေသဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၆။ ဗဟိုကော်မတီသည် -

(က) ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဒေသအလိုက် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒေသဆိုင်ရာကော်မတီကိုဖွဲ့စည်း၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒေသအလိုက်အစိုးရအဖွဲ့ဝန်ကြီးချုပ်အား ကော်မတီ၏နာယကအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ နေပြည်တော်ကောင်စီဝင်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရ ဌာန အဖွဲ့အစည်းများမှပုဂ္ဂိုလ်များနှင့် သက်ဆိုင်ရာစီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌများအနက်မှ အများဆုံးငါးဦးအား အဖွဲ့ဝင်များအဖြစ် လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

( ခ ) ဒေသဆိုင်ရာကော်မတီ၏ အတွင်းရေးမှူးအဖြစ် ဥက္ကဋ္ဌမှတာဝန်ပေးအပ် သူအား လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ပြည်ထောင်စု နယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ဦးစီးဌာနမှူးအားလည်းကောင်း တာဝန်ပေးအပ် ရမည်။

( ဂ ) ဒေသဆိုင်ရာကော်မတီအား ဥက္ကဋ္ဌအပါအဝင် ၁၅ ဦးအထိ ဖွဲ့စည်း နိုင်သည်။ ကော်မတီကိုလိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ဒေသဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကဖြစ်စေ၊ ရင်းနှီးတည်ဆောက်သူကဖြစ်စေ စက်မှုဇုန်အသစ်တည်ထောင်ရေးအတွက် အဆိုပြုချက်နှင့်စပ်လျဉ်း၍ သင့်လျော်သည့်နေရာ၊ လိုအပ်သည့်နယ်မြေဧရိယာ၊ အကျယ်အဝန်း နှင့်နယ်နိမိတ်ပိုင်းခြားသတ်မှတ်ချက်၊ စီးပွားရေးဆောင်ရွက်ရန် အခြေခံလိုအပ်ချက်များ ရရှိနိုင်မှုအခြေအနေနှင့် စီးပွားရေးတိုးတက် နိုင်မှု အလားအလာတို့ကို စိစစ်သုံးသပ်လျက် သဘောထားမှတ်ချက်များ နှင့်တကွ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

( ခ ) စက်မှုဇုန်များ၏ အခြေခံအဆောက်အအုံများပြည့်စုံမှုနှင့်လိုအပ်မှု၊ မြေ၊ ရေနှင့် စွမ်းအင် အကျိုးရှိစွာအသုံးချမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားတာဝန်ယူနိုင်မှု တို့အပေါ် သုံးသပ်၍ လိုအပ်သောမူဝါဒများ ချမှတ်နိုင်ရန်အတွက် ဗဟိုကော်မတီသို့တင်ပြခြင်း၊

( ဂ ) စက်မှုဇုန်ပြင်ပ၌ လုပ်ကိုင်နေသောလုပ်ငန်းများအား စက်မှုဇုန်သို့ ပြောင်းရွှေ့လုပ်ကိုင်ရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊ စက်မှုဇုန်အတွင်း လုပ်ကိုင်သူများအား အခွင့်အရေးနှင့်သက်သာခွင့်များရရှိစေရန် အတွက် မူဝါဒတောင်းခံရန် လိုအပ်ပါက ဗဟိုကော်မတီသို့ တင်ပြ ဆောင်ရွက်ခြင်း၊

(ဃ) စက်မှုဇုန်သစ်များတည်ထောင်ခြင်းနှင့် လက်ရှိဖော်ထုတ်ပြီး စက်မှု ဇုန်များတွင် ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးအစီအစဉ်များအား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊

( င ) တည်ထောင်ပြီး စက်မှုဇုန်များနှင့် စက်မှုဇုန်အသစ်များအတွင်း ရင်းနှီး မြှုပ်နှံမှု လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ် သောအစီအမံများ ရေးဆွဲတင်ပြခြင်း၊ လုပ်ငန်းတာဝန်များ သတ်မှတ် ခြင်းနှင့် ဗဟိုကော်မတီ၏ အတည်ပြုချက်ရယူခြင်း၊

( စ ) တည်ထောင်ပြီးစက်မှုဇုန်များအတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် များအတွက် နေရာချထားပေးနိုင်သော အဆောက်အဦများ ဆောက် လုပ်ရန် နေရာသတ်မှတ်ခြင်း၊ စိစစ်ခြင်းနှင့် အတည်ပြုခြင်း၊

(ဆ) ပုဒ်မ ၂၆ အရ စက်မှုဇုန်တွင် ရင်းနှီးမြှုပ်နှံသူများ၏ လုပ်ကိုင်ခွင့် လျှောက်ထားလာမှုအပေါ် သတ်မှတ်ချက်နှင့်အညီ စိစစ်ခွင့်ပြုပေးခြင်း၊

( ဇ ) စည်းကြပ်ကောက်ခံရမည့် အခွန်အခများ၊ မြေငှားရမ်းခနှင့် မြေအသုံး ပြုခများကို သတ်မှတ်ထုတ်ပြန်ကြေညာနိုင်ရန်အတွက် ဗဟိုကော်မတီ သို့ အဆိုပြုတင်ပြ၍ ခွင့်ပြုချက်နှင့်အညီ ကောက်ခံခြင်း၊

( ဈ ) ပုဒ်မ ၂၄၊ ပုဒ်မခွဲ(ဆ) အရ ရရှိသည့် ရငွေများအနက် ဗဟိုကော်မတီက သတ်မှတ်သည့် ရာခိုင်နှုန်းကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ်ပေးသွင်းပြီး ကျန်ငွေများကို ရန်ပုံငွေအဖြစ်သတ်မှတ်၍ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ည) စီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းနိုင်ရန် အစီအမံများချမှတ်ပေးခြင်းနှင့် ယင်းကော်မတီတွင် တာဝန်ထမ်းဆောင်ရန် အရွေးချယ်ခံမည့် ရင်းနှီး မြှုပ်နှံသူများ၏အရည်အချင်းကို သတ်မှတ်ပေးခြင်း၊

( ဋ ) စီမံခန့်ခွဲရေးကော်မတီများဖွဲ့စည်းမှုကို အတည်ပြုခြင်း၊ လုပ်ငန်းများကို အခါအားလျော်စွာ စစ်ဆေးခြင်းနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပေးခြင်း၊

( ဌ ) စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲရေးကော်မတီက တင်ပြ လာသည့် စီမံကိန်းများကို စိစစ်၍ အတည်ပြုခြင်း၊ စီမံချက်များအား စိစစ်၍ခွင့်ပြုခြင်း၊

( ဍ ) စက်မှုဇုန်အတွင်း အဆောက်အဦ ဆောက်လုပ်ခြင်း၊ လမ်းဖောက်ပြု ပြင်ခြင်းကို စီမံခန့်ခွဲရေးကော်မတီ၏ တင်ပြချက်အပေါ် စိစစ်ခွင့်ပြု ပေးခြင်း၊

( ဎ ) စီမံခန့်ခွဲရေးကော်မတီမှ တင်ပြလာသည့် စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံ နိုင်မည့် လုပ်ငန်းအမျိုးအစားများ သတ်မှတ်ပေးခြင်း၊

(ဏ) စက်မှုဇုန်နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေ အနေကို ဗဟိုကော်မတီသို့ ခြောက်လတစ်ကြိမ် အစီရင်ခံတင်ပြခြင်း၊

(တ) စက်မှုဇုန်အတွင်းကျူးကျော်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ အဆောက်အဦ ဆောက်လုပ်ခြင်း၊ လမ်းဖောက်ခြင်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ တည်ဆဲဥပဒေအရ အရေးယူခြင်း။

### အခန်း (၅)
### စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၈။ ဒေသဆိုင်ရာကော်မတီသည် -

(က) ဤဥပဒေပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ စက်မှုဇုန် အလိုက် စီမံခန့်ခွဲရေးကော်မတီတစ်ရပ်စီကို စက်မှုဇုန်လုပ်ငန်း ရှင်များမှ ရွေးချယ်တင်မြှောက်သည့် ရင်းနှီးမြှုပ်နှံသူ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့မှတာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

( ခ ) သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ၏ ရွေးချယ်တင်မြှောက်ခံအဖွဲ့ဝင် များအနက်မှ သင့်လျော်သည့်အဖွဲ့ဝင်တစ်ဦးအား အများဆန္ဒဖြင့် ရွေးချယ်လျက် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်။

( ဂ ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို အများဆန္ဒအရ ရွေးချယ်သတ်မှတ် တာဝန် ပေးရမည်။

(ဃ) စီမံခန့်ခွဲရေးကော်မတီအား ဥက္ကဋ္ဌအပါအဝင် အနည်းဆုံး ၁၅ ဦးမှ အများဆုံး ၂၁ ဦးအထိ ဖွဲ့စည်းရမည်။ လစ်လပ်သွားသော ကော်မတီဝင် များအား အစားထိုး ခန့်ထားခြင်းကို ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

*ဆက်လက်ဖော်ပြပါမည်*

# မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်အခမ်းအနားတွင် ပညာရပ်ဆိုင်ရာ ဟောပြောပွဲ၊ ပြခန်းနှင့် ရေထွက်ပစ္စည်းဈေးပွဲတော် ကျင်းပမည်



မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ မီဒီယာတွေ့ဆုံပွဲ ကျင်းပစဉ်။

**ရန်ကုန် မေ ၂**

ရန်ကုန်မြို့ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တွင် ငါးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်အခမ်းအနားကို မေ ၁၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ငါးလုပ်ငန်းဆိုင်ရာ ပညာရပ်ဟောပြောပွဲ၊ ပညာပေးပြခန်းများနှင့် ရေထွက်ပစ္စည်းဈေးရောင်းပွဲတော်ကို မေ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ဧပြီ ၃၀ ရက် မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

မြန်မာနိုင်ငံတွင် ရေထွက်ပစ္စည်းများကို မွေးမြူခြင်း၊ ပင်လယ်ပြင်တွင် ဖမ်းဆီးခြင်း၊ ပြည်တွင်းပြည်ပသို့ တင်ပို့ခြင်းတို့ကြောင့် နိုင်ငံခြားဝင်ငွေ နှစ်စဉ်တိုးမြှင့်ရှာဖွေပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ခုနှစ်ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄၈၂ ဒသမ ၂၅ သန်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅၀၂ ဒသမ ၆၃ သန်း၊ ၂၀၁၆-၂၀၁၇ ခုနှစ်ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၆၀၅ ဒသမ ၈၂ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၇၁၁ ဒသမ ၇၁၇ သန်း၊ ၂၀၁၈ ခုနှစ်တွင် ဒီဇင်ဘာ ၃၁ ရက်အထိ နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၅၁၄ ဒသမ ၉၇၄ သန်း ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၉ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်၏ သား၊ ငါးကဏ္ဍအနေဖြင့် ထုတ်လုပ်မှုတိုးမြှင့်ရေး၊ ပြည်တွင်းထုတ်ကုန်တိုးမြှင့်ရေး(GDP)၊ ပြည်တွင်းပြည်ပဝင်ငွေတိုးမြှင့်ရရှိရေးနှင့် နိုင်ငံခြားဝင်ငွေတိုးမြှင့်ရရှိရေးအတွက် ရည်မှန်းချက်များချမှတ်ဆောင်ရွက်ရာတွင် မြန်မာ့ရေထွက်ပစ္စည်းများထုတ်လုပ်မှု တိုးမြှင့်မှုသာမက ပြည်တွင်းပြည်ပဝင်ငွေများ တိုးမြှင့်ရရှိရန်၊ ခိုင်မာသော ဈေးကွက်ရရှိရန် လိုအပ်မှုကြောင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ EU အပါအဝင်ငါး၊ ပုစွန်စားသုံးမှုများသည့် နိုင်ငံများနှင့် ချိတ်ဆက်၍ အရည်အသွေးနှင့် ထုတ်လုပ်မှုကောင်းမွန်သော နည်းစနစ်များဖြင့် ငါးတန်အပါအဝင် ဈေးကွက်ဝင် ရေချိုငါး၊ ပုစွန်၊ ကဏန်းပျော့ကို ပြည်ပသို့ တင်ပို့ခွင့်ရရှိနေပြီဖြစ်သည်။

နိုင်ငံတကာအဆင့်မီ ငါးမွေးကန်များအား ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့တွင် တူးဖော်၍ ငါးသားပေါက်မွေးမြူရေးဇုန်နှင့် ရေထွက်ပစ္စည်းထုတ်လုပ်တင်ပို့သော စက်ရုံများကို တည်ဆောက်လျက်ရှိရာ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်နေ့တွင်လည်း ငါး၊ ပုစွန်မွေးမြူထုတ်လုပ်ရေးဇုန်တွင် အစုရှယ်ရာများ ပါဝင်ခွင့်ရရှိနိုင်ရန် ဖော်ဆောင်ပေးသွားမည်ဟု သိရသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ၁၈ ကြိမ်မှ အကြိမ် ၂၀ မြောက်ထိ ပူးပေါင်းကျင်းပသော နှစ်ပတ်လည်အခမ်းအနားတွင် ငါးလုပ်ငန်းပညာရပ်ဆိုင်ရာ ဟောပြောပွဲများကို ပြည်ပနိုင်ငံများမှ ပညာရှင်တို့က ဟောပြောမည်ဖြစ်ပြီး ပညာပေးပြခန်းပေါင်း ၂၀ ဖြင့် ပြသသွားမည်ဖြစ်ကာ ရေထွက်ပစ္စည်း ဈေးပွဲတော်တွင်လည်း ဈေးဆိုင်ခန်း ၁၅ ခန်း ဖွင့်လှစ်ရောင်းချလျက် ဖျော်ဖြေရေးအစီအစဉ်များဖြင့် မည်သူမဆိုလာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်းနှင့် မေ ၁၁ ရက်တွင် ပန်းတနော်မြို့နယ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော ငါး၊ ပုစွန်မွေးမြူထုတ်လုပ်ရေးဇုန် Global Earth Agro & Aqua Industry Public Company Limited တွင် နှစ်ပတ်လည်ပွဲတက်ရောက်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ငါးလုပ်ငန်းအဖွဲ့ချုပ်ဝင် ကိုယ်စားလှယ်များ သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

# မော်လမြိုင်ကျွန်းမြို့နယ်၌ စပါးဈေးကျသဖြင့် ရောင်းဈေးမကိုက်၍ ပြန်သယ်ရ

**မော်လမြိုင်ကျွန်း မေ ၂**

မော်လမြိုင်ကျွန်းမြို့နယ်တွင် နွေစပါးရာသီထွက် သီးထပ်ရင်စပါးနှင့် ရက် ၉၀ စပါးများမှာ တစ်ကေလျှင် စပါးတင်း ၁၀၀ အနည်းဆုံး ထွက်ရှိကြပြီး ရရှိသော လယ်ယာထွက် နွေစပါးများကို မော်လမြိုင်ကျွန်းမြို့ ပတ်ဝန်းကျင်ရှိ ဆန်စက်စပါးအဝယ်ဒိုင်များသို့ တောင်သူများက နေ့စဉ်လာရောက်ရောင်းချလျက်ရှိကြသော်လည်း နွေစပါးဝယ်ဈေးမှာ ကျဆင်းနေသဖြင့် နွေစပါးစိုက်တောင်သူများက စပါးမရောင်းချတော့ဘဲ ဒေသကျေးရွာများသို့ ပြန်လည်သယ်ယူခဲ့ကြသည်။

ယင်းနွေစပါးဝယ်ဈေးမှာ ယခင် ၂၀၁၈ ခုနှစ် မေလဆန်းတွင် မြို့ပေါ်အဝယ်ဒိုင်များက နွေစပါးတင်း ၁၀၀ လျှင် ကျပ်ငါးသိန်း ခြောက်သောင်းမှ ကျပ်ငါးသိန်း ခုနစ်သောင်းဈေးတို့ဖြင့် ဝယ်ယူခဲ့ကြသော်လည်း ယခု ၂၀၁၉ ခုနှစ် မေ ၂ ရက်နေ့က နွေစပါးတင်း ၁၀၀ လျှင် ကျပ်လေးသိန်းခုနစ်သောင်းမှ ကျပ်လေးသိန်းရှစ်သောင်းဈေးတို့ဖြင့် ဝယ်ယူနေသဖြင့် စပါးရောင်းတောင်သူများက စိုက်ပျိုးစရိတ်ကြီးမြင့်ပြီး စပါးရောင်းဈေးကျဆင်းနေသောကြောင့် မြို့ပေါ်စပါးအဝယ်ဒိုင်များသို့ စပါးမရောင်းချကြတော့ဘဲ လယ်ယာထွက်စပါးများကို ရေယာဉ်ငယ်များဖြင့် ကျေးရွာများသို့ ပြန်လည်သယ်ယူခဲ့ကြသည်။

"ကျွန်တော်တို့စပါးရောင်းတောင်သူတွေက စပါးသီးနှံကိုပဲ အားထားပြီး အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။ စပါးဈေးက အနည်းဆုံး နွေစပါးတင်း ၁၀၀ ကို ကျပ်ငါးသိန်းနဲ့ အထက်ရရင် တော်သေးတာပေါ့။ အခုတော့နွေစပါးကျဆင်းနေတော့ စိုက်ပျိုးစရိတ်ကြီးမြင့်ချိန်မှာ ဒီစပါးဈေးနဲ့ မရောင်းချနိုင်တော့ဘူး။ နွေစပါးဈေးဆက်ကျနေမယ်ဆိုရင် လာမယ့်နှစ်တွေမှာ နွေစပါးကိုစိုက်ဖို့ မစိုက်ဖို့ စဉ်းစားရတော့မှာပါ"ဟု ဦးကြာမြင့် (မယ်ဂျာကျေးရွာ)၊ ဦးသိန်းအောင် (တူးမြောင်းကျေးရွာ) နှင့် ဦးညိမ်းရွှေ (ကညင်ချောင်း) ကျေးရွာတို့က မေ ၂ ရက်က ပြောပြကြသည်။

အဆိုပါ နွေစပါးသီးနှံအား နွေစပါးထွက်ရှိချိန်တွင် ထိုက်တန်သောဈေးတစ်ခုရပ်တည်ပြီး နွေစပါးရောင်းချနိုင်ရေးကို မော်လမြိုင်ကျွန်းမြို့နယ် နွေစပါးစိုက်တောင်သူများက လိုလားနေကြကြောင်း သိရသည်။ **မော်ကျွန်း - မြင့်အောင်**



## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂-၅-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၄၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၆၅/၁၀၁၀ ကျပ် | ၁၀၃၀/၁၀၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၇၅/၁၀၂၀ ကျပ် | ၁၀၄၅/၁၀၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀/၉၁၀ ကျပ် | ၉၃၀/၉၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀/၉၆၅ ကျပ် | ၁၀၁၀/၁၀၂၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၃ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၇ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၉ · ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၈၈ · ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၅ · ၆ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၇၀ · ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ · ၁၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၉၀၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၀ · ၈၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၈ · ၁၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၅၉၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊** **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မီးဘေးလုံခြုံသော မြို့ပြဆီသို့

## တင်ဝင်းလေး (ကြည့်မြင်တိုင်)

**ဝေးလံသီခေါင်သော ကျေးလက်ဒေသမှ လူများ မိမိတို့ နေထိုင်ရာအရပ်ကိုစွန့်၍ အလုပ်အကိုင် စီးပွားအခွင့်အလမ်းများကောင်းရာ မြို့ပြဝန်းကျင်များဆီသို့ ပြောင်းရွှေ့နေထိုင်မှုသည် ပတ်ဝန်းကျင်ကို ပြောင်းလဲစေသော မြို့ပြဖြစ်ထွန်းမှုတစ်ခုပင်ဖြစ်သည်။**

မြန်မာနိုင်ငံ၏ မြို့ပြဖွံ့ဖြိုးမှု၊ လူဦးရေများပြားလာမှုဖြစ်စဉ်တွင် ၁၉၅၀ ပြည့်နှစ်၊ ၁၉၉၀ ပြည့်နှစ်တို့မှာ ကျေးလက်ဒေသဆီမှ မြို့ပြများဆီသို့ ပြောင်းရွှေ့မှု သိသာထင်ရှားစေသော ခုနှစ်များ ဖြစ်ခဲ့သည်။ ထို့ထက်ပိုမိုသိသာစွာ ပြောင်းလဲမှုမှာ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအပြီး ဧရာဝတီတိုင်းဒေသကြီးရှိ မြို့အချို့နှင့် ကျေးလက်ဒေသတို့မှ အပြောင်းအရွှေ့တွင် ရန်ကုန်မြို့မှာ အဓိက ဖြစ်လာသည်။ ယခုအခါ အညာဒေသ မြေလတ်များဆီမှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ရောက်ရှိမှု ပိုမိုများပြားလာသည်ကို တွေ့မြင်ရသည်။ ၂၀၁၁ ခုနှစ်မှစ၍ ဒီမိုကရေစီနိုင်ငံတော်သစ်သို့ ကူးပြောင်းချိန်တွင် မြို့ပြများဆီသို့ ပြောင်းရွှေ့အခြေချနေထိုင်မှု ပိုမိုများပြား လာခဲ့သည်။ ဤတွင် မြို့ပြဆီသို့ ပြောင်းရွှေ့မှုကိစ္စသည် အစိုးရအတွက် စိန်ခေါ်မှု ပြဿနာတစ်ရပ်အဖြစ် ရှေ့တန်းသို့ ရောက်ရှိလာခဲ့သည်။

စီးပွားရေးမူဝါဒ တိုးတက်ပြောင်းလဲခြင်းနှင့် လျင်မြန်သော မြို့ပြဖြစ်ထွန်းလာခြင်းသည် နိုင်ငံတော်အတွင်း ပမာဏကြီးမားစွာ ပြောင်းလဲစေခဲ့သည်။ များပြားလာသော လူဦးရေနှင့် ၎င်းတို့၏ လုံခြုံရေးဆိုင်ရာ၊ ဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များသည် အရေးပါလာပြီး လက်တွေ့ပူးပေါင်းဆောင်ရွက်ရန် အထူးလိုအပ်လာပြီကို တွေ့ရသည်။

### တစ်ကမ္ဘာလုံးနှင့်ခြုံသော်

တစ်ကမ္ဘာလုံးနှင့်ခြုံသော် ၂၀၃၀ ပြည့်နှစ်တွင် မြို့ပြဖြစ်ထွန်းလာမှု၏ ၉၆ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဧကန်မုချ ဖြစ်လာလိမ့်မည်ဟု လူသားအရင်းအမြစ်ဆိုင်ရာ လေ့လာသူများက သုံးသပ်ပြောကြားမှု ရှိခဲ့သည်။

မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးစနစ်ပုံစံ ပြောင်းလဲချိန်တွင် ယနေ့ကာလသည် ပြည်သူ့အစိုးရ တစ်ရပ်အဖြစ် ပြောင်းလဲနေသော အရွေ့ကာလတစ်ခု ဖြစ်သည်။ မြို့ပြရေိယာ ကြီးမားလာသည်နှင့်အမျှ မြို့ပြ၏လုံခြုံရေးမှာ အခြေခံအကျဆုံးသော လိုအပ်ချက်တစ်ရပ် ဖြစ်လာသည်။ ထိရောက်သော မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများရေးဆွဲပြီး အုပ်ချုပ်မှု ပုံစံကောင်းတစ်ရပ်ဖြစ်ရန် အကောင်အထည်ဖော်လျှောက်လှမ်းလျက် ရှိနေပြီကိုလည်း တွေ့လာရသည်။

ယနေ့နိုင်ငံတော်တွင် ပိုမိုအားကောင်းသော အရပ်ဘက် လူမှုအသိုင်းအဝိုင်းနှင့် ထက်မြက် စူးရှသော မီဒီယာများ ပေါ်ထွက်ခြင်းကြောင့် အစိုးရအတွက် “အား”များ ဖြစ်စေခဲ့သည်။ အရပ်ဘက်နှင့် အုပ်ချုပ်ရေးပိုင်း ပိုမိုထိတွေ့မှု ရှိလာခဲ့သည်။ မြို့ပြဘေးကင်းလုံခြုံရေးအတွက် အထွေထွေအုပ်ချုပ်ရေးဌာန၊ စည်ပင်သာယာရေးနှင့် ရဲတပ်ဖွဲ့သည် အဓိကကျသော အစိုးရရုံးဌာနကြီးများဖြစ်ပြီး ပညာရေးဌာန၊ လူမှုဝန်ထမ်းဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဌာန၊ ဆောက်လုပ်ရေးဌာန၊ ကျန်းမာရေးဌာန၊ မီးသတ်တပ်ဖွဲ့ စသည်တို့သည် အထောက်အကူပြု ဆက်စပ်ဌာနများအဖြစ် တည်ရှိလာခဲ့သည်။

### မြို့ပြဘေးကင်းလုံခြုံရေး

မြို့ပြဘေးကင်းလုံခြုံရေး စံနှုန်းများတွင် မီးသတ်တပ်ဖွဲ့အနေဖြင့် မီးဘေး၊ ရေဘေး၊ လေဘေးနှင့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ထားရှိပြီး တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ရေးဆွဲအကောင်အထည်ဖော်လျက် ရှိနေသည်။ ထို့ကြောင့် မီးသတ်တပ်ဖွဲ့မှာ မြို့ပြလုံခြုံရေးကွန်ရက်မှ ခွဲထုတ်၍မရသော အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် တည်ရှိနေသည်။

မြို့ပြဘေးကင်းလုံခြုံရေး အဆင့်မြင့်ရန်မှာ



မီးသတ်တပ်ဖွဲ့မှ အဆောက်အအုံများတွင် မီးဘေးလုံခြုံရေးဆိုင်ရာများနှင့် ပတ်သက်၍ စစ်ဆေးစဉ်။

မြန်မာနိုင်ငံတစ်ခုတည်းသာမက တစ်ကမ္ဘာလုံးအတွက် စိန်ခေါ်မှုတစ်ရပ်အဖြစ် ရင်ဆိုင်တွေ့ကြုံနေရသည်။ မကြာသေးမီက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ၂၂ ထပ်တိုက် အဆောက်အအုံ မီးလောင်ခဲ့သည်။ သေဆုံးသူ ၂၉ ဦးခန့်ရှိပြီး လူပေါင်း ၇၀ ကျော်ထိခိုက်ဒဏ်ရာရ၍ ဆေးကုသမှု ခံယူခဲ့ရသည်။ အဆောက်အအုံအတွင်း ပိတ်မိနေသူတို့ တစ်ဖက်အဆောက်အအုံဆီသို့ ကေဘယ်ကြိုးများသုံး၍ ကူးပြောင်းရခြင်း၊ အပူဒဏ်၊ မီးခိုးငွေ့ဒဏ်ကို မခံနိုင်၍ ခုန်ချသူများ ရှိခဲ့ခြင်းကြောင့်ဟု ဆိုသည်။ ယင်းအဆောက်အအုံ တည်ဆောက်စဉ်က မီးဘေးလုံခြုံရေးဆိုင်ရာစနစ်များ ပြည့်စုံစွာတပ်ဆင်ထားမှု မရှိခဲ့ခြင်းကြောင့်ဟု အစိုးရက ထုတ်ပြန်မှုရှိခဲ့သည်။

မြို့ပြလူနေမှုစနစ်နှင့်အညီ ဖွံ့ဖြိုးလာသော စီးပွားရေးမြို့တော် ရန်ကုန်မြို့သည် ယခုအခါ မိုးထိမြင့်မားသော တိုက်တာအဆောက်အအုံများ၊ ကုန်တိုက်ကြီးများ၊ စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံကြီးများ၊ ဆေးရုံ၊ ဟိုတယ်၊ မိုတယ်များ၊ အရောင်းစင်တာကြီးများ၊ အထပ်မြင့်ဈေးများ၊ စက်မှုဇုန်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာသည်ကို တွေ့နေရသည်။

ဤသို့ အဆောက်အအုံကြီးများ တည်ဆောက်ရာတွင် သက်ဆိုင်ရာ ဌာနများ၏ သတ်မှတ်စည်းကမ်းနှင့်အညီ တည်ဆောက်ရသကဲ့သို့ မီးဘေးလုံခြုံရေး၊ မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် မီးသတ်ဦးစီးဌာန၏ အကြံပြုချက်ကို ရယူတည်ဆောက်ရန် အထူးလိုအပ်လှပေသည်။

အဆောက်အအုံ ဒီဇိုင်းစတင်ဆွဲစဉ်ကတည်းက မီးဘေးကာကွယ်ရေး အစီအမံများ ထည့်သွင်းရေးဆွဲသင့်သည်။ မီးသတ်ဌာန၏ အကြံပြုချက်များရယူသင့်သည်။ အဆောက်အအုံတည်ဆောက်ပြီးချိန်မှ တပ်ဆင်ပါက မီးဘေးအန္တရာယ်ကာကွယ်ပေးစွမ်းနိုင်မှု အားနည်းချက်များ ရှိလာနိုင်မည်ဖြစ်သည်။

### မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဥပဒေ

ထို့အတွက် ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေပုဒ်မ ၁၇ တွင် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသည် အောက်ပါကိစ္စရပ်များအတွက် ခွင့်ပြုမိန့်ထုတ်မပေးမီ မီးဘေးလုံခြုံရေးကိစ္စအလို့ငှာ မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက်ကို ရယူရမည်ဟု ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည်-

- (က) သုံးထပ်နှင့်အထက်ရှိအဆောက်အအုံ၊ စုပေါင်းအိမ်ရာ၊ ဈေး၊ လူအများအပြားစုဝေးအသုံးပြုသည့် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊
- (ခ) ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းလုပ်ငန်းလုပ်ကိုင်ခြင်း၊
- (ဂ) စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံနှင့် သိုလှောင်ကန်များဆောက်လုပ်ခြင်း၊
- (ဃ) မီးဘေးအန္တရာယ် စိုးရိမ်ရသော လုပ်ငန်း သို့မဟုတ် ပေါက်ကွဲစေတတ်သည့် ပစ္စည်းအသုံးပြု၍ လုပ်ငန်း လုပ်ကိုင်ခြင်း၊
- (င) မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများ တင်သွင်းခြင်း၊ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း၊
- (စ) မော်တော်ယာဉ်၊ မီးရထား၊ လေယာဉ်၊ ရဟတ်ယာဉ်၊ သင်္ဘော၊ စက်တပ် ရေယာဉ်၊ စက်မဲ့ရေယာဉ်တို့ကို အသုံးပြု၍ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ လုပ်ကိုင်ခြင်းတို့ ဖြစ်သည်။

ထို့အပြင် အဆောက်အအုံကြီးတစ်ခု တည်ဆောက်ပါက မီးသတ်ကားဝင်လမ်း ထွက်လမ်း၊ မီးလောင်စဉ် မီးသတ်တပ်ဖွဲ့ဝင်တို့ ဝင်ရောက်နိုင်ရန်လမ်းများ၊ အဆောက်အအုံနေ လူများ ထွက်ခွာနိုင်ရန်လမ်းကြောင်း၊ လှေကား၊ အရေးပေါ်လွတ်မြောက်ပေါက်၊ လွတ်မြောက်ရန် လမ်း၊ လွတ်မြောက်မှုဆိုင်ရာ သင်္ကေတများ၊ လေဝင်လေထွက်စနစ်၊ မီးလှန့်အချက်ပေးစနစ်၊ မီးခိုးထောက်လှမ်းရေးကိရိယာ၊ အပူထောက်လှမ်းရေးကိရိယာ၊ မီးတောက်ထောက်လှမ်းရေး ကိရိယာ၊ အလိုအလျောက် ရေဖျန်းစနစ်၊ မီးသတ်ပိုက် (Riser/Hose Reel)များ၊ မီးသတ်ရေဂုတ်များ၊ ရေကန်၊ မီးသတ်ဆေးဘူး စသည်တို့ ထားရှိရန် ထည့်သွင်းရေးဆွဲဖို့လိုအပ်ပေသည်။

### တိကျစွာ လိုက်နာလုပ်ဆောင်

မြို့ပြဖြစ်ထွန်းမှု အားကောင်းသော ဂျပန်နိုင်ငံသည် တစ်နှစ်လျှင် မီးလောင်မှု ပျမ်းမျှအကြိမ် ၆၀၀၀၀ ခန့်ရှိသည်။ မြန်မာနိုင်ငံနှင့် စာလျှင် မီးလောင်မှု အကြိမ်အရေအတွက် ပိုမိုများပြားသော်လည်း ဆုံးရှုံးမှုတန်ဖိုး နည်းပါးခဲ့သည်။ မီးလောင်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုးမှာ မြန်မာနိုင်ငံကပို၍ များပြားကြောင်း တွေ့ရသည်။ ဂျပန်ပြည်သူများအနေဖြင့် ၎င်းတို့ မီးသတ်ဌာန၏ ပြဋ္ဌာန်းထားသော မီးဘေးလုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် ပစ္စည်းကိရိယာများ တပ်ဆင်ခြင်းကို အလေးထား တိကျစွာလိုက်နာလုပ်ဆောင်ခြင်းကြောင့်ဟုသိရသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်ဦးမြတ်သူက “ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အခြားဖွံ့ဖြိုးပြီး နိုင်ငံတွေနဲ့ နှိုင်းယှဉ်မယ်ဆိုရင် မီးလောင်မှုအကြိမ်ဟာ နည်းပါးပါတယ်။ ဒါပေမယ့် မီးလောင်ဆုံးရှုံးမှုတန်ဖိုးကျတော့ ပိုများနေပါတယ်။ ဒါက ဘာကိုပြနေသလဲဆိုတော့ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ခေတ်မီနည်းပညာတွေ ပိုမိုအသုံးပြုနိုင်ဖို့ လိုအပ်နေသေးတယ် ဆိုတာရယ်၊ မီးဘေးသတိမူရေးမှာလည်း ပြည်သူတွေဘက်က လိုက်နာမှုအားနည်းချက်လေးတွေ ရှိနေသေးတာကို ပြနေတာဖြစ်ပါတယ်။ ဒါပေမယ့် မည်သို့ပင်ဖြစ်နေပါစေ ဆုံးရှုံးမှုတွေ နည်းပါးသည်ထက် နည်းပါးအောင် ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့က အစဉ်ကြိုးပမ်း ဆောင်ရွက်သွားမှာပါ”ဟုပြောသည်။

သို့အတွက် မြို့ပြ၏ မီးဘေးလုံခြုံရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေးသည် မီးသတ်တပ်ဖွဲ့တစ်ခုတည်း၏ တာဝန်ဟု ဆို၍မရနိုင်ပေ။ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့ချင်း ဆောင်ရွက်၍လည်းမရနိုင်ပေ။ နိုင်ငံသားတိုင်း ပူးပေါင်းပါဝင်ရန် လိုအပ်ပေသည်။ တက်ညီလက်ညီ စဉ်ဆက်မပြတ် ဆောင်ရွက်ကြမှသာလျှင် မီးဘေးလုံခြုံသော မြို့ပြဆီသို့ အရောက်လှမ်းနိုင်ကြမည်ဖြစ်သည်။

တစ်ဖန် ဖွံ့ဖြိုးတိုးတက်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးမှာ တည်ဆောက်သော အဆောက်အအုံများနှင့် လူ့အသုံးအဆောင်ပစ္စည်းများက မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းရည်ကို စိန်ခေါ်လျက် ရှိနေသည်။

အဆောက်အအုံများ တည်ဆောက်ခြင်းသာမက နိုင်ငံခြားမှ တင်သွင်းသော မီးသတ်ပစ္စည်းကိရိယာများကို ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရာတွင် အရည်အသွေးစစ်ဆေးရန် မီးသတ်ဦးစီးဌာန၏ ထောက်ခံချက်ကို ရယူရမည့်အပြင် မီးဘေးအန္တရာယ်ရှိသော ပစ္စည်းများ သိုလှောင်မည် ဆိုပါကလည်း မီးသတ်ဦးစီးဌာန၏ ထောက်ခံချက်ကို ရယူရမည်ဖြစ်သည်။


ဆောက်လုပ်မည့် အဆောက်အအုံဒီဇိုင်းတွင် မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းများ ဒီဇိုင်းထည့်သွင်းရေးဆွဲထားခြင်းကို မီးသတ်ဦးစီးဌာနမှ အင်ဂျင်နီယာဘွဲ့ ရရှိထားသော မီးသတ်တပ်ဖွဲ့ဝင်များက စစ်ဆေးပေးခြင်းနှင့်အတူ ဆောက်လုပ်ပြီး အဆောက်အအုံတွင် မီးဘေးလုံခြုံရေးဆိုင်ရာစနစ်များ ပြည့်စုံစွာ တပ်ဆင်ထားခြင်း ရှိ မရှိကို ကွင်းဆင်းစစ်ဆေးပေး၍ အကြံပြုချက် သတ်မှတ်စည်းကမ်းများအတိုင်း လိုက်နာတည်ဆောက်ပြီးပါက မီးဘေးလုံခြုံရေး ထောက်ခံချက်ကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပေးလျက် ရှိနေသည်ကို တွေ့ရသည်။

### မီးသတ်တပ်ဖွဲ့၏ ဂုဏ်သတင်း

ယနေ့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် စွန့်လွှတ်စွန့်စားမှု၊ အချိန်နှင့် တစ်ပြေးညီ မီးသတင်းထုတ်လွှင့်နိုင်မှု၊ မီးသတ်စွမ်းဆောင်ရည်မြင့်မားမှု၊ အချိန်တိုအတွင်း မီးငြိမ်းသတ်နိုင်မှုတို့ကြောင့် ပြည်သူအများ ယုံကြည်ကိုးစားအားထားရသော တပ်ဖွဲ့တစ်ခုအဖြစ်ကောင်းသော ဂုဏ်သတင်းတို့ဖြင့် ထုံသင်းလျက်ရှိနေပြီဖြစ်သည်။ သို့သော် မီးသတ်တပ်ဖွဲ့အနေဖြင့် မီးလောင်နေသည့်နေရာသို့ ရောက်ရှိရန် မီးလောင်နေကြောင်း သတင်းလက်ခံရရှိခြင်း၊ သေချာအောင်ပြုလုပ်ခြင်း၊ မီးသတ်ကားများ စတင်ထွက်ခွာခြင်း စသည့်ကိစ္စများ ဆောင်ရွက်ပြီးမှသာလျှင် မီးလောင်သည့် နေရာသို့ရောက်ရှိကာ စတင်မီးငြိမ်းသတ်ရခြင်းဖြစ်သည်။

ဤတွင် ပြည်သူအများ၏ သတင်းပေးပို့မှုက အရေးကြီးပေသည်။ သတင်းမှန်ကန်တိကျရန် လိုအပ်ပါသည်။ ယခုအခါ လူတိုင်းကိုယ်စီ လက်ကိုင်ဖုန်းများ ရှိနေကြပြီဖြစ်သည်။ ပြည်တွင်းရှိ ဆက်သွယ်ရေးအော်ပရေတာအားလုံးမှတစ်ဆင့် အလွယ်တကူ ဆက်သွယ်နိုင်ကြပြီဖြစ်သည်။ မီးလောင်မှုကို စတွေ့လျှင်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာလျှင်ဖြစ်စေ၊ ယာဉ်တိုက်မှုကြောင့် အန္တရာယ်ဖြစ်နေသည်ကို တွေ့လျှင်ဖြစ်စေ မှတ်ရအလွယ်ကူဆုံးဖြစ်သည့် မီးသတ်ဦးစီးဌာန၏အရေးပေါ်ဖုန်းနံပါတ်ဖြစ်သော ၁၉၁ ကို အချိန်နှင့် တစ်ပြေးညီ ဆက်သွယ်ကြရန် မမေ့သင့်ပေ။ ဤသို့ ဆက်သွယ်ခြင်းဖြင့် မီးသတ်ဦးစီးဌာနကို ကူညီရာရောက်သကဲ့သို့ ကာယကံရှင်များကိုလည်း အမြန်ဆုံး အကူအညီပေးရာ ရောက်ပေသည်။

တစ်နိုင်ငံလုံးတွင် ပိုလန်နိုင်ငံထုတ် ခေတ်မီအဆင့်မြင့် မီးသတ်ယာဉ်ကြီးများအပါအဝင် မီးသတ်ယာဉ် ၃၄၉၀၊ သန္ဓေတပ်ဖွဲ့ဝင် ၂၄၀၀၀ ကျော်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်သုံးသိန်းကျော်၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ၂၀၀၀၀ ခန့်တို့ဖြင့် ဆောင်ရွက်နေသော်လည်း မီးဆိုသောဘေးအန္တရာယ်သည် အချိန်အခါ ရာသီမရွေး ပေါ်ပေါက်နိုင်သော ဘေးဆိုးတစ်ခု ဖြစ်သည်။ ထိုဘေးဆိုးကို ဟန့်တားထိန်းချုပ်ရာတွင် စနစ်တကျ ကြိုတင်ပြင်ဆင်မှုတို့ကသာလျှင် လက်ဦးမှု ရယူနိုင်မည်ဖြစ်သည်။ ထိုသို့ စနစ်တကျ ကြိုတင်ပြင်ဆင် ဟန့်တားလက်ဦးမှု ရယူနိုင်ရန်အတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ လမ်းညွှန်မှု၊ အကြံပြုမှုများအတိုင်း အလေးထားလိုက်နာ ကျင့်သုံးခြင်း၊ ပြည်သူများက ဝိုင်းဝန်းပူးပေါင်းပါဝင် ကူညီခြင်းတို့ဖြင့် မီးဘေးလုံခြုံသောမြို့ပြများဆီသို့ အရောက်လှမ်းကြမည်ဖြစ်ပါကြောင်း (၇၃)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆို ရေးသားလိုက်ရပါသည်။ ။



မီးသတ်တပ်ဖွဲ့မှ အဆောက်အအုံများတွင် မီးဘေးလုံခြုံရေးဆိုင်ရာများနှင့်ပတ်သက်၍ စစ်ဆေးစဉ်။

## ပြင်သစ်ပထမတန်းပွဲစဉ် (၃၅)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၃-၅-၁၉ |
| စထရက်ဘော့ချ် | - | မာဆေး | နံနက် ၁း၁၅ |
| စနေနေ့ | | | ၄-၅-၁၉ |
| ပီအက်စ်ဂျီ | - | နိုက်စ် | ည ၉း၃၀ |
| ဘော်ဒိုး | - | အန်ဂျာစ် | နံနက် ၀၀း၃၀ |
| ဂူအင်ဂမ့် | - | ကိန်း | နံနက် ၀၀း၃၀ |
| ရိမ်းစ် | - | နီမက်စ် | နံနက် ၀၀း၃၀ |
| တနင်္ဂနွေနေ့ | | | ၅-၅-၁၉ |
| မောင့်ပယ်လီယာ | - | အာမီယန် | ည ၇း၃၀ |
| နန့်စ် | - | ဒီဂျွန် | ည ၇း၃၀ |
| တူးလောက်စ် | - | ရိန်းနက်စ် | ည ၇း၃၀ |
| မိုနာကို | - | စိန့်အက်တီယန် | ည ၉း၃၀ |
| လိုင်ယွန် | - | လိုင်လီ | နံနက် ၁း၃၀ |

## လာလီဂါပွဲစဉ် (၃၆)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၃-၅-၁၉ |
| ဆီဗီလာ | - | လီဂါနက်စ် | နံနက် ၁း၃၀ |
| စနေနေ့ | | | ၄-၅-၁၉ |
| လီဗန်တေး | - | ဗယ်လီကာနို | ညနေ ၅း၃၀ |
| အက်စ်ပန်ညို | - | အက်သလက်တီကို | ည ၈း၄၅ |
| အလာဗက်စ် | - | ဆိုစီဒက်စ် | ည ၁၁း၀၀ |
| ဆဲလ်တာဗီဂို | - | ဘာစီလိုနာ | နံနက် ၁း၁၅ |
| တနင်္ဂနွေနေ့ | | | ၅-၅-၁၉ |
| ဂီတာဖေး | - | ဂျီရိုနာ | ညနေ ၄း၃၀ |
| အီဘာ | - | ဘက်တစ် | ည ၆း၃၀ |
| ရီးရဲ | - | ဗီလာရီးရဲ | ည ၈း၄၅ |
| ဗယ်လာဒိုးလစ် | - | ဘီဘာအို | ည ၁၁း၀၀ |
| ဝက်စ်ကာ | - | ဗလင်စီယာ | နံနက် ၁း၁၅ |

## ပရီမီယာလိဂ်ပွဲစဉ် (၃၇)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၃-၅-၁၉ |
| အဲဗာတန် | - | ဘန်လေ | နံနက် ၁း၃၀ |
| စနေနေ့ | | | ၄-၅-၁၉ |
| ဘုန်းမောက် | - | စပါး | ည ၆း၀၀ |
| ဝက်စ်ဟမ်း | - | ဆောက်သမ်တန် | ည ၈း၃၀ |
| ဝုဖ် | - | ဖူလ်ဟမ် | ည ၈း၃၀ |
| ကာဒစ်ဖ် | - | ပဲလေ့စ် | ည ၁၁း၀၀ |
| ကာဆယ် | - | လီဗာပူး | နံနက် ၁း၁၅ |
| တနင်္ဂနွေနေ့ | | | ၅-၅-၁၉ |
| ချယ်လ်ဆီး | - | ဝက်ဖို့ဒ် | ည ၇း၃၀ |
| ဟက်ဒါဖီးလ် | - | မန်ယူ | ည ၇း၃၀ |
| အာဆင်နယ် | - | ဘရိုက်တန် | ည ၁၀း၀၀ |
| တနင်္လာနေ့ | | | ၆-၅-၁၉ |
| မန်စီးတီး | - | လက်စတာ | နံနက် ၁း၃၀ |

## စီးရီးအေပွဲစဉ် (၃၅)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၃-၅-၁၉ |
| ဂျူဗင်တပ်စ် | - | တိုရီနို | နံနက် ၁း၀၀ |
| စနေနေ့ | | | ၄-၅-၁၉ |
| ချီယေဗို | - | SPAL | ည ၁၀း၃၀ |
| အူဒီးနိစ် | - | အင်တာ | နံနက် ၁း၀၀ |

## ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ဒုကျော့

| | | | |
|---|---|---|---|
| အင်္ဂါနေ့ | | | ၇-၄-၁၉ |
| လီဗာပူး | - | ဘာစီလိုနာ | နံနက် ၁း၃၀ |
| ဗုဒ္ဓဟူးနေ့ | | | ၈-၅-၁၉ |
| အိုင်းယက်စ် | - | စပါး | နံနက် ၁း၃၀ |

## ယူရိုပါလိဂ်ဆီမီးဖိုင်နယ် ဒုကျော့

| | | | |
|---|---|---|---|
| ကြာသပတေးနေ့ | | | ၉-၅-၁၉ |
| ဗလင်စီယာ | - | အာဆင်နယ် | နံနက် ၁း၃၀ |
| ချယ်လ်ဆီး | - | ဖရန့်ဖွတ် | နံနက် ၁း၃၀ |

# ချန်ပီယံဆုအတွက် အများမခံမယ့်မန်စီးတီး

ဝေမိုးဆက်




ပရီမီယာလိဂ်က ပွဲစဉ် ၃၇ ကိုရောက်ရှိလာခဲ့ပြီ ဖြစ်ပေမယ့် လက်ရှိအချိန်အထိ ချန်ပီယံဆုအတွက်ရော၊ ချန်ပီယံလိဂ်ဝင်ခွင့်အပြင် တန်းဆင်းဇုန် တစ်နေရာအတွက်ပါ တိကျတဲ့အဖြေထွက်ပေါ်နိုင်ခြင်း မရှိသေးပါဘူး။ ဒါကြောင့် ပရီမီယာလိဂ်က စိတ်ဝင်စားဖို့ကောင်းနေကာ ချန်ပီယံဆုမှန်းနေတဲ့ မန်စီးတီးအနေနဲ့ ပထမအကျော့ရှုံးနိမ့်ခဲ့တဲ့ လက်စတာကို အနိုင်ပြန်ယူနိုင်မလား စောင့်ကြည့်ရမယ်။

### မန်စီးတီး Vs လက်စတာ

ပထမအကျော့ရလဒ် - လက်စတာ ၂-၁ မန်စီးတီး

ချန်ပီယံဆုရယူနိုင်ဖို့ လက်တစ်ကမ်းလိုချိန်မှာ မန်စီးတီးတို့ အမှားခံမှာ မဟုတ်ပါဘူး။ ဒါ့အပြင် မန်စီးတီးအနေနဲ့ အခြားပွဲလည်း မရှိတာကြောင့် ဒီပွဲကိုသာ အာရုံစိုက်ကစားနိုင်ခွင့်ရှိနေသလို အိမ်ကွင်းလည်း ဖြစ်နေပါတယ်။ လက်စတာကလက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်နေပေမယ့် မန်စီးတီးကိုတော့ ထိန်းချုပ်နိုင်ဖို့ ခက်ပါတယ်။ မန်စီးတီးပဲ နိုင်ပွဲရမယ်။

### အဲဗာတန် Vs ဘန်လေ

ပထမအကျော့ရလဒ် - ဘန်လေ ၁-၅ အဲဗာတန်

ဘန်လေကလက်ရှိအချိန်မှာ တန်းတင်ကျန်ရစ်ဖို့သေချာသွားပြီဖြစ်တဲ့အတွက် ဖိအားကင်းကင်းနဲ့ ရင်ဆိုင်နေတာကြောင့် ခြေစွမ်းပိုင်းလည်း တိုးတက်လာပါတယ်။ ဒါပေမယ့်လည်း အဲဗာတန်က လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းမဆိုးသလို အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း ခြေစွမ်းပိုမိုထက်မြက်တတ်တယ်။ အဲဗာတန်ကိုသာ နှစ်သက်မိပါတယ်။

### ဘုန်းမောက် Vs စပါး

ပထမအကျော့ရလဒ် - စပါး ၅-၀ ဘုန်းမောက်

ဝက်စ်ဟမ်းကိုအရေးနိမ့်ခဲ့လို့ စပါးတို့ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးအတွက် အမှားမခံတဲ့အခြေအနေမှာသာရှိနေပါသေးတယ်။ ဒါကြောင့် စပါးတို့ ဂရုတစိုက်ကစားလာမှာဖြစ်ပေမယ့် ချန်ပီယံလိဂ်ပွဲတွေကြောင့် ခြေကုန်ထုတ်ဖို့ခက်မယ်။ ဘုန်းမောက်ကလည်း အိမ်ကွင်းအားနဲ့တုံ့ပြန်လာမှာဖြစ်လို့ အိမ်ရှင်နဲ့သာ အရဲစွန့်အားပေးချင်တယ်။

### ဝက်စ်ဟမ်း Vs ဆောက်သမ်တန်

ပထမအကျော့ရလဒ် - ဆောက်သမ်တန် ၁-၂ ဝက်စ်ဟမ်း

ဆောက်သမ်တန်တို့ နှစ်ပွဲကျန်အနေအထားမှာ အဆင့် ၁၈က ကာဒစ်ဖ်ကို ခုနစ်မှတ်ဖြတ်ထားနိုင်တာကြောင့် တန်းတင်ကျန်ရစ်ဖို့သေချာခဲ့ပြီ ဖြစ်ပါတယ်။ ဝက်စ်ဟမ်းကတော့ အိမ်ကွင်းမှာ ရလဒ်ကောင်းဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာ ဆောက်သမ်တန်ရဲ့ခြေစွမ်းလည်း သာမန်သာရှိလို့ အိမ်ရှင်နဲ့သာ လက်တွဲထားရမယ်။

### ကာဆယ် Vs လီဗာပူး

ပထမအကျော့ရလဒ် - လီဗာပူး ၄-၀ ကာဆယ်

ကာဆယ်က လက်ရှိအချိန်မှာ မျှော်လင့်ချက်အတွက် အားစိုက်ရမယ့် အခြေအနေမရှိတော့ပေမယ့် အိမ်ကွင်းဖြစ်သလို ခြေစွမ်းပိုင်းကလည်း မဆိုးပါဘူး။ လီဗာပူးက ချန်ပီယံဆုအတွက် ဂရုတစိုက်ကစားလာမှာဖြစ်ပေမယ့် ချန်ပီယံလိဂ်ပွဲတွေကြောင့် ခြေကုန်ထုတ်ဖို့ခက်မယ်။ လီဗာပူးနိုင်ရင်တောင် ဂိုးမပြတ်နိုင်လို့ ကာဆယ်ကိုသာ နှစ်သက်မိပါတယ်။

### ချယ်လ်ဆီး Vs ဝက်ဖို့ဒ်

ပထမအကျော့ရလဒ် - ဝက်ဖို့ဒ် ၁-၂ ချယ်လ်ဆီး

ဒီပွဲအနိုင်ရခဲ့မယ်ဆိုရင် ချယ်လ်ဆီးအနေနဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ ပိုမိုနီးစပ်သွားမှာဖြစ်တာကြောင့် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးရဲ့ လက်ရှိခြေစွမ်းပိုင်းမငြိမ်သလို ယူရိုပါလိဂ်ပွဲတွေကြောင့်လည်း ခြေကုန်ထုတ်ဖို့ခက်မယ်။ ဝက်ဖို့ဒ်ကလည်း ခြေစွမ်းပိုင်းမဆိုးတာကြောင့် ချယ်လ်ဆီးအနိုင်ရရင်တောင် ဂိုးမပြတ်နိုင်ဘူး။

### ဝုဖ် Vs ဖူလ်ဟမ်

ပထမအကျော့ရလဒ် - ဖူလ်ဟမ် ၁-၁ ဝုဖ်

ဖူလ်ဟမ်အနေနဲ့ တန်းဆင်းရဖို့ သေချာခဲ့ပြီးတဲ့နောက်ပိုင်း ဖိအားကင်းသွားလို့ ခြေစွမ်းပိုင်းလည်း တိုးတက်လာတာကို တွေ့ရပါတယ်။ ဒါပေမယ့် ဒီပွဲကတော့ အဝေးကွင်း ဖြစ်ပါတယ်။ အထူးသဖြင့် အခုနောက်ပိုင်းမှာ ဝုဖ်က ခြေစွမ်းပိုင်းတည်ငြိမ်နေသလိုအိမ်ကွင်းမှာဆိုရင်အသင်းကြီးတွေကိုတောင် အံတုနိုင်ပါတယ်။ ဒါကြောင့် အိမ်ရှင်ကိုပဲ ရွေးမယ်။

### ဟတ်ဒါဖီးလ် Vs မန်ယူ

ပထမအကျော့ရလဒ် - မန်ယူ ၃-၁ ဟတ်ဒါဖီးလ်

မန်ယူက ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့အတွက် မျှော်လင့်နိုင်သေးတာကြောင့် ခြေကုန်ထုတ်လာမှာဖြစ်ပါတယ်။ ဟက်ဒါဖီးလ်ကတော့ တန်းဆင်းရဖို့သေချာနေပြီး ဖိအားကင်းနေပေမယ့် ခြေစွမ်းပိုင်းက အားနည်းမှုတွေများနေပါတယ်။ မန်ယူရဲ့ တိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ မန်ယူတို့အဝေးကွင်းဖြစ်ပေမယ့် နိုင်ပွဲရယူသွားနိုင်မှာပါ။

### ကာဒစ်ဖ် Vs ပဲလေ့စ်

ပထမအကျော့ရလဒ် - ပဲလေ့စ် ၀-၀ ကာဒစ်ဖ်

ကာဒစ်ဖ်က နှစ်ပွဲကျန်အနေအထားမှာ အဆင့် ၁၇ က ဘရိုက်တန်ထက် လေးမှတ်သာလျော့တာကြောင့် တန်းတင်ကျန်ရစ်ဖို့ မျှော်လင့်နိုင်သေးတာကြောင့် ခြေကုန်ထုတ်လာမှာသေချာနေတယ်။ ပဲလေ့စ်က အသင်းကြီးတွေကိုတောင် အံတုနိုင်ပေမယ့် ခြေစွမ်းအရတည်ငြိမ်မှု အနည်းငယ် မရှိပါဘူး။ ဒါကြောင့် ကာဒစ်ဖ်ရဲ့ရှုံးအားကို ရွေးမယ်။

### အာဆင်နယ် Vs ဘရိုက်တန်

ပထမအကျော့ရလဒ် - ဘရိုက်တန် ၁-၁ အာဆင်နယ်

နောက်ဆုံးလက်ကျန်နှစ်ပွဲမှာ နှစ်မှတ်ရလိုက်ရုံနဲ့ ဘရိုက်တန်တို့ တန်းတင်ကျန်ရစ်နိုင်မှာဖြစ်တာကြောင့် ဒီပွဲမှာနိုင်ပွဲရဖို့ထက် အမှတ်ခွဲယူနိုင်ဖို့ခံစစ်အားပြုကာ တန်ပြန်တိုက်စစ်နဲ့ ရင်ဆိုင်လာရင် အာဆင်နယ်ကစားရခက်နိုင်တယ်။ ယူရိုပါလိဂ်ပွဲတွေကြောင့်လည်း အာဆင်နယ်ခြေကုန်ထုတ်ဖို့ခက်နိုင်တော့ ဘရိုက်တန်ကိုနှစ်သက်မိပါတယ်။

## ကော်တင်ညိုအား လှောင်ပြောင်သည့် ဘာစီလိုနာပရိသတ်များအား မက်ဆီ ဝေဖန်




မေ ၂ ရက်တွင် ဘာစီလိုနာအသင်းက အိမ်ကွင်း၌ လီဗာပူးအသင်းအား သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သော ချန်ပီယံလိဂ်ဆီမီး ဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်တွင် ဘာစီလိုနာ အသင်းတောင်ပံတိုက်စစ်ကစားသမား ကော်တင်ညိုအား လှောင်ပြောင်မှုများ ပြုလုပ်ခဲ့သည့် ဘာစီလိုနာအသင်းပရိသတ်များကို တိုက်စစ်ကစားသမား လီယွန်နယ်မက်ဆီက ပြစ်တင်ဝေဖန်ပြောဆိုလိုက်သည်။

ဘရာဇီးတောင်ပံတိုက်စစ်ကစားသမား ကော်တင်ညိုသည် အဆိုပါပွဲတွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့ပြီး ပွဲချိန်မိနစ် ၆၀ တွင် အသင်းဖော် ဆီမီဒိုနှင့် လူစားလဲချိန်၌ ဘာစီလိုနာအသင်းပရိသတ်များက ကော်တင်ညိုအား လှောင်ပြောင်အော်ဟစ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီဈေးကွက် ကာလအတွင်းတွင် လီဗာပူးအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၁၄၇ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူ ကော်တင်ညိုသည် ဘာစီလိုနာအသင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရသူဖြစ်သည်။ ယခုနှစ်ဘောလုံးရာသီတွင် ကော်တင်ညိုသည် ဘာစီလိုနာအသင်းအတွက် စုစုပေါင်း ပွဲ ၅၀ ပါဝင်ကစားပြီးချိန်တွင် ၁၁ ဂိုးသာ သွင်းယူထားနိုင်သေးသော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အရေးပါသည့်ဂိုးအချို့ကို သွင်းယူပေးထားနိုင်ခဲ့သူ ဖြစ်သည်။

ပြီးခဲ့သည့် ဧပြီ ၂၈ ရက်တွင် ဘာစီလိုနာအသင်းက အိမ်ကွင်း၌ လီဗန်တေးအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော စပိန်လီဂါပွဲတွင်လည်း ဘာစီလိုနာအသင်းပရိသတ်များသည် ကော်တင်ညိုအား လှောင်ပြောင်မှုများ ပြုလုပ်ခဲ့ကြသည်။

မက်ဆီက “ကော်တင်ညိုလို အသင်းဖော်တစ်ဦးကို ဘာစီလိုနာပရိသတ်တွေ လှောင်ပြောင်ကြတာက သိပ်ရုပ်ဆိုးလွန်းပါတယ်။ ကျွန်တော်တို့အနေနဲ့ နောက်ဆုံးချိန်အထိ စုစုစည်းစည်းရှိနေဖို့ လိုအပ်တယ်။ ဘာကြောင့်လဲဆိုတော့ ဘာစီလိုနာအသင်းဟာ ရည်ရွယ်ထားမှုနဲ့ ပိုမိုနီးကပ်လာတာကြောင့်ပါ။ လီဗာပူးနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲမှာ ဘာစီလိုနာအသင်းက ပွဲပြီးခါနီးအချိန်မှာ စတုတ္ထမြောက်ဂိုးရရှိဖို့ နီးစပ်ခဲ့ပါတယ်။ သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကလည်း အလွန်ကောင်းမွန်တဲ့ ရလဒ်ပါ။ ဒါပေမယ့် ဒီရလဒ်က နောက်တစ်ဆင့်တက်နိုင်ဖို့ သေချာတဲ့ရလဒ်လို့တော့ ပြောလို့မရဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က ပရိသတ်အခိုင်အမာရှိနေတဲ့ ပြိုင်ဘက်အသင်းရဲ့ အိမ်ကွင်းမှာ သွားရောက်ယှဉ်ပြိုင်ဖို့ ကျန်ရှိနေသေးတာကြောင့်ပါ”ဟု ပြောဆိုခဲ့သည်။ ဘာစီလိုနာအသင်းသည် လာမည့် မေ ၈ ရက်တွင် လီဗာပူးအသင်း၏ အိမ်ကွင်း၌ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ထက်အောင်**

## အပူရှိန်လွန်ကဲခြင်းနှင့် ကျန်းမာရေးအန္တရာယ် ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂**

အပူရှိန်လွန်ကဲခြင်းကြောင့် ကျန်းမာရေးထိခိုက်နိုင်ခြင်းနှင့် ပတ်သက်၍ ပညာပေးဟောပြောပွဲကို မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ၂၄၉၊ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ ခန်းမဆောင်(အေ)၌ မေ ၅ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် ပါမောက္ခ ဦးဖေသက်ခင်၊ ပါမောက္ခဦးမြင့်ဟန်နှင့် ပါမောက္ခ ဦးမျိုးလွင်ငြိမ်းတို့က ကလေးသူငယ်များတွင်လည်းကောင်း၊ လူကြီး၊ သက်ကြီးရွယ်အိုများတွင် လည်းကောင်း၊ အပူရှိန်လွန်ကဲခြင်းကြောင့် ဖြစ်ပေါ်တတ်သော ကျန်းမာရေးထိခိုက်မှုများ၊ ရောဂါလက္ခဏာများ၊ ကုသမှုများနှင့်ကာကွယ်ပုံ ကာကွယ်နည်းများကို ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ဗထူး**

## လှိုင်းဘွဲ့မြို့နယ်ရှိ သောက်သုံးရေရှားပါးသော ကျေးရွာနှစ်ရွာတွင် သောက်သုံးရေဂါလန် ၃၀၀၀ ဖြန့်ဝေပေး

**လှိုင်းဘွဲ့ မေ ၂**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ပုတိမ်ကုန်းကျေးရွာနှင့် ရွှေအောင်ကျေးရွာတို့တွင် နွေရာသီကာလ သောက်သုံးရေရှားပါးမှုကြောင့် မေ ၁ ရက်က ရေဂါလန် ၃၀၀၀ ဖြန့်ဝေပေးခဲ့ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောအောင်မျိုးမြင့်က ပြောသည်။

ပုတိမ်ကုန်းကျေးရွာတွင် အိမ်ခြေ ၉၇ အိမ်၊ လူဦးရေ ၄၇၄ ဦးကို ရေဂါလန် ၁၂၀၀ ဖြန့်ဝေပေးခဲ့ပြီး ရွှေအောင်ကျေးရွာတွင် အိမ်ခြေ ၂၂၀ ၊ လူဦးရေ ၁၇၆၇ ဦးတို့အား ရေဂါလန် ၁၈၀၀ ကို မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။



လှိုင်းဘွဲ့မြို့နယ်၌ သောက်သုံးရေ ဖြန့်ဝေပေးနေစဉ်။

ပုတိမ်ကုန်းကျေးရွာတွင် သောက်သုံးရေရရှိရေးအတွက် လက်တူးတွင်း ၁၀ တွင်း၊ ရွှေအောင်ကျေးရွာတွင် လက်တူးတွင်း ခုနစ်တွင်းသာရှိပြီး အဆိုပါလက်တူးတွင်းများကိုသာ နေ့စဉ်သုံးစွဲနေရကြောင်း သိရသည်။

နေ့စဉ် အပူချိန်မြင့်တက်လျက်ရှိပြီး ရေတွင်းများမှာ ရေနည်းပါးလာကာ ကျေးရွာနေပြည်သူများ သောက်သုံးရေပြတ်လပ်နေမှုကြောင့် ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ အကူအညီ တောင်းခံခဲ့သောကြောင့် ယခုလိုရေများလာရောက် ဖြန့်ဝေပေးနေခြင်းဖြစ်ကြောင်းနှင့် မိမိတို့ကျေးရွာသို့ သန့်ရှင်းသော သောက်သုံးရေများလာရောက် လှူဒါန်းလိုပါက လှူဒါန်းနိုင်ကြောင်း ပုတိမ်ကုန်းကျေးရွာနေ ဦးသောင်းရွှေက ပြောသည်။

**ငြိမ်းသူ(စလင်း)**

## မီးဘေးကာကွယ်ရေး သတိပေးနှိုးဆော်ချက်

### အထပ်မြင့်တိုက်များတွင် မီးလောင်လျှင် လိုက်နာရမည့်အချက်များ

(၁) ခုန်မချပါနှင့်။
(၂) မကြောက်ပါနှင့်။
(၃) စိတ်ငြိမ်ငြိမ်ထားပါ။
(၄) အရေးပေါ်ထွက်ပေါက်၊ အရေးပေါ်လှေကားမှ ဘေးလွတ်ရာသို့ ထွက်ခွာပါ။
(၅) အနီးဆုံး မီးသတ်စခန်းသို့ အမြန်ဆုံး အကြောင်းကြားပါ။



# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄၄၇ ဒသမ ၅၈၂ သန်း၊ ၂၀၁၉ ခုနှစ် မတ်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၆၆ ဒသမ ၀၁၈ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဖေဖော်ဝါရီလ | | မတ်လ | |
|---|---|---|---|---|---|
| | | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ US$ (သန်း) | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ US$ (သန်း) |
| (က) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | - | ၁၁၅.၄၅၀ * | - | - |
| (ခ) | စက်မှုကဏ္ဍ | ၁၄ | ၁၆၄.၀၆၆ * | ၂၈ | ၈၀.၅၁၈ * |
| (ဂ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁ | ၆၅.၂၈၀ | - | - |
| (ဃ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | - | - | ၁ | ၅၀ |
| (င) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၂ | ၁၀.၂၁၅ | - | - |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၄ | ၄၀.၇၀၀ | ၁ | ၃၅.၅၀၀ * |
| (ဆ) | လယ်ယာကဏ္ဍ | ၁ | ၃.၄၂၀ | - | - |
| (ဇ) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | ၁ | ၄၈.၄၅၁ | - | - |
| စုစုပေါင်း | | ၂၃ | ၄၄၇.၅၈၂ | ၃၀ | ၁၆၆.၀၁၈ |

*ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် ၂၉၃၇၁၂ ဒသမ ၇၄၂ သန်းနှင့် မတ်လအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း တန်ဖိုးကျပ် ၇၅၇၀၅ ဒသမ ၃၂၅ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဖေဖော်ဝါရီလ | | မတ်လ | |
|---|---|---|---|---|---|
| | | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ ကျပ်(သန်း) | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ ကျပ်(သန်း) |
| (က) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | - | - | ၁ | ၄၄၅၇.၀၉၄ |
| (ခ) | စက်မှုကဏ္ဍ | ၁ | ၄၀၀၀.၀၀၀ | ၆ | ၆၂၃၉၃.၉၈၁ |
| (ဂ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၂ | ၆၇၅၀.၀၀၀ | - | - |
| (ဃ) | သတ္တုတူးဖော်ရေးကဏ္ဍ | - | ၁၅၀၀.၀၀၀ * | ၁ | ၄၂၀.၅၀၀ |
| (င) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၁ | ၂၀၀၀၀၀.၀၀၀ | ၁ | ၅၀၀.၀၀၀ |
| (စ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | ၁၂၈၈၆.၄၉၀ * | - | - |
| (ဆ) | လယ်ယာကဏ္ဍ | - | - | ၂ | ၆၄၀.၀၁၀ |
| (ဇ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂ | ၆၈၅၇၆.၂၅၂ * | ၃ | ၇၂၉၂.၇၆၀ |
| စုစုပေါင်း | | ၆ | ၂၉၃၇၁၂.၇၄၂ | ၁၄ | ၇၅၇၀၅.၃၂၅ |

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင် အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု(ဦးရေ) | |
|---|---|---|---|
| | | ဖေဖော်ဝါရီလအတွင်း | မတ်လအတွင်း |
| (က) | လယ်ယာကဏ္ဍ | ၅၀ | - |
| (ခ) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၈၈ | - |
| (ဂ) | စက်မှုကဏ္ဍ | ၁၀၅၃၃ * | ၁၆၉၂၆ * |
| (ဃ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၈၅ | - |
| (င) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | - | ၅၇၆ |
| (စ) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | ၁၆ | - |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂၄၂၄ | ၈၂ |
| စုစုပေါင်း | | ၁၃၁၉၆ | ၁၇၅၈၄ |

* လုပ်သားအင်အား တိုးမြှင့်ခန့်ထားခြင်း အပါအဝင်ဖြစ်ပါသည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင် အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု(ဦးရေ) | |
|---|---|---|---|
| | | ဖေဖော်ဝါရီလအတွင်း | မတ်လအတွင်း |
| (က) | သတ္တုတူးဖော်ရေးကဏ္ဍ | - | ၃၉ |
| (ခ) | စက်မှုကဏ္ဍ | ၃၆၀ | ၉၃၄ |
| (ဂ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၁၁၆ | - |
| (ဃ) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | - | ၁၀ |
| (င) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၂၃၇၅ | ၃၃ |
| (စ) | လယ်ယာကဏ္ဍ | - | ၄၄ |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၁၇၀ | ၂၁၅ |
| စုစုပေါင်း | | ၃၀၂၁ | ၁၂၇၅ |

# ၂၀၁၈-၂၀၁၉ မိုးစပါးရာသီတွင် သီးနှံဖျက်ပိုးများ ကျရောက်မှုအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများ အလေးထားဆောင်ရွက်ရန်လို

**နေပြည်တော် မေ ၂**

၂၀၁၈-၂၀၁၉ မိုးစပါးရာသီတွင် ရွှေခရုနှင့် Fall Army Worm(FAW)ကာကွယ်နှိမ်နင်းခြင်း စီမံကိန်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့က နေပြည်တော်ရုံးအမှတ် (၄၃) ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

ညွှန်ကြားရေးမှူးချုပ်က စိုက်ကွင်းများအား ဆယ်စုနှစ်ကြာ ဖျက်ဆီးလျက်ရှိသည့် ရွှေခရုကျရောက်မှုသည် ယခုအခါ ကရင်နှင့် မွန်ပြည်နယ်တို့မှ ကျန်ဒေသများဖြစ်သည့် ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးများသို့ တဖြည်းဖြည်း ပျံ့နှံ့လာလျက်ရှိရာ မိမိတို့စိုက်ပျိုးရေးပညာရှင်များက ရောဂါပိုးကာကွယ်နှိမ်နင်းခြင်း လုပ်ငန်းစဉ်များအပေါ် ပိုမိုအလေးထားဆောင်ရွက်ကြရမည်ကြောင်း၊ ငမြှောင်တောင်မျိုးစိတ်သစ်သည် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများသို့ ပျံ့နှံ့လာလျက်ရှိပြီး အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းများတွင် အဓိကကျရောက်ကာ အခြားသီးနှံများ၌လည်း ကျရောက်ဖျက်ဆီးနိုင်သဖြင့် အဖျက်စွမ်းအားကြီးမားသည့် အဆိုပါဖျက်ပိုးအား ကာကွယ်ရန်အတွက် သမားရိုးကျနည်းပညာပေးခြင်းထက် ပိုမိုပေးစွမ်းနိုင်သော အားလုံးစုပေါင်းပါဝင်နိုင်သည့် ထိန်းသိမ်းရေးလုပ်ငန်းစဉ်မျိုးဖြစ်ရန် လိုအပ်ကြောင်း၊ အခြေခံဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို တိကျခိုင်မာသည့် သတင်းအချက်အလက်များ ရရှိရေးအတွက် စိုက်ပျိုးရေးပညာရှင်များက တစ်ဦးတစ်ယောက်ချင်းစီ၏ အတွေ့အကြုံများကို ဖလှယ်ရယူကြပြီး လုပ်ငန်းစဉ်အလိုက် ဦးစားပေးဆောင်ရွက်ရန်များကို ခွဲခြားသတ်မှတ်လုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းဆွေးနွေးပွဲမှ ဆွေးနွေးတင်ပြချက်များအပေါ် သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ) ဦးသက်ဇင်မောင်က ပြည်တွင်းဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချသုံးစွဲနေသည့် ပိုးသတ်ဆေးလုပ်ငန်းများအနေဖြင့် ဝန်ကြီးဌာနမှ ချမှတ်ထားသည့် ညွှန်ကြားချက်များနှင့် အကြံပြုချက်များ လိုက်နာဆောင်ရွက်ရေး၊ အတုအပကင်းစင်ရေး ဆောင်ရွက်ချက်များ၊ အပင်ပိုးမွှားရောဂါကာကွယ်နှိမ်နင်းမှု နည်းလမ်းများ၊ တောင်သူနားလည်လွယ်သည့် ဘာသာစကားနှင့် အကြံပြုချက်များဖြစ်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ကြရန် လိုအပ်ချက်များ ဆွေးနွေးပြောကြားသည်။

ထို့နောက် သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးနှင့် အစည်းအဝေးတက်ရောက်လာကြသူများက ဖူးစားပြောင်း၊ အစေ့ထုတ်ပြောင်းသီးနှံအပေါ် ကျရောက်မှုများသည့် Fall Army Worm နှင့် စပါးသီးနှံအပေါ် ကျရောက်မှုများသည့်



၂၀၁၈-၂၀၁၉ မိုးစပါးရာသီတွင် ရွှေခရုနှင့် Fall Army Worm(FAW) ကာကွယ်နှိမ်နင်းခြင်း စီမံကိန်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပနေစဉ်။

ရွှေခရုတို့အား ကာကွယ်နှိမ်နင်းခြင်း ဆိုင်ရာများကို ဝိုင်းဝန်းဆွေးနွေးကြသည်။

စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ပြည်တွင်းသို့ မျိုးစိတ်အသစ်အဖြစ်ဝင်ရောက်လာသည့် Fall Army Worm၏ ဖျက်ဆီးပုံ၊ ကာကွယ်နှိမ်နင်းရန် နည်းလမ်းများကို ဆန်းစစ်၍ အသစ်အသစ်သော နည်းပညာများနှင့် အတွေ့အကြုံများကို အခြေခံကာ ထိရောက်သော ကာကွယ်နှိမ်နင်းမှု ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ရွှေခရုနှင့် Fall Army Worm ပိုးနှစ်မျိုးကို အဓိက ကာကွယ်နှိမ်နင်းရေးအတွက် အမျိုးသားရေး အစီအစဉ်တစ်ရပ်ရေးဆွဲဆောင်ရွက်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**ဇူလိုင်မိုး**

---

## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် စလင်းမြို့ ရွှေမုဋ္ဌောဘုရား၌ သန့်ရှင်းရေးဆောင်ရွက်

**မကွေး မေ ၂**


မကွေးတိုင်းဒေသကြီး စလင်းမြို့၌ မေ ၅ ရက်တွင် ကျရောက်မည့် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့က စလင်းမြို့မှ ရှေးဟောင်းသမိုင်းဝင် ဝက်သည်းကန်နှင့် ရွှေမုဋ္ဌောဘုရားကြီးအား သန့်ရှင်းရေးဆောင်ရွက်ပေးသည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းဗိုလ်ခေါင်းဆောင်သော သန္နေမီးသတ် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုရဲမေ အင်အား ၈၅ ဦးတို့သည် ရွှေမုဋ္ဌောဘုရားကြီး၏ တံတားစောင်းတန်းများနှင့် ရင်ပြင်တော်ကို သန့်ရှင်းရေးပြုလုပ်ပေးခြင်း၊ မိသားစုဝင်များက ဘုရားပန်းများလဲလှယ်ခြင်း၊ ဆင်းတုတော်များကို ရေသပ္ပာယ်ပေးခြင်းဖြင့် ကုသိုလ်ယူဆောင်ရွက်သည်။

အဆိုပါ လုပ်အားပေးတပ်ဖွဲ့ဝင်များအား ရွှေမုဋ္ဌောဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ငွေနှင့် ဂေါပက အဖွဲ့ဝင်များက စားသောက်ဖွယ်များဖြင့် ပြန်လည်ကျွေးမွေးခဲ့ကြောင်း သိရသည်။

**စစ်ကြည် (စလင်း)**

---



# (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၌ ကုန်တင်ကားများဝင်ရောက်မှု ပုံမှန်ပြန်ဖြစ်နေ

**မူဆယ် မေ ၂**

တရုတ်-မြန်မာနယ်စပ် မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တွင် သင်္ကြန်မတိုင်မီကာလက ကုန်စည်အချို့ကို တရုတ်နိုင်ငံဘက်မှ ပိတ်ထားခဲ့သည့်အတွက် ကုန်တင်ကားများဝင်ရောက်မှု လျော့နည်းခဲ့သော်လည်း သင်္ကြန်အလွန်ရက်များမှစ၍ ကားများ ပုံမှန်ဝင်ရောက်မှု ရှိနေပြီး နှစ်နိုင်ငံကုန်သွယ်မှုမှာလည်း ပုံမှန်စီးဆင်းလျက်ရှိနေကြောင်း သိရသည်။

ကုန်သွယ်ရေးဇုန်မှ တာဝန်ရှိသူတစ်ဦးက "ပြီးခဲ့တဲ့ သင်္ကြန်မတိုင်ခင်မှာ ကုန်သွယ်ရေးဇုန် ကုန်ပစ္စည်းစစ်ဆေးရေးကွင်းထဲကို နှစ်နိုင်ငံဘက်မှ ကုန်တင်ကားတွေ ဝင်ရောက်မှု သိသိသာသာ လျော့နည်းသွားခဲ့ပါတယ်၊ အဓိကတော့ ပဲ၊ ပြောင်း၊ သကြား၊ ဆန်ကားများနဲ့ ကျွဲ နွားကားများကို တရုတ်ဘက်က အကြောင်း အမျိုးမျိုးကြောင့် ပိတ်ထားခဲ့တဲ့အတွက် ကုန်တင်ကားများဝင်ရောက်မှု နည်းသွားခဲ့တာဖြစ်ပါတယ်၊ သင်္ကြန်အပြီး နောက်ပိုင်းမှာတော့ နှစ်နိုင်ငံဘက်က ကုန်တင်ကားတွေ ပြန်လည်ဝင်ရောက်လာကြပါတယ်၊ ဆန်ကားတွေလည်း တစ်ရက်ကို သုံးစီးကနေ ငါးစီးလောက် ဝင်ရောက်နေပြီး နွားကားများလည်း ပြန်ဝင်လာတဲ့အတွက် ကုန်သွယ်မှုနဲ့ ကုန်တင်ကားဝင်ရောက်မှုကတော့ ပုံမှန်အတိုင်းပါပဲ"ဟု ပြောသည်။



(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အတွင်းသို့ ဝင်ရောက်နေသော ကုန်တင်ကားကြီးများ

သင်္ကြန်အလွန်ရက်များတွင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ကုန်ပစ္စည်း စစ်ဆေးရေးကွင်းသို့ မြန်မာဘက်မှ ကုန်တင်ကားအစီးရေ ၅၀၀ ဝန်းကျင်ခန့် နေ့စဉ် ဝင်ရောက်မှုရှိနေပြီး ပို့ကုန်များမှာ ပဲတီစိမ်း၊ ဖရဲသီး၊ ဆန်၊ ZINC Oxide၊ ငရုတ်သီးခြောက်၊ ငါးမျိုးစုံ၊ ကဏန်းအရှင်၊ သရက်သီး၊ နှမ်းနက်၊ နွားအရှင်များဖြစ်ကြောင်း သိရသည်။

တရုတ်ဘက်မှ ကုန်တင်ကား ဝင်ရောက်မှုမှာ နေ့စဉ် အစီးရေ ၃၀၀ ခန့်ရှိပြီး သွင်းကုန်များမှာ ဆိုင်ကယ်များနှင့် ဆက်စပ်ပစ္စည်းများ၊ စက်ဘီးများ၊ ယာဉ်နှင့် ယာဉ်ယန္တရားများ၊ ဓာတ်မြေဩဇာများ၊ လယ်ယာသုံးပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ လူသုံးကုန်များ၊ သံထည်ပစ္စည်းအမျိုးမျိုး၊ ဆိုလာပြားများနှင့် ဆိုလာယူနစ်များ၊ ပလတ်စတစ်ပစ္စည်းများ၊ ပန်းသီးနှင့် လိမ္မော်သီးများဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ကုန်သွယ်ရေးဇုန်ကြီးအတွင်းသို့ ပို့ကုန်/သွင်းကုန် နှစ်ခုပေါင်း နေ့စဉ် ကုန်တင်ကားဝင်ရောက်မှုမှာ အစီးရေ ၈၀၀ ကျော်ရှိနေပြီး ဝင်ရောက်လာသည့် ကုန်တင်ကားများကို မဲနှိုက်စနစ်ဖြင့် စစ်ဆေးကြောင်း၊ မဲများကို အနီ၊ အစိမ်း၊ အဝါဟူ၍ အရောင်သုံးမျိုး သတ်မှတ်ထားပြီး အစိမ်းကျသည့် ကုန်တင်ကားများက X-Ray လွတ်ကာ အဝါရောင်ကျသည့် ကုန်တင်ကားများက X-Ray ဖြတ်၍ စစ်ဆေးခံရကြောင်း၊ အနီရောင်ကျသည့် ကုန်တင်ကားများမှာမူ မိုးကာဖွင့်ဖောက်၍ စစ်ဆေးခံရကြောင်း သိရသည်။

ကုန်သွယ်ရေးဇုန်သို့ နှစ်နိုင်ငံဘက်မှ ကုန်တင်ကားများ ပုံမှန်ဝင်ရောက်လျက်ရှိသောကြောင့် ကုန်တင်ကားပိုင်ရှင်များ အနေဖြင့် လုပ်ငန်းအဆင်ပြေလျက်ရှိပြီး ကုန်တင်ကားများ၏ လတ်တလော ကားခဈေးနှုန်းများမှာ မန္တလေးမှ မူဆယ်သို့အတက်တွင် ကုန်ချိန် တစ်ပိဿာလျှင်၄၂ကျပ်မှ ၄၄ ကျပ်နှုန်း ရရှိကာ မူဆယ်မှအဆင်းတွင် ကုန်အမျိုးအစားအပေါ်မူတည်၍ ကုန်ချိန်တစ်ပိဿာလျှင် ၇၂ ကျပ်အထိ ရရှိနေကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**

# မြောက်ဦးမြို့နယ် နေရပ်စွန့်ခွာသူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မြောက်ဦး မေ ၂**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်း ခိုလှုံရာစခန်းများသို့ ရောက်ရှိလာသော နေရပ်စွန့်ခွာသူများအတွက် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့မှ ပေးအပ်သည့် ထောက်ပံ့ပစ္စည်းများကို မြို့နယ်ကြက်ခြေနီတပ်ဖွဲ့တာဝန်ရှိသူများက မေ ၂ ရက်က သွားရောက်ပေးအပ်ခဲ့သည်။

မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးမောင်လှနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ခိုလှုံရာစခန်းများ ဖွင့်လှစ်ထားသော နေရာသုံးခုသို့ သွားရောက်ပြီး နေရပ်စွန့်ခွာသူ အိမ်ထောင်စုတစ်စုလျှင် ခြင်ထောင်တစ်လုံးစီနှင့် စောင်တစ်ထည်စီကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကာ ကြက်ခြေနီအသိပညာပေး ဟောပြောမှုများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြောက်ဦးမြို့နယ်အတွင်း ကယ်ဆယ်ရေးစခန်းသုံးခုကို တိန်ညိုကျေးရွာဘုန်းတော်ကြီး၊ ပီပဲရင်းဘုန်းတော်ကြီးကျောင်းနှင့် ခွဆုံကျေးရွာဘုန်းတော်ကြီးကျောင်းတို့တွင် ဖွင့်လှစ်ထားရာ တိန်ညိုဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်း၌ အိမ်ထောင်စု ၂၅၀ မှ လူဦးရေ ၉၈၁ ဦး၊ ပီပဲရင်းဘုန်းတော်ကြီးကျောင်း၌ အိမ်ထောင်စု ၁၇၄ စုမှ လူဦးရေ ၄၅၅ ဦးနှင့် ခွဆုံကျေးရွာဘုန်းတော်ကြီးကျောင်း၌ အိမ်ထောင်စု ၂၆ စုမှ လူဦးရေ ၁၁၇ ဦး၊ စုစုပေါင်း အိမ်ထောင်စု ၄၅၀ မှ လူဦးရေ ၁၅၅၃ ဦး ရောက်ရှိနေကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ကျုံပျော်မြို့နယ်တွင် အိမ်မိုးဓနိများ တစ်နှစ်ထက်တစ်နှစ် ရောင်းအားကျဆင်းလာ

**ကျုံပျော် မေ ၂**

နွေရာသီပူပြင်းချိန်တွင် သွပ်မိုးထက် ပိုမိုအေးမြမှုပေးနိုင်သော အိမ်မိုးဓနိရောင်းအားများမှာ နှစ်စဉ်အကျဘက်သို့ဦးတည်နေကြောင်း ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ဓနိရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူအချို့ထံမှ သိရသည်။

ဓနိရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဦးခင်ဇော်က "အရင်တုန်းက ဒီဒေသမှာ အိမ်မိုးရင် မြစ်ဝကျွန်းပေါ်ဒေသထွက် ရိုးရာဓနိကိုပဲ အသုံးပြုကြတာများတယ်၊ ဓနိမိုးက သွပ်မိုးထက်ပိုပြီး အေးတယ်၊ နွေရာသီမှာ နေရတာ သက်သောင့်သက်သာ ရှိပါတယ်၊ အခုတော့ ခေတ်နဲ့အညီ သွပ်မိုးတွေကို ပိုပြီးအသုံးများကြတယ်။ သွပ်ရဲ့အားသာချက်က နှစ်ရှည်ခံတယ်၊ ဓနိလို မိုးရတာ အလုပ်မရှုပ်ဘူး၊ ဈေးကလည်း သွပ်အရည်အသွေးအပေါ်လိုက်ပြီး ဈေးချိုတော့ ဓနိနေရာမှာ သွပ်မိုးတွေ အသုံးပြုလာကြတဲ့အတွက် ဓနိရောင်းအားက နှစ်စဉ်လိုလို ကျဆင်းနေတာပါ။ ကြာရင် ရိုးရာဓနိလုပ်ငန်းက အတော်လေး မှေးမှိန်သွားမယ့်အနေအထားရှိပါတယ်။ ငွေကြေးကြောင့် သွပ်မမိုးနိုင်သေးသူတချို့နဲ့ လယ်တဲ၊ တင်းကုတ် အမိုးတွေလောက်သာ ဓနိကို သုံးတော့တယ်။ အရင်က အိမ်မိုးရာသီဆိုရင် ဓနိအပျစ်ရေ သိန်းချီ ရောင်းချခဲ့ရတယ်၊ အခု သောင်းဂဏန်းလောက်ပဲ ရောင်းရပါတော့တယ်။ ဒါပေမယ့် ခေတ်ရေစီးကြောင်း တိုးတက်ပြောင်းလဲမှုအရ ကောင်းတဲ့ဘက်ကို ဦးတည်တာဖြစ်လို့ လက်ခံပါတယ်"ဟု ပြောသည်။


ကျုံပျော်မြို့နယ်မှ ဓနိရောင်းဝယ်ရေးလုပ်ငန်းတစ်ခု

ကျုံပျော်မြို့နယ်သို့ ဝင်ရောက်သော ဓနိများမှာ မြောင်းမြနှင့် ငပုတောဒေသထွက် ဓနိများဖြစ်ကြပြီး အလျားသုံးတောင်အရှည်ရှိသော ဓနိပျစ် ၁၀၀ လျှင် ကျပ် ၈၀၀၀ ခန့် ဈေးရှိကာ တစ်နှစ်အတွင်း ရောင်းအားအကောင်းဆုံးကာလမှာ မိုးရာသီရောက်ရန်နီးသော မေလဖြစ်ကြောင်း သိရသည်။

**နေဝင်းမြင့် (ပြန်/ဆက်)**

# (၇၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် မြို့နယ်များ၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**မေလ ၅ ရက်နေ့တွင်ကျရောက်မည့် (၇၃)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြို့နယ်အသီးသီးရှိ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဘုရားများ၊ ဆေးရုံများနှင့် ကျောင်းများ စသည့် ပြည်သူများနှင့်သက်ဆိုင်သော နေရာများ၌ ဆောင်ရွက်ပေးလျက်ရှိသည်။**

**မြောင်းမြ**

မြောင်းမြခရိုင်နှင့် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မီးသတ်တပ်ဖွဲ့နေ့အကြို ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် မြောင်းမြမြို့ ရွှေဗုဒ္ဓေါစေတီတော်၌ မေ ၂ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးခဲ့သည်။ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးအေးလွင်နှင့် မြို့နယ် မီးသတ်ဦးစီးမှူး ဦးသန့်ဇင်မင်းတို့ ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့မိသားစုဝင်များ စုစုပေါင်း အင်အား ၆၀ က ဘုရားရင်ပြင်အတွင်း အမှိုက်ကောက်ခြင်း၊ ချုံနွယ်နှင့် မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ စေတီအတွင်းအပြင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ စေတီတော်ကြီးကို ရေသပ္ပာယ်ခြင်းနှင့် ရင်ပြင်တော်ပေါ်ရှိ ရေညှိများကို တိုက်ချွတ်ဆေးကြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စန္ဒာမိုး (ပြန်/ဆက်)**

**မလှိုင်**

မလှိုင်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် ပန်းအိုင်ကျေးရွာ မီးသတ်တပ်ဖွဲ့စခန်းတို့ ပူးပေါင်း၍ သမိုင်းဝင် ပန်းအိုင်ရွှေမုဋ္ဌော ဆုတောင်းပြည့်ဘုရားကြီး၏ ရင်ပြင်တော်ပေါ်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မေ ၂ ရက်က ဆောင်ရွက်ခဲ့သည်။ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇေယျာအောင်နှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင် မိသားစုများနှင့် ပန်းအိုင် မီးသတ်တပ်ဖွဲ့စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များက ဘုရားရင်ပြင်တော်ပေါ်နှင့် တန်ဆောင်းများအတွင်း အမှိုက်များရှင်းလင်းခြင်း၊ စေတီတော်ကြီးကို ရေသပ္ပာယ်ခြင်းများ ဆောင်ရွက်ခဲ့ကာ ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူများကလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

**အောင်ငွေး (မလှိုင်)**



**မိုင်းဖြတ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးခိုင်စိုးဝင်း ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက နားလီကျေးရွာ စေတီတော်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို မေ ၁ ရက်က ဆောင်ရွက်ပေးခဲ့ကြသည်။ စေတီတော်ပရဝဏ်အတွင်းနှင့် ပတ်ဝန်းကျင်ရှိ သစ်ပင်ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါင်းမြက်များနှင့် အမှိုက်များကို ကောက်ယူဖယ်ရှား၍ စနစ်တကျစွန့်ပစ်ခြင်းများ ပြုလုပ်ခဲ့ပြီး စေတီတော်ကို ရေသပ္ပာယ်ခြင်းလုပ်ငန်းများလည်း ဆောင်ရွက်ခဲ့သည်။

**သန်းထွန်းအေး (ပြန်/ဆက်)**

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ သာရေးနာရေးလူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးမြင့်ထူး ဦးဆောင်သည့် မြို့နယ် ၁၄ မြို့နယ်မှ အရန်မီးသတ်တပ်ဖွဲ့ဝင် အင်အား ၂၅၀ သည် မေ ၁ ရက်က လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းကြားရှိ သူနာပြုတက္ကသိုလ်ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို မီးသတ်တပ်ဖွဲ့နေ့ ကြိုဆိုသည့် အထိမ်းအမှတ်အဖြစ် ဆောင်ရွက်ပေးခဲ့သည်။ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးသော အရန်မီးသတ်တပ်ဖွဲ့ဝင်များအား သူနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်သန္တာနှင့် တာဝန်ရှိသူများက လာရောက် ကြည့်ရှုအားပေးပြီး အာဟာရအဖြစ် ဆီထမင်းနှင့် ကော်ဖီများ ကျွေးမွေးလှူဒါန်းခဲ့သည်။

**အောင်သူရ**



# ကမ္ဘာ့ အလုပ်သမားနေ့အခမ်းအနား ရှိခေါဒါရ်မြို့၌ ကျင်းပ

**ရှိခေါဒါရ် မေ ၂**
ချင်းပြည်နယ် ရှိခေါဒါရ်မြို့ ကုန်တင်ကုန်ချအလုပ်သမားအဖွဲ့၏ စီစဉ်မှုဖြင့် မေ ၁ ရက်က ကမ္ဘာ့အလုပ်သမားနေ့အခမ်းအနားကို ရှိခေါဒါရ်မြို့အမှတ်(၂)ရပ်ကွက်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှိခေါဒါရ်မြို့ ကုန်တင်ကုန်ချကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးကျင်လမ်းခိုင်က အမှာစကားပြောကြားပြီး မြို့ကုန်တင်ကုန်ချ အလုပ်သမားစောင့်ရှောက်ရေးမှူး ဦးဗန်လာလ်ဒုက မြို့ကုန်တင်ကုန်ချအလုပ်သမား အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို အသေးစိတ်ရှင်းလင်း ဆွေးနွေးသည်။ ထို့နောက် ကမ္ဘာ့အလုပ်သမားနေ့ အထိမ်းအမှတ် ဘော်လီဘောပြိုင်ပွဲနှင့် လွန်ဆွဲပြိုင်ပွဲတို့တွင် ဆုရရှိသူများနှင့် မြို့ကုန်တင်ကုန်ချကြီးကြပ်ရေးအဖွဲ့ဝင်များအား မြို့အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုဆုများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ရှိခေါဒါရ်မြို့တွင် မြို့ကုန်တင်ကုန်ချအလုပ်သမားအဖွဲ့ကို မြို့အုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှုနှင့် အလုပ်သမားအဖွဲ့စောင့်ရှောက်ရေးမှူး၏ အနီးကပ်ကွပ်ကဲမှုဖြင့် ဖွဲ့စည်းထားပြီး အလုပ်သမားအင်အား ၅၀၀ ခန့်ရှိကြောင်း၊ အဆိုပါ အလုပ်သမားအဖွဲ့ကို စနစ်တကျ ဖွဲ့စည်းထားရှိပြီး နယ်စပ်ကုန်သွယ်ရေးတွင် အရေးပါသော ရှိခေါဒါရ်မြို့၏ မြို့ကုန်တင်ကုန်ချလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ကမ္ဘာ့အလုပ်သမားများနေ့ အခမ်းအနား ကျင်းပနေစဉ်။

# ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းမှ ဆရာဝန်ကြီးများက အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**ပြွန်တန်ဆာ မေ ၂**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့နေ ဒေသခံပြည်သူများ ကျန်းမာရေးအသိပညာများတိုးပွား၍ မိမိကိုယ်ကို ကျန်းမာအောင်နေထိုင်တတ်စေရန်အတွက် အသိပညာပေး ဟောပြောဆွေးနွေးခြင်းနှင့် အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှုများကို ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းမှ အထူးကုဆရာဝန်ကြီးများအဖွဲ့က မေ ၁ ရက်က ပြွန်တန်ဆာမြို့ ပင်းတလဲကျောင်းတိုက်၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းက ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းမှ အခမဲ့ လာရောက်ကုသပေးသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်ရင်ရင်ထွန်းက ကင်ဆာရောဂါဖြစ်ပွားရခြင်းအကြောင်းရင်းများနှင့် အထွေထွေ သမားတော်ကြီး ဒေါက်တာမိုးအောင်ကျော်က ကင်ဆာမဖြစ်ပွားစေရန်အတွက် လိုက်နာရမည့်အချက်များကို ဟောပြောခဲ့သည်။

ထို့နောက် ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းအဖွဲ့ဝင် သားအိမ်ခေါင်းကင်ဆာ ဆရာဝန် ဒေါက်တာယဉ်ယဉ်ဇော်၊ ခံတွင်းကင်ဆာဆရာဝန်ကြီး ဒေါက်တာဆွေဆွေဝင်း၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာညိုညိုထွန်းနှင့် ဒေါက်တာတင်မျိုးနှင်း၊ အရိုးအကြောကျွမ်းကျင်ပညာရှင် ဒေါ်မိမိရီနှင့် ဒေါ်သိန်းသိန်းဌေးတို့ ပါဝင်သောအဖွဲ့က ဒေသခံပြည်သူများအား ရင်သားကင်ဆာ၊ ခံတွင်းကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ ရောဂါများရှိ မရှိ စစ်ဆေးပေးခြင်း၊ အသည်းရောင်ဘီပိုး စစ်ဆေးပေးခြင်း၊ သွေးချို စစ်ဆေးပေးခြင်းနှင့် အထွေထွေရောဂါများ စစ်ဆေးကုသပေးခြင်းတို့ကို အခမဲ့ ဆောင်ရွက်ပေးခဲ့ရာ ဒေသခံပြည်သူ ၂၅၀ ကျော်အား စစ်ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**နေလင်း (ညောင်လေးပင်)**



ဆရာဝန်ကြီးများက ကျန်းမာရေးပညာပေး ဟောပြောစဉ်။

# မကွေးမြို့နယ်အတွင်း မိုးနှမ်း ဧက ၁၃၅၀၀ စိုက်ပျိုးနိုင်ရန် လျာထား

**မကွေး မေ ၂**
ယခုနှစ် မိုးရာသီတွင် မကွေးမြို့နယ်အတွင်း နှမ်း ဧက ၁၃၅၀၀ အထိ စိုက်ပျိုးသွားနိုင်ရန် လျာထားကြောင်း မကွေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မကွေးမြို့နယ်အတွင်း၌ မိရိုးဖလာအတိုင်း ပုံမှန်နှမ်းစိုက်သည့် ဧက ၁၃၀၀၀၀ ကျော်နှင့် မြေပဲစိုက်ဧက ၆၀၀၀၀ မှ ၈၀၀၀၀ အထိရှိရာမှ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က GAP စနစ်ဖြင့် ရွာပေါင်း ၄၈ ရွာ၌ နှမ်းစိုက်ဧက ၅၀၀၀ ကျော်အထိ စိုက်ပျိုးနိုင်ခဲ့ပြီး လာမည့် ၂၀၁၉ ခုနှစ် မိုးရာသီတွင် သစ်ရာကောက်၊ အလယ်ဗဟိုနှင့် မြင်းစိုင်းစသည့် ကျေးရွာများ ထပ်တိုး၍ ကျေးရွာပေါင်း ၅၀ ကျော်၌ ဧက ၁၃၅၀၀ အထိ စိုက်ပျိုးနိုင်ရန် လျာထားခြင်းဖြစ်ကြောင်း မကွေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခိုင်မင်းက ပြောသည်။

“မိုးနည်းနည်းခွာတာတို့၊ မျိုးစေ့ဈေးများတာတို့ဆိုရင် တောင်သူတွေက မြေပဲကို လျှော့စိုက်ကြတယ်။ မိုးကောင်းတယ်၊ မျိုးစေ့ဈေး ကျတယ်ဆိုရင် မြေပဲကို ဧကခြောက်သောင်းကနေ နှစ်သောင်းကျော်အထိ ထပ်တိုးစိုက်တယ်။ GAP စနစ် စိုက်ပျိုးရေးအတွက် အချို့ရွာတွေမှာ တောင်သူတွေတိုးလာပြီး တိုးစိုက်ဖို့ လျာထားတယ်” ဟု ဦးစီးအရာရှိက ပြောသည်။

မကွေးမြို့နယ်အတွင်း GAP စနစ်ဖြင့် နှမ်းစိုက်ပျိုးမှု တိုးတက်လာရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းမျိုးသန့်များလည်း ထောက်ပံ့ပေးလျက်ရှိရာ မကွေးမြို့နယ်အတွင်းရှိ ကျေးရွာ ခုနစ်ရွာမှ တောင်သူ ၃၈ ဦး၏ စိုက်ဧက ၁၅၃ ဒသမ ၅ ဧကအတွက် တစ်ဧကလျှင် စမုံနက်နှမ်းမျိုး သုံးပြည်နှုန်းဖြင့် ၂၈ တင်းခွဲကို ပံ့ပိုးပေးနိုင်ခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးသည် နှမ်းနှင့်ပတ်သက်သည့် GAP စနစ်(ကောင်းမွန်မှန်ကန်သော စိုက်ပျိုးနည်းအလေ့အထ)ကို မြန်မာနိုင်ငံတွင် ပထမဦးဆုံး စတင်အကောင်ထည်ဖော် စိုက်ပျိုးနိုင်ခဲ့သော တိုင်းဒေသကြီးဖြစ်သည်။ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်လည်း GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ပညာပေးမှုများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် နှမ်းသီးနှံကို ပြည်ပဈေးကွက်ရရှိရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ်က မကွေးတိုင်းဒေသကြီးမှ မကွေး၊ မင်းဘူး၊ မင်းလှနှင့် နတ်မောက် မြို့နယ်လေးခုမှ စုစုပေါင်း ရွာပေါင်း ၅၀ ရှိ နှမ်းစိုက်ဧက ၃၀၀၀ ကျော်မှာ မိုးကြောင့် ပျက်စီးမှုကြုံခဲ့သော်လည်း ထိုနှစ်မှာပင် နှမ်းတန်ချိန် ၇၀ ကျော်ကို ဂျပန်နိုင်ငံသို့ တင်ပို့ နိုင်ခဲ့သည်ဟု ပေါင်းစုလုပ်အား အကူအညီပေးရေးအဖွဲ့(Network Acivities Group-NAG)၏ စီမံကိန်းညှိနှိုင်းရေးမှူး ဦးဇော်ဌေးဦးထံမှ သိရသည်။



GAP စနစ်ဖြင့် မိုးနှမ်းစိုက်ပျိုးရန် ပြင်ဆင်နေသည့် တောင်သူတစ်ဦး

မကွေးတိုင်းဒေသကြီးအတွင်း နှစ်စဉ် ဆီထွက်သီးနှံ နှမ်းကို စိုက်ပျိုးသည့်ဧကသည် ၁၁ သိန်းခန့်ရှိပြီး မြေပဲစိုက်ဧကမှာ ငါးသိန်းခန့်ရှိကာ ယခင်က စိုက်ပျိုးရာတွင် မိရိုးဖလာနည်းလမ်းဖြစ်သည့် နွားချေးကို မြေဩဇာအဖြစ်သုံး၍ အဓိက စိုက်ပျိုးခဲ့ရာမှ တဖြည်းဖြည်းနှင့် ဓေတ်မီ ဓာတ်မြေဩဇာများ အသုံးပြု စိုက်ပျိုးလာခဲ့ကြခြင်းကြောင့် ထွက်ရှိလာသော သီးနှံများမှာ ဓာတုဓာတ်ကြွင်းပါဝင်မှု များပြားလာပြီး စားသုံးသူများအား ဆိုးကျိုးများဖြစ်စေကြောင်း၊ သီးနှံများကို နိုင်ငံခြားဈေးကွက်သို့ တင်ပို့သည့်အခါတွင်လည်း ဓာတုဓာတ်ကြွင်းများနေသဖြင့် နိုင်ငံခြားတိုင်းပြည်များက မဝယ်ယူကြသောကြောင့် ဈေးကွက်ပျောက်ဆုံးပြီး ရသင့်ရထိုက်သော သီးနှံဈေးနှုန်းကို မရရှိဘဲ တောင်သူများ ဝင်ငွေလျော့နည်းလာသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် စားသုံးသူပြည်သူများ ဘေးကင်းရေးနှင့် ပြည်ပဈေးကွက် ပြန်လည်ရရှိလာရေးအတွက် GAP စနစ်ဖြင့် စိုက်ပျိုးရေးကို တိုးချဲ့ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ပြောကြားထားသည်။ **ဇွဲထက်ရှင်**

# ရာသီဥတုနှင့်အညီ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးကြရန် လိုအပ်

**မုံရွာ မေ ၂**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများအနေဖြင့် ပြောင်းလဲလာသည့် ရာသီဥတုနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များနှင့် စိုက်ပျိုးနည်းစနစ်များကို ပြောင်းလဲအသုံးပြု စိုက်ပျိုးကြရန် လိုအပ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အမာကြည်၏ ပြောကြားချက်များအရ သိရသည်။

“အဲဒီရာသီဥတုပြောင်းလဲလာမှုရဲ့ဒဏ်ကို ခံနိုင်ရည်ရှိတဲ့ စိုက်ပျိုးနည်းစနစ်တွေ၊ မျိုးတွေ၊ ရာသီဥတုနဲ့ လိုက်လျောညီထွေဖြစ်နိုင်တဲ့ ပိုးသတ်ဆေးအသုံးပြုခြင်း၊ ဓာတ်မြေဩဇာ အသုံးပြုတာကအစ စိုက်ပျိုးမှုစနစ်တွေ ပြောင်းလဲဖို့ လိုလာတယ်၊ စိုက်စနစ်ဆိုရင် ဟိုတုန်းက သက်တမ်းရှည်တဲ့မျိုးတွေကိုသုံးပေမယ့် အခုနောက်ပိုင်းမှာတော့ ရေလိုအပ်ချက်နည်းတဲ့ သက်တမ်းတိုမျိုးတွေကို ပြောင်းပြီးစိုက်လာတယ်၊ သီးထပ်သီးညှပ်တွေ စိုက်လာတယ်၊ ရေငတ်ဒဏ်ခံနိုင်တဲ့ သက်တမ်းရှည်မျိုးတွေဖြစ်တဲ့ ဝါလိုသီးနှံမျိုးတွေနဲ့ ရေလိုအပ်ချက်နည်းတဲ့ သက်တမ်းတို ပဲတီစိမ်းသီးနှံလိုမျိုးတွေကို သီးညှပ်စိုက်လာတယ်”ဟု ၎င်းက ပြောသည်။

မုံရွာမြို့နယ်သည် လယ်မြေတွင် စပါးစိုက်ပျိုးခြင်းထက် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဝါ၊ ဂျုံ၊ ကြက်သွန်နီ၊ အစေ့ထုတ်ပြောင်းနှင့် စက်မှုသီးနှံများကို အများဆုံးစိုက်ပျိုးသည့် မြို့နယ်တစ်ခုဖြစ်ရာ ရာသီဥတုကြောင့် စိုက်ပျိုးသည့်သီးနှံများ ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် ပြောင်းလဲလာသည့်ရာသီဥတုနှင့် ကိုက်ညီသည့် စိုက်ပျိုးနည်း စနစ်များကို အသုံးပြုစိုက်ပျိုးရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ကံမမြို့နယ်တွင် ရွှေ့လျားရေသန့်စင်သည့်ယာဉ်ဖြင့် သောက်သုံးရေများ ဖြန့်ဝေပေး

**ကံမ မေ ၂**
ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြို့နယ်အတွင်းမှ ရေရှားပါးနေသော ပေပင်ကျေးရွာနှင့် ဒဂုံကွင်းကျေးရွာများသို့ မေ ၁ ရက်က တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနပိုင် ရွှေ့လျားရေသန့်စင်ယာဉ်ဖြင့် ကွင်းဆင်းသွားရောက်၍ အဆိုပါကျေးရွာများရှိ မြေသားရေကန်များမှရေကို ရေသန့်စင်သည့်ယာဉ်ဖြင့် သန့်စင်ပေးပြီး ဒေသခံပြည်သူများထံသို့ သောက်သုံးရေများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



ရေသန့်စင်သည့် ယာဉ်ဖြင့် ရေများသန့်စင်ပေးပြီး ဖြန့်ဝေနေစဉ်။

အဆိုပါကျေးရွာနှစ်ရွာမှ ပြည်သူများမှာ မြေသားမိုးရေလှောင်ကန်မှရေကိုသာ အဓိကထား သုံးစွဲနေရသည့်အတွက် နွေရာသီကာလ အပူချိန်မြင့်မားပြီး ရေကန်များတွင် ရေနည်းပါးလာသည်နှင့်တပြိုင်နက် သန့်ရှင်းမှု အားနည်းလာတတ်ခြင်းကြောင့် သန့်ရှင်းသောသောက်သုံးရေ ရရှိစေရေးအတွက် ရွှေ့လျားရေသန့်စင်သည့်ယာဉ်ဖြင့် မြေသားရေကန်မှရေကို စုပ်ယူသန့်စင်ပြီး ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ရေဖြန့်ဝေပေးရာတွင် ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၂၂၀မှ လူဦးရေ ၈၄၀ ခန့်အတွက် သန့်ရှင်းသောရေ ဂါလန် ၄၅၀၀ ကိုဖြန့်ဝေပေးနိုင်ခဲ့ကြောင်းကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသူရရှိန်ထံမှ သိရသည်။ **မြကျော်ဇင်သန်း (ကံမ)**

# ဖလမ်းခရိုင်အတွင်းမှ လေပြင်းဒဏ်သင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်

**ဖလမ်း မေ ၂**
ဖလမ်းခရိုင်အတွင်းရှိ ဖလမ်း၊ တီးတိန်နှင့် တွန်းဇံမြို့နယ်များတွင် လေပြင်းတိုက်ခတ်ခြင်းကြောင့် နေအိမ်များပျက်စီးခဲ့သော ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ဧပြီ ၃၀ က ဖလမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပေးအပ်ခဲ့သည်။

ဖလမ်းခရိုင်အတွင်း မတ် ၃၁ ရက်မှ ဧပြီလအတွင်း လေပြင်းတိုက်ခတ်ခြင်းကြောင့် လူနေအိမ် ၁၉၅ လုံးနှင့် ဘာသာရေးအဆောက်အအုံ ကိုးခု ပျက်စီးသွားခဲ့ရာ အဆိုပါ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေ ကျပ် ၁၉၇ သိန်းကျော်နှင့် ကျပ် ၁၃ သိန်းနီးပါးတန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများကို ဖလမ်းခရိုင် သဘာဝဘေး စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီထလဲန်ကြွယ်နှင့် ဖလမ်းမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူးတို့က လေဘေးသင့်ပြည်သူများထံသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။ **ဂျွန်**

# ဇေယျာတိုင်း၏အလှ ကန့်ဘလူမြို့နယ်မှ လင်းနို့ဂူ

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



### လင်းနို့ဂူ ပညာပေးစခန်း

စစ်ကိုင်းတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူသိနည်းပြီး သဘာဝအတိုင်းရှိနေသည့် ရေမြေတောတောင် အလှအပများကို နိုင်ငံတကာခရီးသွားများနှင့် ပြည်တွင်းခရီးသွားများ ပိုမိုသိရှိလေ့လာ အပန်းဖြေနိုင်ရန် ရည်ရွယ်လျက် လင်းနို့ဂူ သဘာဝဝန်းကျင်ဆိုင်ရာ ပညာပေးစခန်းနှင့် အပန်းဖြေဥယျာဉ်ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်စီစဉ်၍ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က ဖွင့်လှစ်ထားခဲ့ပြီးဖြစ်သည်။

ကန့်ဘလူမြို့နယ်ရှိ လင်းနို့များနေထိုင်ရာဂူသည် ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၆၈၉ ပေ၌ တည်ရှိပြီး သဘာဝမှပေးအပ်ထားသော ဘူမိရုပ်သွင် ထူးခြားသည့် သဘာဝနယ်မြေတစ်ခု ဖြစ်သည်။ လင်းနို့ဂူအတွင်း ထူးခြားသည့် လင်းနို့များ၊ လှပသည့် သဘာဝအနေအထားများ ရှိနေသလို ဂူပတ်ဝန်းကျင်သည်လည်း ထင်ရှားသည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များလည်း တည်ရှိသည့်ဒေသ ဖြစ်သည့်အတွက် အရှည်တည်တံ့အောင် ဥပဒေအရ သဘာဝနယ်မြေအဖြစ် သတ်မှတ်၍ ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်လှသည်။

### လင်းနို့ဂူ သဘာဝထိန်းသိမ်းရေးနယ်မြေ

လင်းနို့ဂူ သဘာဝထိန်းသိမ်းရေးနယ်မြေ၏ ဘူမိရုပ်သွင် ထူးခြားချက်မှာ မင်းဝံတောင်တန်းပေါ်ရှိ ပေ ၂၂၉၀ အမြင့်ရှိသော ဇင်းတောင်မကြီးသည် လင်းနို့ဂူတည်နေရာ တောင်ကြောဖြစ်ပြီး ပတ်ဝန်းကျင်ရှိ တောင်ကုန်းတောင်တန်းများထက် သိသာထင်ရှားစွာ တည်ရှိခြင်းနှင့် သဘာဝထုံးကျောက်နံရံများ၊ ထုံးကျောက်လိုဏ်ဂူများ တည်ရှိနေခြင်းဖြစ်သည်။ သဘာဝထုံးကျောက်လိုဏ်ဂူများသည် သစ်တောသစ်ပင်များ ဖုံးလွှမ်းနေသည့် ညိုမှိုင်းနေသော တောင်တန်းများဖြင့် ပန်းရစွာ လှပတည်ရှိနေပြီး ထိုဂူများတွင် လင်းနို့များ ကျက်စားနေကြသည်။

မင်းဝံတောင်တန်းတွင် သဘာဝပေါက်ပင်မျိုးစုံ ပေါက်ရောက်သည်။ တောအမျိုးအစားအနေဖြင့် အထက်ရွက်ပြတ်ရောနှောတောနှင့် အင်တိုင်းတောများဖြစ်ကာ အပင်အမျိုးအစားအနေဖြင့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ အင်၊ အင်ကြင်း၊ သစ်ရာ၊ ထောက်ကြံ့၊ ယမနေ၊ သင်းဝံ၊ သပြေ၊ သဒီ၊ တောသရက်၊ တည်၊ ယင်းမာ၊ မအူနှော၊ သစ်စိမ့်၊ နဘဲ၊ ခူသံ၊ လက်ပံ၊ ဒီဒူး၊ ရုံး၊ သစ်စေး၊ ကုတ်ဟဲ၊ ချဉ်ယုတ်၊ သံသော၊ ဘန့်ဘွေး၊ ကျွန်းခေါက်နွယ်၊ ငုစပ်၊ သစ်ဖြူ၊ သစ်ပုတ်၊ နီပစေးနှင့် သန်း အစရှိသည့် သစ်ပင်များနှင့် ကြသောင်းဝါး၊ တင်းဝါး၊ သိုက်ဝါး၊ မျှင်ဝါး၊ သနပ်ဝါး စသည့် ဝါးပင်အမျိုးမျိုး ပေါက်ရောက်သည်။

ထို့အပြင် တောရိုင်းတိရစ္ဆာန် ဇီဝမျိုးစုံ မျိုးကွဲများလည်းနေထိုင်ကျက်စားလျက်ရှိရာ ဆင်၊ ချေ၊ တောဝက်၊ လင်းနို့မျိုးစိတ်များ၊ ဆတ်၊ ခွေးအ၊ မျောက်စပ်၊ ရှဉ့်နီ၊ ရှဉ့်ငပေါ၊ ရှဉ့်မွဲ၊ လင်းဝက်၊ တောကြောင်များနှင့်အတူ တွားသွားသတ္တဝါများဖြစ်သည့် မြွေမျိုးစိတ် အမျိုးမျိုး၊ ဖွတ်၊ လိပ်ဝါ၊ လိပ်ပုတ်၊ ကုန်းလိပ်၊ စင်းချောလိပ်၊ ပဒတ်များလည်း ရှိသည်။ ငှက်မျိုးများအနေဖြင့် အောက်ချင်း၊ အောင်လောင်၊ သစ်တောက်ငှက်၊ လင်းယုန်၊ ကြက်တူရွေး၊ ဘုတ်၊ ဝါးယောင်းငှက်၊ သိန်းငှက်၊ စွန်၊ သပိတ်လွယ်၊ ငှက်ခါး၊ တောကြက်နှင့် ဗျိုင်းအမျိုးမျိုး၊ အင်းဆက်မျိုးစိတ်များ အနေဖြင့် လိပ်ပြာ၊ ပျား၊ ပင့်ကူနှင့် အခြားအင်းဆက်များစွာ နေထိုင်ကျက်စားလျက်ရှိသည်။

လင်းနို့များသည် အတောင်ပံပါပြီး ပျံသန်းနိုင်သည့်တစ်မျိုးတည်းသော နို့တိုက်သတ္တဝါဖြစ်သည်။ လင်းနို့များကို အသီးအနှံစားသည့်လင်းနို့ (Fruit bat)နှင့် သွေးစုပ်သည့်လင်းနို့ (Vampire bat)ဟူ၍ နှစ်မျိုးခွဲခြားနိုင်ပြီး အိပ်တန်းတက်သည့်အခါ သစ်ကိုင်းကို ခြေထောက်များနှင့် ကုပ်တွယ်၍ ဦးခေါင်းဇောက်ထိုးထားသော သတ္တဝါဖြစ်သည်။ လင်းနို့များသည် အများအားဖြင့် တစ်ကြိမ်ပေါက်ဖွားလျှင် တစ်ကောင်နှုန်းသာ ပေါက်ဖွားပြီး မျိုးစိတ်အချို့မှာမူ သုံးလေးကောင်အထိ ပေါက်ဖွားကြသည်။ အချို့မျိုးစိတ်များသည် အနှစ် ၃၀ ခန့်အထိ အသက်ရှင်သန်နေထိုင် နိုင်ကြပြီး ပျံသန်းနိုင်မှုစွမ်းအားမှာလည်း တစ်နာရီ မိုင် ၆၀ နှုန်းခန့်အထိ ရှိသည်။

သွေးစုပ်သောလင်းနို့များမှာ များသောအားဖြင့် အင်းဆက်များထံမှ သွေးများကို စုပ်ယူစားသုံးခြင်းဖြစ်သည်။ လင်းနို့တစ်ကောင်သည် တစ်နာရီအတွင်း ခြင်အကောင်ရေ ၁၂၀၀ အထိ ဖမ်းယူစားသုံးနိုင်ပြီး လင်းနို့အစုအဖွဲ့တစ်ခုသည် တစ်ညအတွင်း အင်းဆက်ပိုးမွှား တန်နှင့်ချီ၍ စားသုံးနိုင်သည်။ လင်းနို့မျိုးစိတ်ပေါင်းသည် ခန့်မှန်းခြေ ၁၃၀၀ ခန့်အထိရှိပြီး နို့တိုက်သတ္တဝါအားလုံး၏ လေးပုံတစ်ပုံခန့်ရှိသည်။ အန္တာတိကတိုက်မှလွဲ၍ ကျန်တိုက်များတွင် ပျံ့နှံ့စွာ ကျက်စားနေထိုင်ကြသည်။

### ခရီးသွားလုပ်ငန်း အလားအလာ

ကန့်ဘလူမြို့နယ် ဇင်းတောင်မကြီးရှိ လင်းနို့လိုဏ်ဂူများတွင် လင်းနို့ကောင်ရေ သန်းနှင့်ချီနေထိုင်ကြောင်း၊ လင်းနို့များ အစာရှာချိန်တွင် လိုဏ်ဂူများအတွင်းမှ အုပ်စုဖွဲ့ပျံသန်းထွက်ခွာမှုကို ဆည်းဆာအလှနှင့်အတူ ကြည့်ရှုနိုင်ကြောင်း၊ ဇင်းတောင်မကြီးတွင် သစ်မျိုးစုံ စုံလင်စွာပေါက်ရောက်ခြင်း၊ တောဆင်ရိုင်းအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝခြင်းနှင့် ထူးခြားသည့် ပထဝီအနေအထားရှိခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို အခြေခံသော ခရီးသွားလုပ်ငန်းဆောင်ရွက်ရန်အတွက် အလားအလာကောင်းများရှိကြောင်း၊ ထို့အပြင် ဒေသခံများနှင့် ကျောင်းသူကျောင်းသားများ ကြည့်ရှုလေ့လာ အပန်းဖြေရန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်သင့်သည့်နေရာ ဖြစ်သည့်အတွက် လင်းနို့ဂူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးစခန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပညာပေးစခန်း ဖွင့်လှစ်ပေးခြင်းကြောင့် ကျောင်းသူကျောင်းသားများအား သဘာဝတောအတွင်းရှိ ဂေဟစနစ်အမျိုးမျိုးနှင့် သက်ရှိများ အသက်ရှင်ရပ်တည်ရန် အရေးကြီးသော ဂေဟစနစ်ဝန်ဆောင်မှုများအကြောင်းကို အသိပညာပေးနိုင်မည်ဖြစ်ပြီး သဘာဝတောအတွင်းရှိ သစ်မျိုးစုံနှင့် ဇီဝမျိုးစုံမျိုးကွဲများကို လေ့လာသိရှိခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်အပေါ် ပိုမိုတန်ဖိုးထားတတ်စေရန် လေ့ကျင့်သင်ကြားပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

### လေ့ကျင့်သင်ကြားရေး

စစ်ကိုင်းတိုင်းဒေသကြီး၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်သည့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် ပညာပေးစခန်း၊ သင်တန်းခန်းမ၊ သင်တန်းသားအိပ်ဆောင်၊ စားရိပ်သာ၊ တည်းခိုရိပ်သာ၊ သစ်တောပြခန်း၊ သစ်တောနှင့် သဘာဝဝန်းကျင်ဆိုင်ရာပြတိုက်၊ သစ်ခွရုံ၊ လိပ်ကန်နှင့် ရေကန်များကို တည်ဆောက်ဖွင့်လှစ်ထားပြီး ဝက်ဝံလှောင်အိမ်ထားရှိရန်လည်း ဆက်လက်ဆောင်ရွက်မည်ဟု သိရသည်။

လင်းနို့ဂူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးစခန်းနှင့် အပန်းဖြေဥယျာဉ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ထာဝရကုမ္ပဏီများအုပ်စုတို့ ပူးပေါင်းဆောင်ရွက်ခဲ့သော ဒေသဖွံ့ဖြိုးရေးမှတ်တိုင်တစ်ခုလည်းဖြစ်သည်။ ထိုအသိပညာပေးစခန်းမှ မျိုးဆက်သစ် ကျောင်းသူကျောင်းသားများ၊ သဘာဝအခြေခံ ခရီးသွားဧည့်သည်များနှင့် ဒေသခံပြည်သူများအား ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ် အပြန်အလှန်အမှီသဟဲပြုမှုရှင်သန်ပုံများနှင့် သက်ရှိလောကတည်မြဲရေးအတွက် သဘာဝပတ်ဝန်းကျင်၏ အရေးပါပုံကို လေ့လာခွင့်ရရှိစေမည့် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် တတ်နိုင်သည့်ဘက်မှ ပါဝင်လှူဒါန်းခွင့်ရသဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း ထာဝရကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဦးမောင်ကိုက ပြောသည်။

လင်းနို့ဂူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးစခန်းနှင့် အပန်းဖြေစခန်းများ တည်ဆောက်ခြင်းနှင့်အတူ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် အနောက်မြောက်ဒေသသို့ ခရီးကြမ်းကားမောင်းခြင်း(Journey to the North West Rally Sagaing/MHTTR 2018) အစီအစဉ်ကိုလည်း တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ကျင်းပခဲ့ပြီးဖြစ်ကာ ခရီးစဉ်အတွင်း ကားမောင်းသူများသည် လင်းနို့ဂူ သဘာဝထိန်းသိမ်းရေးနယ်မြေသို့ ညအိပ်လာရောက်လေ့လာခဲ့ကြသည်။

လင်းနို့ဂူ သဘာဝထိန်းသိမ်းရေးနယ်မြေသည် ကန့်ဘလူမြို့နယ် ဇင်းကျေးရွာအနီး မိုင်တိုင်အမှတ် ၆၅၊ ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာကားလမ်းမကြီး အရှေ့ဘက် ၅ မိုင် ၂ ဖာလုံခန့်တွင် တည်ရှိပြီး ကန့်ဘလူမြို့မှ ၄၅ မိုင်၊ ရွှေဘိုမြို့မှ မိုင် ၇၀ ကွာဝေးသည်။

### အကျိုးကျေးဇူးများ

လင်းနို့ဂူသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးစခန်းနှင့် အပန်းဖြေစခန်းဖွင့်လှစ်ခြင်းဖြင့် ပတ်ဝန်းကျင်ရှိသစ်တောများကို အထူးကြပ်မတ်နိုင်ခြင်း၊ အသိပညာပေးလုပ်ငန်းများမှ တစ်ဆင့် သစ်တောများ ပြန်လည်တည်ထောင်ရေးတွင် ပြည်သူလူထု ပိုမိုပူးပေါင်းပါဝင်မှုကို ဖော်ဆောင်နိုင်ခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းကြောင့် ဒေသခံပြည်သူများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ခြင်း အကျိုးကျေးဇူးများ ရနိုင်မည်ဖြစ်၍ ဒေသခံများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က တိုက်တွန်းပြောကြားထားသည်။

အဆိုပါပညာပေးစခန်းတွင် ပို့ချပေးနိုင်သည့် သင်တန်းများမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသင်တန်း၊ သစ်တောစိုက်ခင်းများတည်ထောင်ခြင်းသင်တန်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းသင်တန်းများဖြစ်ပြီး သင်တန်းသားအိပ်ဆောင်တွင် လူ ၃၀ ဆံ့သည့်အတွက် တစ်ကြိမ်လျှင် သင်တန်းသား ၃၀ ကို လက်ခံသင်ကြားပေးနိုင်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအနေဖြင့် လင်းနို့ဂူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးစခန်း တည်ဆောက်ရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ၂၀၁၆ ခုနှစ်မှစ၍ ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း၊ ကန့်ဘလူမြို့နယ်ရှိ ဂုံဂါးကြိုးဝိုင်း ၉၁၂၆ ဧက၊ ဘောကြိုးဝိုင်း ဧက ၁၃၆၆၀၊ ဇင်းကြိုးဝိုင်း ၃၈၄၈ ဧကနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညှိနှိုင်းချက်အရ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ သဘောထားတောင်းခံပြီး သပိတ်ကျင်းမြို့နယ် ဂုံဂါးကြိုးဝိုင်း ဧက ၃၆၇၄ ပါဝင်ဖွဲ့စည်းရန် သဘောတူခဲ့၍ စုစုပေါင်း ၃၀၃၀၈ ဧကကို လင်းနို့ဂူ သဘာဝထိန်းသိမ်းရေး နယ်မြေအဖြစ် ဖွဲ့စည်းတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ သိရသည်။

### သဘာဝထိန်းသိမ်းရေးနယ်မြေများ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆက်လက်တိုးချဲ့ဖွဲ့စည်းမည့် သဘာဝထိန်းသိမ်းရေး နယ်မြေများမှာ မုံရွာမြို့နယ်တွင် ဗောဓိတစ်ထောင် သဘာဝကြိုးဝိုင်း ဧရိယာ ဧက ၁၇၉၂၀၊ ဗန်းမောက်မြို့နယ်တွင် ဇလုံတောင်အမျိုးသား ဥယျာဉ် ဧရိယာ ၆၀၀၄၆ ဒသမ ၇၁ ဧက၊ ဝက်လက်မြို့နယ်တွင် ရှိမ္မကားဘေးမဲ့တော ဧရိယာ ၃၁၆ ဧက၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်နှင့် မင်းကင်းမြို့နယ်တို့တွင် မဟာမြိုင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဧရိယာ ၂၉၀၁၄၀ ဒသမ ၈၁၅၈ ဧက စုစုပေါင်း ၃၉၈၇၃၁ ဒသမ ၅၄၆ ဧက ဖြစ်သည်။

တည်ထောင်ပြီး သဘာဝထိန်းသိမ်းရေး နယ်မြေများမှာ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ် ဧရိယာ ၁၄၆၆၁၉ ဒသမ ၁၉ ဧက၊ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဧရိယာ ၅၃၁၄၅၆ ဧက၊ ဟူးကောင်းချိုင့်ဝှမ်းတိရစ္ဆာန်ဘေးမဲ့တော ဧရိယာ ၁၆၄၇၉၈၂ ဒသမ ၉၆ ဧက၊ ချပ်သင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဧရိယာ ၆၃၉၇၇ ဒသမ ၄၂ ဧကနှင့် မင်းဝံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဧရိယာ ၅၀၈၇၄ ဧကတို့ဖြစ်သည်။ မင်းဝံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဧရိယာကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းရန် စိစစ်ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး၏ သစ်တောဖုံးလွှမ်းမှု အခြေအနေမှာ ၂၀၁၅ ခုနှစ်က FAO ၏ သစ်တောသယံဇာတဆန်းစစ်ချက် (Forest Resource Assessment FRA-2015)အရ တိုင်းဒေသကြီး၏ ၄၇ ဒသမ ၀၄ ရာခိုင်နှုန်းရှိရာ ရှိနေသေးသည့် သစ်တောသယံဇာတများကို ထိန်းသိမ်းရန်နှင့် သယံဇာတများ တိုးပွားလာရေး အထောက်အကူပြုရန်သာမက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်လည်း ရည်ရွယ်အကောင်အထည်ထားသည့် လင်းနို့ဂူ သဘာဝဝန်းကျင်ဆိုင်ရာ ပညာပေးစခန်းနှင့် အပန်းဖြေဥယျာဉ်သည် စစ်ကိုင်းတိုင်းဒေသကြီးအား အကျိုးပြုမည့် ဒေသတစ်ခု ဖြစ်လာတော့မည်ဖြစ်ကြောင်း။ ။



လင်းနို့ဂူ သဘာဝဝန်းကျင်ဆိုင်ရာ ပညာပေးစခန်းနှင့် အပန်းဖြေ ဥယျာဉ်သို့ လာရောက်လည်ပတ်နေကြသူများကို တွေ့ရစဉ်။

**“လင်းနို့ဂူသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးစခန်းနှင့် အပန်းဖြေစခန်းဖွင့်လှစ်ခြင်းဖြင့် ပတ်ဝန်းကျင်ရှိသစ်တောများကို အထူးကြပ်မတ်နိုင်ခြင်း၊ အသိပညာပေးလုပ်ငန်းများမှတစ်ဆင့် သစ်တောများ ပြန်လည်တည်ထောင်ရေးတွင် ပြည်သူလူထု ပိုမိုပူးပေါင်းပါဝင်မှုကို ဖော်ဆောင်နိုင်ခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းကြောင့် ဒေသခံပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း အကျိုးကျေးဇူးများ ရနိုင်မည်ဖြစ်၍ ဒေသခံများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က တိုက်တွန်းပြောကြားထားသည်”**

# မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

ကျောက်မျက်ရတနာ သင်တန်းကျောင်း(နေပြည်တော်)တွင်တာဝန်ထမ်းဆောင်ရန် အောက်ပါရာထူးများအတွက် လျှောက်ထားနိုင်ပါသည်။

**(၁) ကျောင်းအုပ်ကြီး ကျား/မ ( ၁ )ဦး**

လျှောက်ထားလိုသူသည်

* ကျောက်စိမ်း/ကျောက်မျက်ကဏ္ဍများနှင့်ပတ်သက်၍ ဗဟုသုတအတွေ့အကြုံပြည့်စုံသူဖြစ်ရမည်။
* ပြည်တွင်းပြည်ပတက္ကသိုလ်တစ်ခုခုမှ မဟာဘွဲ့ရထားသူဖြစ်ရမည်။
* သက်မွေးပညာနှင့်ပတ်သက်သော သင်တန်းကျောင်းကောလိပ်၊ တက္ကသိုလ်၊ အစိုးရဌာနများတွင် အနည်းဆုံးလုပ်သက်(၅)နှစ်ရှိသူဖြစ်ရမည်။
* ယခင်ထမ်းဆောင်ခဲ့သော အလုပ်တာဝန်များတွင် အကျင့်စာရိတ္တကောင်းမွန်၍ စည်းကမ်းလိုက်နာပြီး အမည်ပျက်ကင်းရှင်းသူဖြစ်ရမည်။ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ရှိရမည်။
* အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်စွာ ပြောဆိုရေးသားဆက်ဆံနိုင်ရမည်။
* ဌာနဆိုင်ရာများနှင့် ရုံးလုပ်ငန်းများကို ကောင်းမွန်စွာဆက်ဆံလုပ်ကိုင်နိုင်ရမည်။
* အလုပ်ခွင် လိုအပ်ချက်အရ စိတ်ရောကိုယ်ပါ ကျန်းမာသန်စွမ်းပြီး ခရီးထွက်နိုင်သူဖြစ်ရမည်။
* နေပြည်တော်တွင် နေထိုင်နိုင်သူဖြစ်ရမည်။

ကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်သူသည် ဒု-ကျောင်းအုပ်ကြီးအပါအဝင် ဆရာ/ဆရာမများ၊ ဝန်ထမ်း(၄၀)ဦးနှင့်အတူ သင်တန်းကျောင်းကြီးကို အဓိကတာဝန်ခံဆောင်ရွက်ရမည်။ အထူးသဖြင့် သင်ကြားရေးဆိုင်ရာကိစ္စရပ်များကိုစနစ်တကျအောင်မြင်အောင် ဆောင်ရွက်ရမည်။

**(၂) ဒု-ကျောင်းအုပ်ကြီး ကျား/မ ( ၁ )ဦး**

လျှောက်ထားလိုသူသည်-

* ပြည်တွင်းပြည်ပတက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရထားသူဖြစ်ရမည်။
* စီမံခန့်ခွဲမှု၊ အုပ်ချုပ်ရေးပိုင်း ဝန်ထမ်းရေးရာများနှင့်ပတ်သက်၍ တက္ကသိုလ်/ကောလိပ်တစ်ခုခုတွင်ဖြစ်စေ၊ ပညာရပ်လုပ်ငန်းဆိုင်ရာအဖွဲ့အစည်းတစ်ခုခုတွင်ဖြစ်စေ အနည်းဆုံးလုပ်သက်(၅)နှစ်အထက်ရှိသူဖြစ်ရမည်။
* ယခင်ထမ်းဆောင်ခဲ့သော အလုပ်တာဝန်များတွင် အကျင့်စာရိတ္တကောင်းမွန်၍ စည်းကမ်းလိုက်နာပြီး အမည်ပျက်ကင်းရှင်းသူဖြစ်ရမည်။ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ရှိရမည်။
* အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်စွာ ပြောဆိုရေးသားဆက်ဆံနိုင်ရမည်။
* ဌာနဆိုင်ရာများနှင့် ရုံးလုပ်ငန်းများကို ကောင်းမွန်စွာ ဆက်ဆံလုပ်ကိုင်နိုင်ရမည်။
* အလုပ်ခွင် လိုအပ်ချက်အရ စိတ်ရောကိုယ်ပါ ကျန်းမာသန်စွမ်းပြီး ခရီးထွက်နိုင်သူဖြစ်ရမည်။
* နေပြည်တော်တွင် နေထိုင်နိုင်သူဖြစ်ရမည်။

ဒု-ကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်သူသည် ကျောင်းအုပ်ကြီး၏ အုပ်ချုပ်မှုအောက်တွင် သင်တန်းကျောင်း၏စီမံအုပ်ချုပ်ရေးဆိုင်ရာကို အဓိကတာဝန်ယူဆောင်ရွက်ရမည်။

လျှောက်ထားသူများသည်

(၁) အလုပ်လျှောက်ရခြင်းအကြောင်းအရင်းနှင့် မျှော်မှန်းလစာဖော်ပြထားသော ပြည့်စုံသည့် CV Form
(၂) ပညာရေးဆိုင်ရာ အောင်လက်မှတ်များ
(၃) ယခင်လုပ်ကိုင်ခဲ့သော ဌာနများမှ ထောက်ခံချက်(Recommendation Letter)
(၄) လျှောက်ထားသောရာထူးနှင့် ဆက်စပ်သည့် အခြားစာရွက်စာတမ်း အစုံအလင်ကို သတင်းစာကြေငြာချက်ပါသည့်ရက်မှ (၂)ပတ်အတွင်း E-mail ဖြင့်သော် လည်းကောင်း၊ ဖော်ပြပါလိပ်စာဖြင့်သော်လည်းကောင်း ပေးပို့လျှောက်ထားနိုင်ပါသည်။

(က) ဦးခင်မောင်လင်း(၀၉-၇၉၂၀၀၉၀၀၈)
အထွေထွေမန်နေဂျာ
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(နေပြည်တော်)
မဏိရတနာကျောက်စိမ်းခန်းမ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ ၀၆၇-၄၃၂၃၈၅၊ Mail: mgjea.npt@gmail.com

(ခ) ဦးနေလင်း(၀၉- ၉၇၀၄၉၅၃၄၈)
မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(ရန်ကုန်)
အမှတ်(၆၈)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ၀၁-၆၆၃၀၈၀ Mail: info@mgjea.org

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

---

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်မည့်အောက်ဖော်ပြပါလုပ်ငန်းအား တင်ဒါခေါ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| (က) | 1-22(T)/MESC/2018-2019 | ခရိုင်/မြို့နယ်များအတွက် ဓာတ်အားလိုင်းပစ္စည်း(၂၆)မျိုးအား ဈေးနှုန်းဖြင့်ဝယ်ယူရန်။ (1 Lot) |
| (ခ) | 1-23(T)/MESC/2018-2019 | ခရိုင်/မြို့နယ်များအတွက် ဓာတ်အားခွဲရုံ ပစ္စည်း(၂၀)မျိုးအား ဈေးနှုန်းဖြင့်ဝယ်ယူရန်။ (1 Lot) |
| (ဂ) | 2-40(T)/MESC/2018-2019 | အမရပူရမြို့နယ် စွယ်တော်ဓာတ်အားခွဲရုံမှ ဓာတ်အားလက်ခံဖြန့်ဖြူးပေးနိုင်ရန်အတွက် 33kV Line (0.75)Mile & 11kV Line (3.5)Mile အား SAC ဖြင့် အသစ်တည်ဆောက်ခြင်း(ပစ္စည်း+လုပ်ခ) |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၃-၅-၂၀၁၉ရက်တွင်စတင်၍ ရောင်းချမည်ဖြစ်ပြီး ၃၁-၅-၂၀၁၉ရက် ၁၄း၀၀နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။
၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)၊ ၂၇လမ်း၊ ၇၇×၇၈ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
ဖုန်း-၀၂-၄၀၆၉၁၂၁၊ ၀၂-၄၀၇၃၈၀၁

---

## အမည်ပြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ပုလဲကျွန်းရွာနေ ဦးအောင်ထွဋ်နှင့် ဒေါ်စန်းစန်းဝင်းတို့၏သား မောင်ကိုဖြိုးအောင်အား ယနေ့မှစ၍ မောင်ကောင်းထက်မြတ်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကောင်းထက်မြတ်အောင်**

---

## အမည်ပြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ (ဃ)ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၁၅)နေ ဦးကျော်မျိုးနှင့် ဒေါ်မို့မို့သက်လွင်တို့၏သား မောင်မြတ်သောမောင်အား ယနေ့မှစ၍ မောင်လင်းအက္ခရာဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်လင်းအက္ခရာ**

---

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6P/4362 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ပုဂေါ်ဇွန်းကျေးရွာနေ (ဘ) ဦးထွန်းလွင်၊ ဒေါ်မထားတို့၏သမီး အမက (ကုန်းသာယာအင်း)မှ မလှလှလေး(ခ) မသက်သက်ဖြိုးသည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံး၀(လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းလွင်-ဒေါ်မထား**

---

## မြေကွက်ရောင်းမည်

ကရင်ပြည်နယ် ဘားအံမြို့ အမှတ် (၇)ရပ်ကွက်၊ ရွှေကင်း(၆)လမ်း၊ သံလွင်မြစ်ကမ်းဘေး ဟိုတယ်ဆောက်လုပ်ရန်သင့်တော်သည့် ဂရန်ကျပြီးမြေ ၂ဒသမ၀၅ဧက အကျယ် မြေကွက်ရောင်းပါမည်။

**ဈေးနှုန်း-ကျပ်သိန်း**
**တစ်သောင်းရှစ်ထောင်တိတိ**
**(သိန်း ၁၈၀၀၀)**
**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၅၁၀၃၁၉၇၊**
**၀၉-၂၅၈၈၈၆၂၆၂**

---

## အင်္ဂလိပ်ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၃က/၅၃၄၉ ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့**
**စစ်ကိုင်းတိုင်းဒေသကြီး အလံနှင့် Logo တံဆိပ်များ**

## ပါဝင်ယှဉ်ပြိုင်နိုင်ရေး ကြော်ငြာခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စားပြုအလံနှင့် Logo အမှတ်တံဆိပ် (၂) မျိုးအား အသစ်ပြန်လည်ရေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ရာ စစ်ကိုင်းတိုင်းဒေသကြီး၏ ထင်ရှားသောအမှတ်အသားများပါဝင်သည့် တိုင်းဒေသကြီးအကိုယ်စားပြုအလံနှင့် Logo အမှတ်တံဆိပ်များအား ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် ပါဝင်ယှဉ်ပြိုင်သည့်အလံနှင့် Logo ပါ အမှတ်တံဆိပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့်အတူ ကိုယ်တိုင်ရေးဆွဲထားရှိပါကြောင်း ဝန်ခံချက်နှင့်အတူ Hard Copy (၃)စုံ/Soft Copy တို့နှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ လူမှုရေးဝန်ကြီးဌာနသို့ ၁-၅-၂၀၁၉ရက်မှ ၃၁-၅-၂၀၁၉ရက် ရုံးချိန်အတွင်းပေးပို့ရန် ဖြစ်ပါသည်။ ရွေးချယ်ခြင်းခံရပါက တိုင်းဒေသကြီးကိုယ်စားပြုအလံအတွက် ဆုငွေကျပ် ၅သိန်း၊ Logo အတွက် ငွေကျပ်ငါးသိန်းချီးမြှင့်မည်ဖြစ်ပါသည်။

**ဆက်သွယ်ရန်**
**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၀၃၂၇၇၃**
**ရုံးအဖွဲ့များ ဖုန်း-၀၉-၄၂၀၀၇၈၄၅၄၊ ၀၉-၄၀၀၄၀၅၀၉၁**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်းအမှတ် (၁)၊ ဦးပိုင်အမှတ် (၂၉)၊ မြေဧရိယာ ၀ဒသမ၁၆၉ဧကရှိ မြေကွက်ကို ဒေါ်ဘောက်ယမ်နှင့် ဦးဂမ်ဖန်တို့နှစ်ဦးအမည်ဖြင့် ၂၄-၄-၂၀၀၀မှ ၂၃-၄-၂၀၁၅ရက်ထိ မြေငှားဂရန်အမည်ပေါက်ပိုင်ဆိုင်ခဲ့ကြပြီး၊ ဒေါ်ဘောက်ယမ်နှင့် ဦးဂမ်ဖန်တို့မှာ မောင်နှမတော်စပ်ပြီး၊ ဦးဂမ်ဖန်သည် ၁၆-၉- ၂၀၀၁ရက်တွင် လူပျိုကြီးဘဝဖြင့်သေဆုံးပြီး ဖြစ်ပါသဖြင့် ဒေါ်ဘောက်ယမ်အမည်ဖြင့် မြေငှားဂရန်အမည်လျှော့၊ အသစ်ရရှိရေးအတွက် ၆-၁၀-၂၀၁၆ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၃၉၂/၂၀၁၆)ကို ၁၀-၁၀-၂၀၁၆ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၃၆၃/၂၀၁၈)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်လျှော့၊ အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့်**
**စစ်ကိုင်းတိုင်းဒေသကြီးအတွင်း**
**မူလတန်းဆင့်သင် ကျောင်းသား/သူများအတွက် အခမဲ့ဗလာစာအုပ်ဝယ်ယူရန်**

## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား/သူများအားလုံး အခမဲ့ထောက်ပံ့ပေးနိုင်ရန်အတွက် ဗလာစာအုပ်များအား တင်ဒါအိတ်ဖွင့်စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ(Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **ဗလာစာအုပ်အရည်အသွေး**

(က) စာအုပ်အရွယ်အစား - ၆ ဒသမ ၂၅× ၈ ဒသမ ၂၅ လက်မ
(ခ) လိုင်းအရေအတွက် - ၂၂ လိုင်း
(ဂ) အဖုံးစက္ကူ - ၁၈၀ gsm Duplex board (colour)
(ဃ) အတွင်းစက္ကူ - ၆၀ gsm indo 1K woodfree
(င) စာမျက်နှာ - ၈၀ Pages
(စ) ရှေ့ဖုံးအပြင်ဘက်တွင် နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပေးသည့် စာသားထည့်ရန်
- ရှေ့အဖုံးအတွင်းဘက်တွင် သဘာဝဘေးအန္တရာယ် အသိပေးလမ်းညွှန် (၆)မျိုး
- စာအုပ်၏နောက်ကျောဖုံး၊ အပြင်ဘက်တွင် မြန်မာ့ရိုးရာလူမှုရေးကျင့်ဝတ်၊ (သားသမီးဝတ်၊ တပည့်ဝတ်၊ မိဘဝတ်၊ ဆရာဝတ်)နှင့် TIME TABLE ဇယားကွက်
- နောက်ကျောဖုံးအတွင်းဘက်တွင် အမြှောက်အလီပေါင်း ၁ မှ ၁၂ အထိ

၃။ **အိတ်ဖွင့်တင်ဒါပုံစံရောင်းမည့်ရက်/အချိန်** - ၂-၅-၂၀၁၉ ရက် (ကြာသပတေးနေ့) ရုံးချိန်အတွင်း
**တင်ဒါတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးပညာရေးမှူးရုံး စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊အချိန်** - ၁၅-၅-၂၀၁၉ ရက် ၁၆း၃၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးပညာရေးမှူးရုံး၊ မုံရွာမြို့တွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့**
**စစ်ကိုင်းတိုင်းဒေသကြီးပညာရေးမှူး၊ မုံရွာမြို့**
**ဖုန်း-၀၉-၂၁၁၁၀၇၆၊ ၀၉-၂၅၄၂၄၈၁၇၈၊ ၀၉-၄၅၉၆၆၁၂၂၄၄**

---

**ရန်ကုန်တိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး (၆)၊ ရန်ကုန်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၆)၊ ရန်ကုန်မြို့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ကမ္ဘာ့ဘဏ်ချေးငွေ (ADSP) ရန်ပုံငွေဖြင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် တည်ဆောက်ရေးပစ္စည်းများအားဝယ်ယူခြင်းနှင့် လုပ်ငန်းခွင်သို့ ပစ္စည်းများ သယ်ယူခြင်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၅-၅-၂၀၁၉ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၃၁-၅-၂၀၁၉ရက်
**တင်ဒါရွေးချယ်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ ပဲခူးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပဲခူးမြို့

၂။ လျှောက်လွှာပုံစံများကို ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး (၆)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။
၃။ သတ်မှတ်ရက်ထက်ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၆)၊ ရန်ကုန်မြို့ ဖုန်း-၀၁-၂၃၃၂၅၂၈၊ လက်ထောက်ညွှန်ကြားရေးမှူး (၂) ရုံး၊ တည်ဆောက်ရေး (၆)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်မြို့ ဖုန်း-၀၁-၅၇၈၁၂၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ လူနေရပ်ကွက်အမှတ် မာန်ပြေ၊ မြေကွက်အမှတ် (၉၅၅/က)၊ မြေအကျယ်အဝန်းပေ (၂၀×၆၀)စတုရန်းပေ ၁၂၀၀ ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်ဥမ္မာထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်ဥမ္မာခိုင် ၁၂/တမန(နိုင်)၀၆၉၉၅၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအားပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး(စဉ်-၃၄၇၈၂)၊ အထက်တန်းရှေ့နေ**
**အမှတ် (၁၁၂၈)၊ သရဖီ(၇)လမ်း၊ ၃၄ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၀၁၀၄၈**







## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်နေလင်းအောင် ၈/မလန(နိုင်)၀၈၉၁၀၉၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၉၂၈၇၃၉၇၇**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8H/9529 Gontawin L/T P/U (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထိုက်အောင် ၉/အမရ(နိုင်)၀၂၇၃၅၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**




# ပျောက်ဆုံးခြင်း

K & Z Bago Company Limited မှ တင်သွင်းထားသော HYUNDAI STAREX, MINI BUS (4×2)(L) 9M/8823 ၏ Owner Book သည် ၂၄-၄-၂၀၁၉ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၄၄၅၁၂၄၈၁၊ ၀၉-၄၄၄၅၁၂၄၈၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ယင်းမာပင်မြို့နယ်တရားရုံးတော်**

**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၄**

ဦးကျော်ငွေ **နှင့်** ဒေါ်သီရိဇော်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံ အမှတ်(၁)တိုးချဲ့ ရပ်ကွက်နေ တရားပြိုင် ဒေါ်သီရိဇော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလို ဦးကျော်ငွေက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် မေ ၂၂ရက် (၁၃၈၁ခုနှစ် ကဆုန်လပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် ဧပြီ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အိအိချို)**
**မြို့နယ်တရားသူကြီး**
**ယင်းမာပင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ အလယ်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၁၈-မုံရွာအလယ်)၊ ဦးပိုင်အမှတ် (၆၆)၊ ဧရိယာ၀ဒသမ၀၁၂ဧကရှိမြေအား ဦးထွန်းစီ၊ ဒေါ်လှမြင့်မှ မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ (သက်တမ်းတိုး) မြေငှားဂရန် ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဆရာ ထွန်းမြင့် (မာန်အောင်)

(သမိုင်းသုတေသီ၊ ဥပဒေအတိုင်ပင်ခံ)၏

# သီးခြားနိုင်ငံသစ် အိပ်မက်များ

(လက်ရှိပြည်တွင်းစစ်ကိုရှုထောင့်များစွာမှ တင်ပြခြင်း)

**နိုင်ငံရေးစာရေးဆရာ ဦးသန်းစိုးနိုင်**၏ခွင်းချက်မရှိ ထောက်ခံကြောင်း အမှာစာနှင့်အတူ ထွက်ပါပြီ။(၂၅၀၀/-)

ရနိုင်သည့်နေရာ ဖုန်း-၀၉၄၂၀၀၈၃၆၈၈၊ ၀၉၅၁၉၀၁၃၂ ကိုမေးပါ။

# ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင် သား-ဆရာ ဒွေးသူရိန်ဝင်း

## အင်္ဂလိပ်စာ သဒ္ဒါ၊ အရေး နှင့် 4 Skills

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/၃တွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ အခြေခံညံ့လျှင် စာအုပ်အသစ်နဲ့ မဖြစ်မနေတက်ပါ။

မေလ(၄/၈)ရက်နေ့ (ပ/၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။

**4 Skills နိုင်ငံတကာအဆင့်မီသင်ကြားမှု**

၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး။ ရန်ကုန်မြို့။

**Ph: 01-375970, 0951 72096, 09254541441**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ အကွက်အမှတ် (RA -III ၊ ကွက်ပြင်)၊ ဦးပိုင်အမှတ် (၈၆-က)၊ မြေယာအမှတ် (155/224-A)၊ မြေဧရိယာ ၁ဒသမ ၀၀ ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်ခင်စောယုဝင်း ၁၂/သဃက(နိုင်)၀၄၅၅၆၇မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## မိခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၄)၊ သတ္တမတန်း(အောင်)မှ မောင်အန်ထော်နီအောင်ဆိုင်း ၏ မိခင်အမည်မှန်မှာ ဒေါ်ဆိုင်းရမ် ၁/မကန(နိုင်)၂၀၅၈၆၁ ဖြစ်ပါကြောင်း။

## အမည်မှန်နှင့် တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ အိမ်အမှတ်(၃၁)နေ မောင်စောဆာဂဖြူသော်၏ အမည်မှန်မှာ မောင်စောဆာကဖြူသော်ဖြစ်ပြီး ၎င်း၏ဖခင် ဦးကွာစိုး(ခ) ဦးစောကွာစိုး ၁/မကန(နိုင်)၀၆၅၀၆၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးသန်းအေး (ငြိမ်း)(စာရေးဆရာ သန်းအေး)
### အသက်(၆၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပန်တျာလမ်းနေ ဒေါက်တာအေးငယ်ငယ် [ခာတ်မှန်ဆရာဝန်ကြီး(ငြိမ်း)]၏ ချစ်လှစွာသော ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးသန်းအေး(ငြိမ်း) (စာရေးဆရာသန်းအေး)သည် ၂-၅-၂၀၁၉ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် စာဖတ်ပရိသတ်များအတွက် တန်ဖိုးရှိသော ဘာသာပြန်(သုတ)စာပေ၊ စာကောင်းပေမွန်များ ရေးသားနိုင်သူတစ်ဦး ဆုံးရှုံးမှုဖြစ်ပါကြောင်းနှင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

---

ဘုရား၊ ကျောင်း၊ ကန်၊ ရဟန်းဒါယိကာမကြီး

## ဆရာမဒေါ်မြင့်မြင့်ကြည်
### ကျိုက်လတ် မြန်မာ့ဂုဏ်ရောင်ကျောင်း ကန်တော့ခံဆရာမကြီး
### (၉)လမ်း အ-မ-က၊ ပန်းဘဲစု အ-မ-က(ကျိုက်လတ်)
### အ-မ-က(၄၅)၊ သာကေတ
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ၂လမ်းအရှေ့၊ အမှတ်(၅)(ပြည်ခိုင်ဖြိုး)နေ (ဦးအုန်း-ဒေါ်နီ)တို့၏သမီး၊ (ဦးအောင်-ဒေါ်ကြွားမေ)တို့၏ချွေးမ၊ (ဦးကြည်အောင်)-ဒေါ်စန်းရီ၊ (ဦးစိုးမြင့်)-ဒေါ်ညွန့်တင်တို့၏ညီမ ဦးဟန်မြင့်-ဒေါ်ညွန့်ညွန့်ကြည်တို့၏အမ၊ ဦးသန်းဝင်း(မူလတန်းကျောင်းအုပ်ဆရာကြီး-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးဇော်နိုင်ဝင်း-ဒေါ်သင်းသင်းအေး၊ ဦးကျော်စွာဝင်း(မြန်မာသံတော်ဆင့်သတင်းဌာန၊ ဓမ္မသံတော်ဆင့်စာပေ)-ဒေါ်ခင်ခင်စိုး၊ ဦးထွန်းထွန်းနိုင်-ဒေါ်ယုယုချော၊ ကိုဝင်းသန့်စင်-မဝတ်ရည်နွေးနွေးတို့၏မိခင်ကြီး၊ မြေး ခုနစ်ယောက်တို့၏အဘွားသည် ၂-၅-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၁း၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်)

[ကွယ်လွန်သူအား ရည်စူး၍ ၈-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)
နာယက၊ သက်ကြီးကန်တော့ခံ

## ဦးအောင်ကွန့် အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ်(၁၅၀/၁၂A)နေ ဒေါ်တင်လှ(ခ)ဒေါ်ပု၏ခင်ပွန်း ဦးအောင်ကွန့်သည် ၃၀-၄-၂၀၁၉ရက်(အင်္ဂါနေ့)တွင် ကွယ်လွန် သွားပြီးယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ရှမ်းဆရာကြီး ဦးတင်ဝင်း (အိုက်ပီလုံ)
### အာဏာမဟိဒ္ဓိနဂါးမာန်ဝင်းဂိုဏ်းနာယက၊
### တိမ္ပွေးကုဦးစီးဌာနဦးစီးအရာရှိ(ငြိမ်း)
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ၉မိုင်၊ ပြည်လမ်း၊ ရှမ်းရွာ၊ အမှတ် ၁၅၇နေ (ဦးဘခင်-ဒေါ်ရွှေတင်)တို့၏သား၊ ဒေါ်တင်မြင့်၊ ဦးကြင်သောင်း-ဒေါ်တင်ကြည်၊ (ဦးဘိုးဆောင်း)-ဒေါ်တင်ရီတို့၏မောင်၊ ဦးတင်လှိုင်-ဒေါ်စန်းရွှေ၊ (စိုင်းဝဏ္ဏ-ဒေါ်စမ်းစမ်း)၊ စိုင်းညွှန့်လွင်-နန်းခင်အုန်းတင့်တို့၏ အစ်ကို၊ (ဦးအောင်အောင်)-ဒေါ်မြသိုက်၊ (ဦးထွန်းထွန်း)-ဒေါ်အမာစိန်၊ ဒေါ်မိုးမိုး(အမက-၃၊ မရမ်းကုန်း)၊ဦးသူရဝင်း-ဒေါ်မိုးမိုးအိတို့၏ဖခင်၊ စိုင်းညီညီထွန်း-မအေးချမ်းမေ၊ မရည်မွန်သူ၊ မသက်မှူးဟေသီနွယ်၊ စိုင်းမြင့်မိုရ်သော်တို့၏ အဘိုး၊ (ဒေါ်ခင်သန်း)၏ခင်ပွန်းသည် ၁-၅-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၉ရက် ညနေ ၆နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၄း၃၀နာရီ တွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၇-၅-၂၀၁၉ရက်တွင် ၉မိုင်၊ ပြည်လမ်း၊ အမှတ် ၁၅၇၊ ရှမ်းရွာ နေအိမ်သို့ကြွရောက်ပါရန်ဖိတ် ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသန်းငွေ
### ဗိုလ်စိန်မှန် (မိုးသောက်ပန်းကဖီး)
### အသက်(၇၀)

(ဦးအောင်ကြည်-ဒေါ်ခင်လှ)တို့၏သား၊ (ဦးပါလုံး-ဒေါ်ဝင်းမြ)တို့၏သားသမက်၊ ဦးတင်စိုး-(ဒေါ်ကျင်သိန်း)တို့၏ညီ၊ ဦးခင်မောင်မြတ်-ဒေါ်စန္ဒာစိုးတို့၏ အစ်ကို၊ ဒေါ်တင်အေး၊ ဦးစိန်မြင့်တို့၏ညီမောင်၊ ဦးဝင်းဇော်ထွန်း-မဖြူ(ခ) မသန်းဘရင်(လှိုင်သစ်သီးပွဲရုံ)သီရိမင်္ဂလာဈေးတို့၏ဦးလေး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း၊ အမှတ်(၆)နေ ဒေါ်တင်တင်ခိုင်၏ ခင်ပွန်း၊ ဒုအရာခံဗိုလ်ဝဏ္ဏငွေ-မအိအိမွန်အောင်၊ ကိုကောင်းခန့်သော်-မသင်းသင်းစု၊ ကိုလွင်ထက်အောင်-မမြသဲဖြူ၊ မောင်ထက်နိုင်အောင်တို့၏ဖခင်၊ မဟန်နီသဲထက်အောင် ၏အဘိုးသည် ၁-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၉ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ပြင်ဆင်ဖတ်ရှုပါရန်

၂-၅-၂၀၁၉ ရက်ထုတ်ဤသတင်းစာ၏ စာမျက်နှာ(၃၁)တွင် ဦးထွန်းကြည်(ပင်လုံမြို့) အသက် (၈၇)နှစ် အထူးဝမ်းနည်းကြေကွဲခြင်း ကြော်ငြာတွင် ဦးခင်မောင်မော်(ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်)-ဒေါ်နန်းညီညီအောင်တို့၏ ဖခင်ဟု ပြင်ဆင်ဖတ်ရှုပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးအောင်နိုင်(ခ)
## ဦးဟုတ်ကျင်
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၅)ရပ်ကွက်၊ ၄ဝါလမ်း၊ အမှတ် ၈၆၀နေ ဒေါ်ခင်ဆွေဝင်း၏ခင်ပွန်း၊ ဦးမင်းမင်းဟန် - ဒေါ်စန်းစန်းသော်၊ ဦးကျော်ကျော်ဟိန်း-ဒေါ်သင်ဇာအောင်၊ ဦးကျော်ကျော်လွင်-ဒေါ်တင်ဆောင်နှင်း၊ ဦးသူရ-ဒေါ်ယဉ်မျိုး ထွန်းတို့၏ဖခင်၊ မသင်းဝတီစံ၊ မခေတ်ရတီလွင်၊ မမြတ်သီရိကျော်၊ မခင်မြတ်သဇင်၊ မောင်သန့်သုတလွင်၊ မသစ်သဒ္ဒါသူ၊ မထူးဇကရီအောင်၊ မဆုလာဘ်ဝေဆာတို့၏ဘိုးဘိုးကြီးသည် ၁-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၉ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီ တွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၃-၅-၂၀၁၉ ရက် နံနက် ၈ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အုန်းတင် (မိုးကုတ်ယောဂီဟောင်း)
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အမှတ်(၄၅၈)နေ (ဦးဖိုးထိန်-ဒေါ်အေးတင်) တို့၏သမီး၊ တိုင်းရင်းသမားတော်ကြီး ဆရာ ဦးကျော်လင်း-ဒေါ်ကြူကြူသန်းတို့၏အစ်မ၊ (ကိုဇော်ဇော်ဝင်း)-မစိန်ဝင်း၊ (ကိုအောင်ကျော်ဦး)-မခင်ပပလင်း၊ ကိုသိန်းထွဋ်-မချိုချိုအေး၊ မခင်ဝေဝေလင်း၊ မခင်စန္ဒာလင်း၊ မခင်ဥမ္မာလင်းတို့၏ကြီးတော်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၁-၅-၂၀၁၉ရက် ညနေ ၆း၃၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၉ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဒုတိယဗိုလ်မှူးကြီးသန်းအေး (ငြိမ်း)
## (ခ) Tommy Than Aye
### စစ်ဦးစီးမှူး(ပထမတန်း)၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး
### ကာကွယ်ရေးဝန်ကြီးဌာန
### (ကြည်း-၁၃၉၁၁)၊ စစ်တက္ကသိုလ်အပတ်စဉ်(၁၇)
### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပန်တျာလမ်း၊ အမှတ်(၄၂-အီး)၊ အခန်းအမှတ် (၃ဘီနှင့်၄ဘီ)နေ (ဦးဖေသန်းညွန့်-ဒေါ်လှရင်)တို့၏သား၊ ဒေါက်တာအေးငယ်ငယ်(ခာတ်မှန်ဆရာဝန်ကြီး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုသန့်ဇော်ဆွေ-ဒေါက်တာမေမီသက်၊ ဒေါက်တာအေးငြိမ်းသဉ္ဇာ၊ ဒေါက်တာအေးချမ်းမောင်တို့၏ ဖခင်၊ မရွှေဝတ်မှုန်၏ချစ်လှစွာသောအဘိုး ဒုတိယဗိုလ်မှူးကြီးသန်းအေး(ငြိမ်း) (ခ) Tommy Than Aye သည် ၂-၅-၂၀၁၉ရက် မွန်းလွဲ ၁း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၉ရက်(စနေနေ့) ညနေ ၃နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀)ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သချိုင်းသို့ ပို့ဆောင်ဂူသွင်းမြှုပ်နှံမည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၉ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးသန်းအေး (ငြိမ်း)
## (ခ) Tommy Than Aye
### စစ်ဦးစီးမှူး(ပထမတန်း)၊တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး၊
### ကာကွယ်ရေးဝန်ကြီးဌာန
### ကြည်း-၁၃၉၁၁၊ စစ်တက္ကသိုလ်အပတ်စဉ်(၁၇)
### အသက်(၆၆)နှစ်

ဒုတိယဗိုလ်မှူးကြီးသန်းအေး(ငြိမ်း) (ခ) Tommy Than Ayeသည် ၄-၅-၂၀၁၉ရက်(စနေနေ့) မွန်းလွဲ ၁း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။ **တင့်ဆွေ-နီလာမိသားစု**

---

## ဦးလှမျိုးအောင် (ဒေးဒရဲ)
### အသက်(၆၄)နှစ်

ရန်ကုန်မြို့နေ (ဦးသောင်းရွှေ-ဒေါ်ကျင်မြ)တို့၏သား၊ (ဦးထွန်းဦး-ဒေါ်တင်ညွန့်)တို့၏သားသမက်၊ (ဦးတင်ထွေး-ဒေါ် ခင်မျိုးမြင့်)၊ (ဦးအောင်ရွှေ)-ဒေါ်ခင်စိုးတင့်၊ ဦးလှစိုး-ဒေါ်ခင်မျိုးချစ်၊ ဦးဝင်းကြိုင်-(ဒေါ်ခင်မျိုးသစ်)တို့၏မောင်၊ ဦးလှမျိုး မောင်-ဒေါ်စီစီအောင်တို့၏အစ်ကို၊ (မောင်တေဇာထွန်း)၊ ကိုဝဏ္ဏထွန်း၊ မောင်အာကာကျော်တို့၏ဖခင်၊ တူ/တူမ ၁၄ယောက်တို့၏ဦးလေး၊ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ ကုလားကုန်းတန်းကျေးရွာနေ ဒေါ်ထွေးလှ၏ချစ်လှစွာသောခင်ပွန်းသည် ၂-၅-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄)ရပ်ကွက်၊ နေမျိုးကျော်သူလမ်း၊ အမှတ် ၃၄၇နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမျိုးသန့် (ပေါက်ဖော်) A.G.T.I(EP) (ပြည်)
### အသက်(၆၃)နှစ်

ပဲခူးမြို့နေ (ဦးမြသန်း-ဒေါ်ဖွားကြွေ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးကိုကိုလေး-ဒေါ်စောလှ)တို့၏ သားသမက်၊ ပဲခူးမြို့နေ ဦးစိုးမြင့်-ဒေါ်မြင့်မြင့်စန်း (စိန်ပုလဲဆန်ပွဲရုံ)၊ ရန်ကုန်မြို့နေ ဦးဇော်မင်း-ဒေါ်မြင့်မြင့်အေး (လူမှုဖူလုံရေး-ငြိမ်း)၊ ဒေါ်ခင်ဆွေမြင့် (လူမှုဖူလုံရေး-ငြိမ်း)၊ (ဦးလှအောင်)-ဒေါ်သူဇာမော်၊ ဒေါ်ညိုလေးစိုး (ရန်ကုန်ဆေးရုံကြီး-ငြိမ်း)၊ (ဦးသီဟဗလ)-ဒေါ်ဝင်းဝင်းမြင့်တို့၏ညီမောင်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မြောင်းကြီးလမ်း၊ အမှတ် ၁၈၊ ၄လွှာ-Bနေ ဒေါ်ဝါဝါဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ (မောင်မြတ်သူသန့်)-မအိဇင်ကို၊ မောင်ဟိန်းသူသန့်၊ မမေသူသူသန့်တို့၏ ဖခင်သည် ၂-၅-၂၀၁၉ ရက် (ကြာသပတေးနေ့) နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၉ ရက် (စနေနေ့) ညနေ ၃း၀၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ခွာပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၀၀နာရီမှ ၁၁း၀၀နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာသက်သက်
### M.B.B.S(MDY)
### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဇေယျာခေမာလမ်းသွယ်(၁)၊ အမှတ် ၆၄(ည)နေ (ဦးအောင်မြတ်ထွန်း-ဒေါ်မြခိုင်)တို့၏သမီး၊ (ဗိုလ်မှူးထွန်းအုပ်-ဒေါ်ခင်မာဝင်း)တို့၏သမီးချွေးမ၊ (ဦးထွန်းနောင်)၏ဇနီး၊ ဒေါက်တာရဲနောင်-ဒေါက်တာဝင်းမြတ်နိုးထွန်း၊ မောင်ရဲဒွေးတို့၏ချစ်လှစွာသောမိခင်သည် ၁-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၃၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၉ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၇-၅-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တဝါသဝ
### သက်တော် (၈၅)နှစ်၊ သိက္ခာတော်(၂၂)ဝါ

မိတ္ထီလာမြို့နယ်၊ ညောင်ကိုင်းစံပြကျေးရွာအုပ်စု၊ ညောင်ကိုင်းရွာဦးကျောင်းတိုက် ဦးစီးပဓာ နနာယကဆရာတော် ဘဒ္ဒန္တဝါသဝ (ယခင် ဦးလှမောင် ပြတိုက်လက်ထောက်-ငြိမ်း၊ စာကြည့်တိုက်နှင့်ပြတိုက်၊ မန္တလေးမြို့)သည် ၃၀-၄-၂၀၁၉ရက်(အင်္ဂါနေ့) ည ၁၀း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူ၍ ၂-၅-၂၀၁၉ရက်(ကြာသပတေးနေ့) ညနေ၄နာရီတွင် ဆရာတော်၏ ကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို အန္တိမအဂ္ဂိဈာပနာပူဇာသဘင်ဆင်ယင်၍ ညောင်ကိုင်းရွာဦးကျောင်းတိုက်၌ ကျင်းပပူဇော်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစုနှင့်တပည့်ဒါယကာဒါယိကာမများ**

---

## ဦးငွေစိုး(ခ)ဦးပဥ္စင်းဦးဂုဏ
### ကာကွယ်ရေး(စစ်မှုထမ်း)ငြိမ်း
### သက်တော်(၇၀)၊ သိက္ခာတော်(၉)ဝါ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ဥဿဖရားလမ်း၊ အမှတ် ၂၄နေ (ဦးစံသောင်း-ဒေါ်ခင်တင့်)တို့၏သား ၊ (ဦးထွန်းအောင်ကျော်)-ဒေါ်ခင်ခင်သောင်း၊ ဦးခင်မောင်အေး-ဒေါ်စိန်စိန်ငွေ၊ ဦးဆွေ-ဒေါ်သင်းသင်းတို့၏ အစ်ကိုသည် ၁-၅-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၉ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၇-၅-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်စိန်(ခ)ဒေါ်စိန် (မန္တလေးမြို့)
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ(ဦးစိန်-အငြိမ်းစားလက်ထောက်ညွှန်ကြားရေးမှူး/EPC)၏ဇနီး၊ မန္တလေးမြို့နေ(ဦးစံဖြိုး-ဒေါ်ထွေး)တို့၏သမီး၊ မန္တလေးမြို့နေ (ဦးဆန်း-ဒေါ်လူစီ)တို့၏ချွေးမ၊ မန္တလေးမြို့နေ ဦးတေ-ဒေါ်ပြုံးတို့၏ အစ်မ၊ ဒေါ်ခင်ခင်စန်း(သူနာပြု-ငြိမ်း)၊ ဒေါ်တင်တင်လတ်(တင်တင်လတ် Audit Firm)၊ (ဦးကိုကိုမောင်)-ဒေါ်မြမြဝင်း(ဒုရဲမှူး-ငြိမ်း)၊ (ဦးခင်မောင်သန်း-ဒေါ်မာလာနွယ်)၊ ဦးခင်အောင်ဆန်း-ဒေါ်မြင့်မြင့်ချို(အမက-၉)ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ဦးတင်အောင်ထွေး-YESB(ငြိမ်း)-ဒေါ်လှလှရီ၊ ဒေါ်နှင်းနှင်းဝေ(အထက-၂၊ ရန်ကင်း) တို့၏မိခင်၊ ဦးခင်ဇော်-ဒေါ်ဝေမာမာစန်း၊ ဒေါ်ဇင်မာ(Vice President-Sales/Jobnet Myanmar)၊ ဒေါက်တာသူရိန်ဝင်းနိုင်(ကထိက၊ အရိုးရောဂါပညာဌာနဆေး-၁)-ဒေါက်တာအေးမြသူ (ကထိကဌာနမှူး၊ အဏုဇီဝဗေဒဌာန ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်)၊ ဦးအောင်စည်ဟိန်း (JICA ပညာရေးစီမံကိန်း)၊ ဒေါ်ဖွန့်ပန်းပွင့်(မြန်မာတိုင်းမ်သတင်းစာတိုက်)၊ ဒေါက်တာထက်မြတ်အောင်၊ ဦးဝေလင်းအောင်-ဒေါ်ဆုနန္ဒာမြင့်၊ ဒေါက်တာထင်လင်းအောင်တို့၏အဘွား၊ မောင်ထက်အောင်ဝင်း-မအင်ကြင်းခင်၊ မယွန်းနွယ်တို့၏ဘွားဘွားကြီးသည် ၁-၅-၂၀၁၉ရက် ည ၁၀း၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၃-၅-၂၀၁၉ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ ရန်ငြိမ်းလမ်း၊ တိုက်အမှတ်(၂၃၈)၊ အခန်း(၂) နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးဇော်သင်းဦး (ငြိမ်း)
### တေဇ(၁၆)
### ဒုတိယညွှန်ကြားရေးမှူး
### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### အသက်(၅၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ ပဲခူးလမ်းတောင်ပိုင်း၊ တာခြားရပ်ကွက်နေ (ဦးမြသင်း)-ဒေါ်တင်လှတို့၏သား၊ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မြသီတာလမ်းနေ ဦးမောင်အေး-ဒေါ်မြဝင်းတို့၏သားသမက်၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်းရပ်ကွက်၊ စစ်တောင်း(၁)လမ်းနေ ဒေါ်နီနီဝင်း၏ခင်ပွန်း၊ မတုန္ဒိုင်းသာထွန်း၊ မောင်သာလွန်မင်းထက်ကျော်တို့၏ ဖခင်၊ ဦးကျော်သင်းလတ်၊ ဒေါ်ဥမ္မာမိုး၊ ဦးမျိုးသင်းထူး၊ ဒေါ်ခင်သီရိလှိုင်၊ ဦးကျော်စွာသင်းထွေး၊ ဒေါ်အေးမာမာမြင့်၊ ဦးစိုးဟုတ်၊ ဒေါ်မီးမီး၊ ဦးဘိုဘိုဟုတ်၊ ဦးချမ်းမြေ့ဟုတ်တို့၏အစ်ကိုသည် ၁-၅-၂၀၁၉ရက် ည ၁၁း၄၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၉ ရက် ညနေ ၃ နာရီတွင် နေပြည်တော် ခုတင်-၁၀၀၀ဆေးရုံကြီးမှ လယ်ဝေးမြို့နယ် စမ်းကလေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိ ပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးဇော်သင်းဦး (ငြိမ်း)၊ တေဇ(၁၆)၊
### အသက်(၅၃)နှစ်

ချစ်သူငယ်ချင်း ဇော်သင်းဦး မမျှော်လင့်ဘဲ တို့တတွေနဲ့ခွဲခွာသွားသည့်အတွက် သူငယ်ချင်း မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။ ချစ်သူငယ်ချင်းကောင်းရာဘုံဘဝသို့ ရောက်ရှိပါစေ။

**တေဇ(၁၆)မှသူငယ်ချင်းများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး

## ဦးမြင့်စိန် (ဘားကူး) (ကားမီးခွက်လုပ်ငန်း)
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ(ဦးတင်အေး-ဒေါ်အေးသိန်း)တို့၏သား၊ ပုဇွန်တောင်မြို့နယ်နေ (ဦးခင်လှ-ဒေါ်ခင်ကြည်) (ကားမီးခွက်လုပ်ငန်း)တို့၏ သားသမက်၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဦးရွှေဂွန်းလမ်းတို၊ ပထမထပ်၊ အမှတ်(၃၉)နေ ဒေါ်မြင့်မြင့်သန်း၏ချစ်လှစွာသော ခင်ပွန်း၊ ဦးကျော်ဦး(အထည်ရောင်း/ဝယ်ရေး)-ဒေါ်ပြုံးပြုံး(Toray International, Inc)၊ ဦးရဲထွန်း (ခေတ္တ-စင်ကာပူ)-ဒေါ်ညွှန့်ညွှန့်ခိုင်(ခေတ္တ-စင်ကာပူ)၊ ဦးသူရဝင်းတို့၏ဖခင်၊ မသက်ယွန်းနဒီ၊ မောင်ဟိန်းမင်းထက်တို့၏ဘိုးဘိုးသည် ၁-၅-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ည ၉း၁၅နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၉ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

ပြည်သူ့လွှတ်တော်အစည်းအဝေး စာ - ၇

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

အမျိုးသားလွှတ်တော်အစည်းအဝေး စာ - ၈

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအိုပြည်သူ့တပ်မတော်၊ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲအား လက်ခံတွေ့ဆုံ

စာ - ၄

# ဆိုင်ကလုန်းမုန်တိုင်းဖန်နီ မြန်မာနိုင်ငံဘက် ဦးတည်မှုမရှိသော်လည်း မုန်တိုင်းအရှိန်ကြောင့် ဒေသအချို့တွင် နေရာကွက် မိုးကြီးနိုင်


**နေပြည်တော် မေ ၂**

ယနေ့ ည ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလား ပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ"သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ပူရီမြို့၏ တောင်-အနောက်တောင်ဘက် မိုင် ၁၅၀ ခန့်၊ ဗီဇာကာပတ္တနမ်မြို့၏ အရှေ့-အရှေ့တောင်ဘက် မိုင် ၉၀ ခန့်၊ ဒီဂါမြို့၏ တောင်-အနောက်တောင်ဘက် မိုင် ၂၉၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ"သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက် ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသေးသဖြင့် အဝါရောင် အဆင့်ဟု သတ်မှတ်သည်။

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်း မုန်တိုင်း "ဖန်နီ"သည် ည ၁၀ နာရီခွဲတွင်

*စာမျက်နှာ ၁၀ ကော်လံ ၁* ●




ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ"ဖြစ်ပေါ်နေသည့် အခြေအနေကို တွေ့ရစဉ်။

# အိန္ဒိယမှ ပြန်လည်ဝယ်ယူမည့်သတင်းကြောင့် မန္တလေးဈေးကွက်တွင် ပဲစင်းငုံဈေးနှုန်း ကျပ်တစ်သိန်းအထိ မြင့်တက်လာ

**မန္တလေး မေ ၂**

အိန္ဒိယနိုင်ငံမှ မြန်မာ့ထွက်ကုန် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံသီးနှံများကို ပြန်လည်တင်သွင်းခွင့်ပြုမည့် သတင်းကြောင့် တရိပ်ရိပ်မြင့်တက်လာသည့် ပဲစင်းငုံ ဈေးနှုန်းမှာ ယခု မေ ၂ ရက်တွင် သုံးတင်းဝင် တစ်အိတ် လျှင် ကျပ်တစ်သိန်းနှုန်းအထိ ရောက်ရှိလာကြောင်း မန္တလေးပဲဈေးကွက်မှ သိရသည်။

အဆိုပါသီးနှံများကို လွန်ခဲ့သည့်နှစ်လကျော်ကာလ က အိန္ဒိယနိုင်ငံမှ ဝယ်ယူမှု ရပ်ဆိုင်းထားခဲ့ပြီး မတ် ၂၉ ရက်တွင် ပဲစင်းငုံတန်ချိန် နှစ်သိန်း၊ မတ်ပဲကို တန်ချိန် တစ်သိန်းခွဲနှင့် ပဲတီစိမ်းကို တန်ချိန် တစ်သိန်းခွဲ ပြန်လည် ဝယ်ယူရန် ခွင့်ပြုသည့် သတင်းကြောင့် သုံးတင်းဝင် တစ်အိတ်လျှင် ကျပ်ခုနစ်သောင်းနှုန်းသာ ရှိခဲ့သော ပဲစင်းငုံသီးနှံမှာ အဆိုပါသတင်းကြောင့် သင်္ကြန်မတိုင်မီ ကာလ၌ ကျပ်ရှစ်သောင်းငါးထောင်ခန့်အထိ မြင့်တက် လာခဲ့ပြီး သင်္ကြန်အပြီးကာလ၌ တရိပ်ရိပ် မြင့်တက် လာကာ ယခု မေ ၂ ရက်တွင် ကျပ်တစ်သိန်းအထိ ရောက်ရှိခဲ့ကြောင်း *စာမျက်နှာ ၁၁ ကော်လံ ၁* ❄



ကုန်သည်များ ဝယ်ယူမည့်ပဲများကို ကြည့်ရှုနေကြစဉ်။

# အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စု (က)တွင် ပါဝင်

**ရန်ကုန် မေ ၂**

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၉ အာဆီယံ ယူ-၁၅ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(က)၌ ပါဝင်လျက် ရှိသည်။

ယင်းပြိုင်ပွဲတွင် အသင်းကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု(က) တွင် မြန်မာ၊ ဗီယက်နမ်၊ တီမော၊ ဖိလစ်ပိုင်၊ အုပ်စု(ခ)တွင် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ လာအို၊ ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။ ယင်းပြိုင်ပွဲတွင် မူလက အင်ဒိုနီးရှားအသင်း ပါဝင်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားသော်လည်း နုတ်ထွက်သွားသောကြောင့် အုပ်စု(က)တွင် လေးသင်းသာ ကျန်ရှိနေတော့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲကို မေ ၉ ရက်မှ ၂၁ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ အသင်းသည် အုပ်စုပွဲများအဖြစ် မေ ၁၀ ရက်တွင် တီမောအသင်း၊ မေ ၁၂ ရက်တွင် ဖိလစ်ပိုင်အသင်း၊ မေ ၁၄ ရက်တွင် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ မြန်မာအသင်းပါဝင်သည့် အုပ်စု (က) မှာ လေးသင်းသာ ပါဝင်သော ကြောင့် ဆီမီးဖိုင်နယ်ပွဲမတိုင်မီ နားရက်ပိုရမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များကို မေ ၉ ရက်မှ ၁၇ ရက်၊ ဆီမီးဖိုင်နယ်ကို မေ ၁၉ ရက်၊ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို မေ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၄* ❖

**နိုင်ငံတော်အစိုးရ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာအဖြစ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့၏ တတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပိုရှစ်မျက်နှာဖြင့် ဖော်ပြထားပါသည်။


DECOLAND COMPANY LIMITED

DECO

စက္ကူ၊ စာအုပ်နှင့် စာရေးကိရိယာ အမျိုးမျိုး

ONE-STOP TRUSTED PAPER SUPPLIER

**Copy Paper**
Copy Paper
Color Copy Paper

**Printing Paper**
Art Card
Art Paper
Woodfree
Newsprint

**Packaging Paper**
Duplex
Grey Chip Board
Ivory Board

**Special Paper**
Brief Card
Color Brief Card
Color Paper
Color Embossed Card
Gold/Silver Card
NCR Paper
Sticker paper
Tracing Paper

**Stationery paper**
Continuous Form
Fax Roll
NCR Register Roll
Register Roll
Thermal Paper Roll



Hot Line : 013 684292

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

မြန်မာ့အလင်း
သောကြာ၊ မေ ၃၁၊ ၂၀၁၉

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သုံးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## အခု ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၂၂၀၀၀ ကျော်၊ လူဦးရေ ၅ သန်းခန့်ကို ငွေကျပ် ၆၂၆၇ ဘီလီယံ ထုတ်ချေးခဲ့ပြီး စုဆောင်းငွေကျပ် ၄၈၇ ဘီလီယံအထိ ရှိခဲ့ပါတယ်

◆ တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဓာတ်ပုံ - မေဦးမိုး ◆

နိုင်ငံတော်၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒ၊ ဝန်ကြီးဌာနအတွင်း ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ကာလတို၊ ကာလရှည် အကျိုးဖြစ်ထွန်းမည့် စီးပွားရေးဆိုင်ရာများနှင့် လုပ်ငန်းစဉ်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပြီး အစိုးရ၏ တတိယ (၁) နှစ်တာအတွင်း မြန်မာ့စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းအကျိုးဖြစ်ထွန်းမှုများအတွက် ဆောင်ရွက်နေမှုများကို သိရှိနိုင်ရန် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ဒုတိယဝန်ကြီးများအား တွေ့ဆုံမေးမြန်းခဲ့သည် -

**ဦးစိုးဝင်း**
**ပြည်ထောင်စုဝန်ကြီး**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**မေး။ ။ ဝန်ကြီးဌာနရဲ့ ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေအကြောင်းကို ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ ။ မြန်မာနိုင်ငံရဲ့ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP)ကို မဏ္ဍိုင် သုံးရပ်၊ ပန်းတိုင်ငါးခု၊ မဟာဗျူဟာ ၂၈ ခုနဲ့ လုပ်ငန်းစဉ် (၂၅၁) ခုတို့ ချမှတ်ပြီး ဝန်ကြီးဌာနက အဓိက ဆောင်ရွက်လျက်ရှိပါတယ်။ အစိုးရ-ပုဂ္ဂလိကဖြစ်စေ၊ နိုင်ငံတော်ဘဏ္ဍာငွေဖြင့်ဖြစ်စေ၊ အခြားထောက်ပံ့နည်းလမ်းများဖြင့်ဖြစ်စေ ဆောင်ရွက်မည့် စီမံကိန်းများကို Project Bank မှာ ထည့်သွင်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ရေရှည်၊ ရေတိုစီမံကိန်းတွေအတွက် ဝန်ကြီးဌာနရဲ့လုပ်ဆောင်ချက်တွေကို ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ ။ ဝန်ကြီးဌာနကနေ နိုင်ငံတော်ရဲ့ရသုံးမှန်းခြေငွေစာရင်းအရ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်နဲ့အညီ ငွေများသုံးစွဲမှုတွေကို မြေပြင်ကွင်းဆင်းစိစစ်မှုများ ပြုလုပ်နိုင်ခဲ့ပါတယ်။ သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး၊ ပြန်လည်ထူထောင်ရေးနဲ့ ရေရှည်စီမံကိန်းအတွက် အထောက်အကူပြုနိုင်ဖို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စစ်တမ်းအစီရင်ခံစာကို ၂၀၁၈ ခုနှစ် ဇွန်လအတွင်း ထုတ်ပြန်နိုင်ခဲ့ပါတယ်။ ပို့ကုန်သွင်းကုန်လုပ်ငန်းတွေရဲ့ ငွေကြေးလိုအပ်ချက်တွေကို အထောက်အပံ့ပေးနိုင်ဖို့ Export Import Financing ကို ၂၀၁၈ ခုနှစ်ကစပြီး ဘဏ်တွေ ဝန်ဆောင်မှုပေးနိုင်ခဲ့တာက တတိယ (၁)နှစ်တာအတွင်း ဆောင်ရွက်မှုတွေထဲက အောင်မြင်မှုတစ်ခုဖြစ်ပါတယ်။

**မေး။ ။ လယ်ယာကဏ္ဍနဲ့ ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးဖို့အတွက် ဝန်ကြီးဌာနရဲ့ဆောင်ရွက်ချက်တွေကို သိပါရစေရှင့်။**

ဖြေ။ ။ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနကနေ လယ်ယာကဏ္ဍကို အခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း(MSMEs) တွေအတွက် မြန်မာ့စီးပွားရေးဘဏ်နဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ကနေ တတိယ(၁)နှစ်တာကာလအတွင်း ငွေကျပ် ၁၆၆ ဘီလီယံကို ငွေချေးသူ ၃၇၃၃ ဦးဆီသို့ အရောက်ထုတ်ချေးပေးခဲ့ပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေတွေကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ် ၁၇၀၇ ဘီလီယံ ထုတ်ချေးခဲ့ရာကနေ

**အချပ်ပို(ခ)သို့**



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း




အကြိမ်(၅၀)မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လုံးနှင့် အာဆီယံစီးပွားရေးဝန်ကြီးများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**အချပ်ပို(က)မှ**

၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ် ၂၀၁၇ ဘီလီယံအထိ ချေးပေးသွားမှာဖြစ်ပါတယ်။ စပါး တစ်ဧကအတွက် ထုတ်ချေးငွေကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ်တစ်သိန်းမှ ငွေကျပ် တစ်သိန်းခွဲအထိ၊ အခြားသီးနှံတွေအတွက် တစ်ဧကချေးငွေနှုန်းကို အခုဘဏ္ဍာရေးနှစ်မှာ ငွေကျပ် ၅၀၀၀၀ ကနေ တစ်သိန်းအထိ ထပ်မံ တိုးမြှင့်ပေးခဲ့ပါတယ်။

ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းကျော်ရဲ့ လူမှုဘဝတိုးတက်မြင့်မားရေးကို အထောက် အကူဖြစ်ဖို့ အသေးစားငွေရေးကြေးရေး (Micro Finance) အဖွဲ့အစည်း ၁၇၇ ဖွဲ့ကို လုပ်ကိုင်ခွင့် ပြုထားပြီး မြန်မာတစ်ပြည်လုံး အသေးစားချေးငွေ တွေကို ထုတ်ချေးလျက်ရှိပါတယ်။

မနှစ်က ဘဏ္ဍာရေးနှစ်မှာ ကျေးရွာပေါင်း ၁၈၀၀၀ ကျော်၊ လူဦးရေပေါင်း သုံးသန်းခွဲကျော်ကို ငွေကျပ် ၄၁၂၉ ဘီလီယံ ထုတ်ချေးခဲ့ပြီး စုဆောင်း ငွေကျပ် ၃၃၅ ဘီလီယံအထိ ရှိခဲ့ပါတယ်။ အခု ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၂၂၀၀၀ ကျော်၊ လူဦးရေ ၅ သန်းခန့်ကို ငွေကျပ် ၆၂၆၇ ဘီလီယံ ထုတ်ချေးခဲ့ပြီး စုဆောင်းငွေကျပ် ၄၈၇ ဘီလီယံ အထိ ရှိခဲ့ပါတယ်။

**မေး။ ။ အာမခံလုပ်ငန်းတွေ တိုးတက်ဖို့အတွက် ဝန်ကြီးဌာနရဲ့ အစီအမံနဲ့ ဆောင်ရွက်ထားမှုတွေကို ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ ။ အာမခံလုပ်ငန်းတိုးတက်ရေးအတွက် ၂၀၁၃ ခုနှစ်ကစပြီး ပြည်တွင်းပုဂ္ဂလိက အာမခံကုမ္ပဏီတွေကို လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။ လက်ရှိမှာ ပြည်တွင်းပုဂ္ဂလိက အာမခံကုမ္ပဏီ သုံးခုနဲ့ အသက်နဲ့ အထွေထွေအာမခံ ပူးတွဲလုပ်ကိုင်နေတဲ့ ကုမ္ပဏီရှစ်ခုက အာမခံလုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါ့အပြင် နိုင်ငံခြားအသက်အာမခံကုမ္ပဏီ တွေနဲ့ အထွေထွေအာမခံကုမ္ပဏီတွေကို မြန်မာ နိုင်ငံမှာ လုပ်ကိုင်ခွင့်ပြုသွားမှာ ဖြစ်ပါတယ်။ လုပ်ကိုင်ခွင့်ပြုတဲ့ နေရာမှာလည်း နိုင်ငံခြားအသက် အာမခံကုမ္ပဏီတွေက ရာနှုန်းပြည့်ပိုင်ဆိုင်တဲ့ ကုမ္ပဏီအဖြစ် လုပ်ကိုင်ခွင့်ပြုမှာဖြစ်ပြီး အထွေထွေ အာမခံလုပ်ငန်းမှာ ပြည်တွင်းအာမခံကုမ္ပဏီတွေနဲ့ ဖက်စပ်လုပ်ကိုင်ခြင်းကို ခွင့်ပြုမှာဖြစ်ပါတယ်။

**မေး။ ။ အငြိမ်းစားဝန်ထမ်းတွေကို လစာထုတ်ပေးခြင်းစနစ်တွေ ပြုပြင်ပြောင်းလဲခဲ့တဲ့အပိုင်းကို ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ ။ ပင်စင်စားတွေရဲ့ အငြိမ်းစားလစာကို လက်ရှိဝန်ထမ်းတွေ ပင်စင်ခံစားခွင့် အတိုင်း တိုးမြှင့်ခံစားခွင့်ပြုမှာ ဖြစ်ပါတယ်။ အငြိမ်းစားတွေအနေနဲ့ မြန်မာ့စီးပွားရေးဘဏ်သို့ အကြိမ်ကြိမ် လာရောက်ဖို့မလိုဘဲ စရိတ်နဲ့ အချိန် ကုန်သက်သာဖို့ Mobile Payment စနစ်နဲ့ လစာထုတ်ပေးလျက်ရှိပါတယ်။ အငြိမ်းစားလစာ ထုတ်ပေးခြင်းကို ရန်ကုန်မြို့မှာရှိတဲ့ ဘဏ်ခွဲရှစ်ခု မှာ ဝန်ဆောင်မှုစတင်ပေးလျက်ရှိပါတယ်။

လက်ရှိပင်စင်စနစ်ဟာ နိုင်ငံတော်ဘတ်ဂျက်မှ တာဝန်ယူကျခံရတဲ့အတွက် ပင်စင်စားတွေ အင်အားတိုးတက်လာခြင်း၊ မျှော်မှန်းသက်တမ်း ပိုမိုလာခြင်းတို့ကြောင့် ပင်စင်အသုံးစရိတ် ပိုမို သုံးစွဲရလျက်ရှိပါတယ်။ ပင်စင်လစာနဲ့ပတ်သက်ပြီး နိုင်ငံတော်ရဲ့ဝန်ထုပ်ဝန်ပိုးလျော့ကျစေဖို့နဲ့ ရေရှည် တည်တံ့ခိုင်မြဲတဲ့စနစ်တစ်ခု ပေါ်လာဖို့ထည့်ဝင် ကြေးစနစ်နဲ့ အကျိုးခံစားခွင့်ပြုတဲ့ ဝန်ထမ်း နှောင်ရေးဗဟိုရန်ပုံငွေ (Central Provident Fund- CPF) ကို ထူထောင်သွားမှာ ဖြစ်ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း တရုတ်-မြန်မာစီးပွားရေးစင်္ကြံဖိုရမ်သို့ တက်ရောက်စဉ်။

ပင်စင်စားဝန်ထမ်းတွေသာမက အများ ပြည်သူတွေ အိမ်ရာပိုင်ဆိုင်မှုရရှိရေးနဲ့ နေထိုင်မှု အဆင်ပြေဖို့ အိမ်ရာချေးငွေစီမံကိန်းကို ဂျပန်နိုင်ငံမှ ချေးငွေယန်း ၁၅ ဘီလီယံရယူပြီး စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ ဆောက်လုပ်ရေး၊ အိမ်ရာနဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး ဘဏ်တို့ပူးပေါင်းပြီး အိမ်ဝယ်ယူမည့်သူတွေကို စတင်ငွေထုတ်ချေးပေးလျက်ရှိပါတယ်။

**မေး။ ။ ဘဏ္ဍာရေးနှစ်ကို ပြောင်းလဲသတ်မှတ်ခဲ့ရခြင်း အခြေအနေကို သိပါရစေရှင့်။**

ဖြေ။ ။ ဘဏ္ဍာရေးနှစ်ကို ၂၀၁၈-၂၀၁၉ ကနေ စပြီး အောက်တိုဘာလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ ပြောင်းလဲသတ်မှတ်ခဲ့ပါတယ်။ ဘဏ္ဍာရေးနှစ် ပြောင်းလဲကျင့်သုံးရတဲ့ ရည်ရွယ်ချက်က ကာလရှည်ရုံးပိတ်ရက်တွေနဲ့ လွတ်ကင်းတဲ့ ကာလဖြစ်တာမို့ လုပ်ငန်းဆောင်ရွက်မှု မြန်ဆန်ပြီး တည်ဆောက်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့ဖြစ်သလို ပွင့်လင်းရာသီကာလ ကလည်း ရှစ်လကျော် တစ်ဆက်တည်းရရှိနိုင်လို့ ဖြစ်ပါတယ်။ ဒါ့အပြင် သုံးလပတ်အလိုက် ဘဏ္ဍာငွေသုံးစွဲမှု ပိုမိုညီညွတ် မျှတလာနိုင်မှာ လည်း ဖြစ်ပါတယ်။

**မေး။ ။ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းတွေကို သိပါရစေရှင့်။**

ဖြေ။ ။ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရာမှာ အခွန်ထမ်းကိုယ်တိုင် စည်းကြပ်တဲ့ စနစ်ကို ပြောင်းလဲကျင့်သုံးလျက်ရှိပါတယ်။ MPU Debit Card အသုံးပြုပြီး အွန်းလိုင်းမှ အခွန်ပေး ဆောင်ခြင်းကို အခွန်ထမ်းကြီးတွေနဲ့ အလယ်အလတ် အခွန်ထမ်းတွေဆိုင်ရာ အခွန်ရုံးတွေမှာ ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။

ယခုနှစ် ဖေဖော်ဝါရီလ ၁ ရက်ကစပြီး အောင်ဘာလေထီတစ်စောင်ကို ငွေကျပ် တစ်ထောင်နှုန်းနဲ့ ရောင်းချခဲ့ပါတယ်။ ဆုမဲတွေကို ငွေကျပ်သိန်းပေါင်း ၁၅၀၀၀ အထိ တိုးမြှင့်ပေး နိုင်ခဲ့ပြီး အခြားဆုမဲတွေကို ပိုမိုတိုးမြှင့်ပေးနိုင်တဲ့ အတွက် ပြည်သူတွေအနေနဲ့ ဆုကြေးငွေ ပိုမိုရရှိ လာမှာဖြစ်ပါတယ်။

အကောက်ခွန်ကိစ္စရပ်တွေကို Manual စနစ်မှ အလိုအလျောက် ကုန်စည်ရှင်းလင်းရေး စနစ်ဖြစ်တဲ့ MACCS (Myanmar Automated Cargo Clearance System) နဲ့ ၂၀၁၆ ခုနှစ်ကတည်းက ရန်ကုန်ဧရိယာအတွင်း မှာ စတင်ကျင့်သုံးနိုင်ခဲ့ပါတယ်။ မြဝတီနယ်စပ် ကုန်သွယ်ရေးဇုန်မှာ ၂၀၁၈ ခုနှစ် ဇွန်လအတွင်းက စတင်အသုံးပြုခဲ့ပြီး ကျန်တဲ့နယ်စပ်ဒေသတွေကို တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့နိုင်သွားမှာ ဖြစ်ပါ တယ်။

စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ အစိုးရက ချမှတ်ထားတဲ့ စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှု မူဝါဒတွေနဲ့အညီ ရေရှည်အကျိုးရှိမယ့် စီးပွားရေး ပတ်ဝန်းကျင်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာရေး၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုပွင့်လင်း မြင်သာမှုရှိပြီး လွယ်ကူရှင်းလင်းစွာ ပါဝင် ဆောင်ရွက်လာရေးကို အရှိန်အဟုန်နဲ့ ဆောင်ရွက် သွားမှာ ဖြစ်တယ်ဆိုတာကို အများပြည်သူတွေကို တင်ပြလိုပါတယ်။



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း



ဒုတိယဝန်ကြီး ဦးဆက်အောင်

**ဦးမောင်မောင်ဝင်း**

**ဒုတိယဝန်ကြီး**

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**မေး။ ။ ဘဏ္ဍာရေးကဏ္ဍရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ ။ ဘဏ္ဍာရေးအပိုင်းမှာ ဌာနပေါင်း ၁၃ ခုရှိတယ်။ ဌာနကြီး ၁၃ ခုရှိတဲ့ အထဲမှာ ပေါ်လစီပိုင်းဆိုင်ရာ ဌာနတွေဖြစ်တဲ့ ရသုံးမှန်းခြေငွေစာရင်းဌာနဆိုရင် နှစ်စဉ် ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုဘဏ္ဍာ ငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပေးနိုင်ဖို့ ပြုစုတင်ပြဆောင်ရွက်ရပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ် ဘဏ္ဍာငွေရသုံးဆိုင်ရာ ဥပဒေတွေကို သူ့အချိန်နဲ့သူ ပြဋ္ဌာန်းနိုင်စေဖို့ ပြုစုတင်ပြပါတယ်။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွေ ပြဋ္ဌာန်း ပြီးချိန်တွင် ရသုံးခန့်မှန်းခြေငွေစာရင်းတွေ အကောင်အထည်ဖော်မှုကို စောင့်ကြည့်အစီရင် ခံခြင်း ဆောင်ရွက်လျက်ရှိပါတယ်။

**အချပ်ပို(ဂ)သို့**



Bloomberg Terminal နှင့် Thomsom Retuers Platform အသုံးပြု၍ Fx-Dealing ဆောင်ရွက်နေမှုအား ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ



အချပ်ပို(ခ)မှ

**မေး။ ။ တစ်နှစ်တာအတွင်းမှာ ဘတ်ဂျက်သုံးစွဲမှုတွေနဲ့ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု တိုးတက်မှုတွေအကြောင်းကို ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ ။ အရင်နဲ့မတူတာက ဘတ်ဂျက်ကို ပိုမိုပွင့်လင်းမြင်သာမှုရှိစွာနဲ့ ပြည်သူလူထုကို အစီရင်ခံတာ၊ သတင်းစာနဲ့ ဂျာနယ်တွေ၊ တီဗွီတွေမှာ ဖော်ပြတာတွေကို တိုးတက်လုပ်ဆောင်လျက်ရှိခြင်း ဖြစ်ပါတယ်။ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ရာတွင် ငါးနှစ်စီမံကိန်းအနေနဲ့ ဆောင်ရွက်နေပြီး လာမယ့် စက်တင်ဘာလဆိုရင် ငါးနှစ်ပြည့်မြောက်မှာ ဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်နဲ့ ညှိနှိုင်း၍ နောက်ထပ် သက်တမ်းတစ်နှစ်တိုး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

EITI လို့ခေါ်တဲ့ သဘာဝသယံဇာတတွေ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းကနေရရှိတဲ့ ရငွေတွေကို ပွင့်လင်းမြင်သာစွာနဲ့ ပြည်သူထံကို အစီရင်ခံနိုင်ဖို့ ဆောင်ရွက်လျက် ရှိပါတယ်။

**မေး။ ။ ငွေတိုက်ဦးစီးဌာနရဲ့လုပ်ငန်းစဉ်တွေနဲ့ တတိယ(၁)နှစ်တာအတွင်း ဖြတ်သန်းမှုကို သိပါရစေရှင့်။**

ဖြေ။ ။ ငွေတိုက်ဦးစီးဌာနရဲ့အဓိကတာဝန်က ပြည်သူ့ကြွေးမြီကိစ္စ ဖြစ်ပါတယ်။ ကြွေးမြီတွေထဲမှာ ပြည်တွင်းကြွေးမြီနဲ့ ပြည်ပကြွေးမြီတို့ရှိပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး ဖွံ့ဖြိုးမှုအကူအညီတွေဆိုင်ရာ မူဝါဒနဲ့အညီ အတိုးနှုန်းသက်သာတဲ့ ချေးငွေတွေရယူဖို့နဲ့ ထောက်ပံ့ငွေတွေရယူဖို့ဆောင်ရွက်ပါတယ်။

ပြည်တွင်းကြွေးမြီက နှစ်စဉ်လိုငွေပြနေတဲ့ ဘတ်ဂျက်အတွက် ဆောင်ရွက်ရပြီး ဒီကြွေးမြီတွေကို ခံနိုင်ရည်ရှိမှု အတိုင်းအတာအပေါ် မူတည်ပြီး ထိန်းသိမ်းဆောင်ရွက်ရပါတယ်။ ငွေတိုက်ဌာနအနေနဲ့ ငွေကြေးစီမံခန့်ခွဲမှုကို တာဝန်ယူဆောင်ရွက်ရပါတယ်။ ငွေကြေးစီမံခန့်ခွဲမှုတွေ တိုးတက်လာအောင်လုပ်ရပါတယ်။ သဘောက ဘတ်ဂျက်တွေမှာ ဌာနကရတာနဲ့ သုံးတာနဲ့ တကယ်ရတာနဲ့ တကယ်သုံးတာတွေ နီးစပ်အောင် အမြဲစောင့်ကြည့်ပြီး ငွေကြေးစီမံခန့်ခွဲမှုတွေ လုပ်ဆောင်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ငွေတိုက်ဦးစီးဌာနဟာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းတွေ အားလုံးကို စုစည်းပေါင်းချုပ်ပြုစုပြီး အစိုးရနဲ့ လွှတ်တော်ကို အစီရင်ခံရပါတယ်။

**မေး။ ။ အသေးစား ငွေရေးကြေးရေး အာမခံလုပ်ငန်းတွေ ဖွံ့ဖြိုးလာဖို့အတွက် ဆောင်ရွက်ချက်တွေကို ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ ။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအနေနဲ့ ဘဏ်မဟုတ်တဲ့ ငွေရေးကြေးရေးလုပ်ငန်းတွေကို ကြီးကြပ်ကွပ်ကဲရပါတယ်။ အာမခံလုပ်ငန်းတွေ ကြီးကြပ်ကွပ်ကဲပါတယ်။ အသေးစားငွေရေးကြေးရေးလုပ်ငန်း Microfinance တွေကို ကြီးကြပ်ကွပ်ကဲပါ တယ်။ ဒီအသေးစား ငွေရေးကြေးရေး လုပ်ငန်းတွေဟာ အခုဆိုရင် တစ်နိုင်ငံလုံးမှာ လုပ်ငန်းပေါင်း ၁၇၇ ခုနဲ့ ဆောင်ရွက်နေပါတယ်။

အာမခံလုပ်ငန်းတွေကို ဖြေလျှော့ပေးဖို့နဲ့ လွတ်လပ်ဖို့အတွက် ဆောင်ရွက်ပေးတဲ့ နေရာမှာ အဓိက ဒီနှစ်အတွင်းမှာ ထူးထူးခြားခြား တိုးတက်ပြောင်းလဲလာမှာက နိုင်ငံခြားအာမခံလုပ်ငန်းတွေကို ပြည်တွင်းမှာ လုပ်ကိုင်ခွင့်ပြုမယ့်ကိစ္စ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေဟာ မကြာခင်မှာ အကောင်အထည်ပေါ်လာတော့မှာ ဖြစ်ပါတယ်။ နိုင်ငံခြားအာမခံ ကုမ္ပဏီတွေကို အသက်အာမခံလုပ်ငန်းမှာ ရာနှုန်းပြည့်အထိ ခွင့်ပြုမှာဖြစ်ပါတယ်။ အသက်အာမခံ မဟုတ်တဲ့ အထွေထွေအာမခံလုပ်ငန်းမှာ ပြည်တွင်းကုမ္ပဏီတွေနဲ့ ဖက်စပ်လုပ်ကိုင် ခွင့်ပြုမှာ ဖြစ်ပါတယ်။

**မေး။ ။ ပင်စင်စား အငြိမ်းစားတွေအတွက် ဖြေလျှော့ဆောင်ရွက်ပေးခဲ့တာတွေကို သိလိုပါတယ်ရှင့်။**

ဖြေ။ ။ ဝန်ကြီးဌာနမှာ ပင်စင်ဦးစီးဌာနဆိုပြီး ရှိပါတယ်။ အားလုံးသိတဲ့အတိုင်း နိုင်ငံတော်မှ မကြာသေးခင်က ပင်စင်စားဝန်ထမ်းတွေအားလုံးအတွက် ပင်စင်လစာကို တိုးမြှင့်ပေးလိုက်တာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရက ပြည်သူတွေအပေါ် ထားရှိတဲ့ စေတနာအရ ငွေကြေးအကုန်အကျများပေမယ့် ပင်စင်စားဝန်ထမ်းတွေရဲ့ ဘဝသက်သာချောင်ချိရေးကို ရှေးရှုပြီး တိုးမြှင့်ပေးခဲ့ရာ အခုဆိုရင် အငြိမ်းစားဝန်ထမ်းတွေဟာ အရင်က ကွာခြားမှုရှိပေမယ့် အခုဆိုရင် အားလုံးတစ်ပြေးညီ လက်ရှိဝန်ထမ်းတွေ ပင်စင်ယူတဲ့အခါ ရရှိမယ့် နှုန်းထားအတိုင်း ရရှိအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။

**မေး။ ။ အခွန်ကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်ချက်တွေကို ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ ။ အခွန်အယူခံခုံအဖွဲ့ရုံး ဥပဒေသစ်ကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ အဲဒီဥပဒေသစ်နဲ့အညီ အခုအခါ အသွင်ကူးပြောင်းရေးကာလကို (၂)နှစ် သတ်မှတ်ဆောင်ရွက်နေပါတယ်။ မကြာခင်မှာပဲ အခွန်အယူခံခုံအဖွဲ့ ဥပဒေအသစ်နဲ့အညီ အခွန်အယူခံ ခုံဘုတ်အဖွဲ့ ဖွဲ့စည်းပြီး ဘုတ်အဖွဲ့ကို တင်သွင်းလာတဲ့ ကိစ္စရပ်တွေကို ဥပဒေနဲ့အညီ ကြားနာဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ ပြုပြင်ပြောင်းလဲမှုတွေ အများကြီးလုပ်နေပါတယ်။ အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေကို လွှတ်တော်မှာ တင်ပြထားပြီး ဖြစ်ပါတယ်။ မကြာမီလွှတ်တော်မှာ ဆွေးနွေးပြီး ပြဋ္ဌာန်းနိုင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဝင်ငွေခွန်ဥပဒေသစ်ကိုပြင်ဆင်ဖို့ ဆောင်ရွက်နေပါတယ်။ အောင်ဘာလေထီလုပ်ငန်းတွေမှာ ငွေကျပ် ၁၀၀၀ တန်အထိ တိုးမြှင့်ပြီး ထုတ်ဝေပေးနေတာ ရှိပါတယ်။ ခေတ်မီတဲ့ အခွန်လုပ်ငန်းတွေကို ဒီဂျစ်တယ်စနစ် ကူးပြောင်းဖို့အတွက် ITAS ဆိုတဲ့ Integrated Tax Administration System ကို ဆောင်ရွက်လျက်ရှိပါတယ်။

အကောက်ခွန်ဦးစီးဌာနအနေနဲ့ MACCS လို့ခေါ်တဲ့ Myanmar Automated Cargo Clearance System ဒါကိုမူလက ရုံးချုပ်ဆိပ်ကမ်းတွေမှာ ဆောင်ရွက်ရာကနေ အခုဆိုရင် မြဝတီနယ်စပ်တွေမှ တိုးချဲ့တပ်ဆင်ထားပြီး ဖြစ်ပါတယ်။ မကြာခင်မှာ ဆက်လက်ပြီး မူဆယ်နယ်စပ်ကို တိုးချဲ့တပ်ဆင်မှာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ခြင်းအားဖြင့် ပို့ကုန်သွင်းကုန် လုပ်ငန်းတွေအတွက် အများကြီး အချိန်ကုန်၊ စရိတ်ကုန်သက်သာပြီး ပြည်သူ့ဝန်ဆောင်မှုကို အားကောင်းစေပါတယ်။

**မေး။ ။ တရားမဝင် ကုန်သွယ်မှုပပျောက်ဖို့အတွက် ဌာနကနေဆောင်ရွက်နေတဲ့အကြောင်းကို သိပါရစေရှင့်။**

ဖြေ။ ။ တရားမဝင် ကုန်သွယ်မှုတွေကို တိုက်ဖျက်နိုင်ဖို့ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနဲ့ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတွေမှာ နေ့စဉ်နဲ့အမျှ တားဆီးဖမ်းဆီးမှုတွေ ဆောင်ရွက်နေပါတယ်။

ဒါ့အပြင် လှုပ်ရှားကင်းစခန်း အထူးအဖွဲ့တွေနဲ့ လိုက်လံပြီး သက်ဆိုင်ရာ ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့တွေနဲ့ ချိတ်ဆက်ဖမ်းဆီး

**အချပ်ပို(ဃ)သို့**




မြန်မာ့စီးပွားရေးဘဏ်၊ တာမွေဘဏ်ခွဲတွင် အငြိမ်းစားဝန်ထမ်းများကို Wave Money မိုဘိုင်းလ်စနစ် ပိုမိုသိရှိအသုံးပြုလာစေရန် လက်တွေ့ရှင်းလင်းပြသနေစဉ်။



ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် သောင်ကြီးကျေးရွာတွင် ဗဟိုစာရင်းအင်းအဖွဲ့ သဘာဝဘေးအန္တရာယ်စစ်တမ်း ကောက်ယူစဉ်။

**အချပ်ပို(ဂ)မှ**

ဆောင်ရွက်နေပါတယ်။ အရင်က မရှိသေးတဲ့ Bounded Warehouse တွေကို ရန်ကုန်နဲ့ မန္တလေးတို့မှာ တည်ဆောက်ထားပြီး ဆက်လက်ပြီးတော့လည်း တိုးချဲ့သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ငွေကြေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဝန်ကြီးဌာနရဲ့ဆောင်ရွက်ချက်တွေကို သိပါရစေရှင့်။**

ဖြေ။ ။ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးအနေနဲ့ အားလုံးသိကြတဲ့အတိုင်း ရန်ကုန်စတော့ပ်အိတ်ချိန်းကို တည်ထောင်ခဲ့ရာ အခုဆိုရင် (၃)နှစ်လောက်ရှိခဲ့ပါပြီ။ စာရင်းဝင်ကုမ္ပဏီ ၅ ခုနဲ့ စတော့ပ်ရှယ်ယာတွေကို အရောင်းအဝယ် လုပ်ပေးနေပါတယ်။

ဆက်လက်လုပ်ဆောင်မယ့် အစီအစဉ်တွေက စာရင်းဝင်ကုမ္ပဏီတွေ တိုးပွားလာဖို့အတွက် Corporate Governance လို့ခေါ်တဲ့ စာရင်းဝင်ကုမ္ပဏီတွေနဲ့ စီမံအုပ်ချုပ်တာတွေကို တိုးတက်အောင် ကုမ္ပဏီတွေမှာ တာဝန်ယူဆောင်ရွက်ရမယ့် ဒါရိုက်တာအဖွဲ့ဝင်တွေရဲ့ အရည်အသွေးတွေကို သတ်မှတ်ဆောင်ရွက်ဖို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန စတဲ့ သက်ဆိုင်ရာဌာနတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စာရင်းဝင်ကုမ္ပဏီတွေကို မကြာသေးခင်က ပြဋ္ဌာန်းပြီးခဲ့တဲ့ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေနဲ့အညီ နိုင်ငံခြားသားတွေပါဝင်ပြီး ရင်းနှီးမြှုပ်နှံလိုသူတွေကို ခွင့်ပြုပေးသွားဖို့ ရှိပါတယ်။

**မေး။ ။ နိုင်ငံပိုင်ဘဏ်တွေရဲ့အကြောင်းကိုလည်း သိပါရစေရှင့်။**

ဖြေ။ ။ နိုင်ငံပိုင်ဘဏ်အနေနဲ့ (၄)ခုရှိပြီး မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနဲ့ ကူးသန်းရောင်းဝယ်ရေးဘဏ်တို့ ဖြစ်ပါတယ်။ ဒီဘဏ်ကြီး (၄)ခုဟာ ခြုံပြီးပြောကြားရမယ်ဆိုရင် ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုတွေကို အရင်ကထက် ပိုမိုတိုးချဲ့ပြီး ပြည်သူကို ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ ဥပမာအားဖြင့် JICA Two Step Loan ကို ရယူပြီး လယ်ယာကဏ္ဍကို စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ဖို့အတွက် ထွန်စက်၊ ခြွေလှေ့စက်၊ အခြောက်ခံစက်၊ ဆီစက်နဲ့ ဆန်စက်စတဲ့ စက်ကိရိယာပစ္စည်းတွေ ဝယ်ယူဖို့အတွက် နှစ်ဆင့်ချေးငွေတွေကို အတိုးနှုန်းသက်သာစွာနဲ့ ချေးပေးခဲ့ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း စီမံကိန်းနှင့် အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ တွေ့ဆုံရှင်းလင်းပွဲတွင် အမှာစကား ပြောကြားစဉ်။

အလားတူ SMEs လုပ်ငန်းတွေအတွက် အတိုးသက်သာတဲ့ ချေးငွေတွေ ချေးပေးနေပါတယ်။ MFTB နဲ့ MICB တို့ဆိုရင် Trade Financing လို့ခေါ်တဲ့ ပြည်ပကုန်သွယ်မှုတွေ လုပ်ဆောင်တဲ့အခါ လိုအပ်တဲ့ ငွေကြေးအထောက်အပံ့တွေ ရရှိနိုင်အောင် ကုန်သွယ်မှုချေးငွေတွေ တိုးမြှင့်ချေးပေးနေပါတယ်။

ဘဏ်အားလုံးမှာ ငွေလွှဲလုပ်ငန်းတွေ တိုးတက်အောင် ယခင်က Manual စနစ်နဲ့ လုပ်ဆောင်ရာမှ ဒီဂျစ်တယ်ဘဏ်စနစ်တွေ၊ မိုဘိုင်းဘဏ်စနစ်တွေနဲ့ တိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေတွေဆိုရင် လယ်သမားတွေအတွက် ချေးပေးရာမှာ ယခင်ကထက် နှုန်းထားတွေ တိုးမြှင့်ပြီး စိုက်စရိတ်ချေးငွေတွေ ချေးပေးလျက်ရှိသလို အချိန်မီပြန်လည်ကောက်ခံရရှိအောင် ဆောင်ရွက်ရပါတယ်။

Housing Finance လို့ခေါ်တဲ့ အိမ်ရာလိုအပ်သူတွေကို အိမ်ရာချေးငွေတွေ ထုတ်ချေးနိုင်အောင် ပြည်ပနိုင်ငံတွေက အတိုးနှုန်းသက်သာတဲ့ ချေးငွေတွေရယူပြီး နှစ်ရှည် (၁၅)နှစ်၊ (၁၀) နှစ် စတဲ့ အိမ်ရာချေးငွေတွေကို တိုးချဲ့ထုတ်ချေးပေးနေပါတယ်။

**မေး။ ။ မြန်မာ့အာမခံလုပ်ငန်းနဲ့ အာမခံလုပ်ငန်းဆိုင်ရာတွေမှာ ဘယ်လိုပြုပြင်ပြောင်းလဲတိုးတက်မှုတွေ ရှိပါသလဲရှင့်။**

ဖြေ။ ။ မြန်မာ့အာမခံ လုပ်ငန်းအနေနဲ့ ပုဂ္ဂလိကအာမခံလုပ်ငန်း၊ နောင်တွင် ခွင့်ပြုပေးမယ့် နိုင်ငံခြားအာမခံကုမ္ပဏီတွေနဲ့ပါ အပြိုင်အဆိုင်လုပ်ရမှာ ဖြစ်ပါတယ်။ အခုကတည်းက အာမခံအမျိုးအစားအသစ်တွေဖြစ်တဲ့ တောင်သူလယ်သမား အသက်အာမခံ၊ ပညာရေး၊ ကျန်းမာရေးအာမခံ စတဲ့ အာမခံ အမျိုးအစားသစ်တွေကို တိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။ အသက်အာမခံအပိုင်းနဲ့ အထွေထွေအာမခံအပိုင်းအပေါ်မှာ Product အသစ်တွေ တိုးချဲ့ဆောင်ရွက်နေပြီး မကြာခင်မှာ နိုင်ငံခြားအသက်အာမခံကုမ္ပဏီတွေ ဝင်လာပါမယ်။

အထွေထွေအာမခံလုပ်ငန်းတွေကို Joint Venture အဖြစ် လုပ်ကိုင်ခွင့်ပြုမှာ ဖြစ်ပါတယ်။ ဒါကြောင့် အာမခံကဏ္ဍဟာ ၃ နှစ်တာကာလအတွင်း တိုးတက်ပြောင်းလဲမှုများစွာ ရှိခဲ့ပြီး မြန်မာနိုင်ငံမှာ အာမခံဈေးကွက် ထိုးဖောက်နိုင်မှုဟာ ရာခိုင်နှုန်းနည်းတဲ့ အနေအထားကနေ ရာခိုင်နှုန်းအတော်များများ ထိုးဖောက်လာနိုင်မယ်ဆိုတာ သေချာပါတယ်။

**မေး။ ။ တတိယ(၁)နှစ်တာအတွင်း ဆောင်ရွက်ခဲ့တာတွေနဲ့ ပတ်သက်ပြီး ခြုံငုံသုံးသပ် ဆွေးနွေးပေးပါဦးရှင့်။**

ဖြေ။ ။ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ဘဏ္ဍာရေးကဏ္ဍမှာ ပါဝင်တဲ့ ဌာနအားလုံးက မိမိတို့ကျရာနေရာ၊ တာဝန်ကနေ ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေ ပေးနိုင်အောင် ဆောင်ရွက်ပေးပြီး အဲဒီကနေ တိုင်းပြည်တစ်ခုလုံးရဲ့ စီးပွားရေး တိုးတက်ဖွံ့ဖြိုးလာအောင် နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒတွေ၊ ရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ်တွေနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်လို့ ပြည်သူကို တင်ပြအပ်ပါတယ်။

**ဦးဆက်အောင်**
**ဒုတိယဝန်ကြီး**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**မေး။ ။ ဝန်ကြီးဌာနရဲ့ စီမံကိန်းပိုင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက် အပိုင်းကို ရှင်းလင်းပြောကြားပေးပါဦးရှင့်။**

ဖြေ။ ။ လွန်ခဲ့တဲ့ တစ်နှစ်တာအတွင်းမှာ ဝန်ကြီးဌာနအနေနဲ့ အဓိက ဆောင်ရွက်တဲ့ အပိုင်းကြီး (၂)ပိုင်း ရှိပါတယ်။ အဲဒါက စီမံကိန်းပိုင်း(Planning)နဲ့ ဘဏ္ဍာရေးပိုင်း (Finance) ဆိုပြီး ဖြစ်ပါတယ်။ စီမံကိန်းပိုင်းက National Planning အပိုင်း ဖြစ်ပါတယ်။ စီမံဘဏ္ဍာရဲ့ National Planning နဲ့ ပတ်သက်တဲ့ ဆောင်ရွက်နိုင်တဲ့အချက်ကို အဓိကပြောပါမယ်။

အဓိက ပထမဦးဆုံး ဆောင်ရွက်နိုင်တဲ့ကိစ္စက ဗျူဟာမြောက်လုပ်ငန်းစဉ်တွေကို အသေးစိတ်သေသေချာချာ ရေးဆွဲခဲ့ပါတယ်။ အရင်တုန်းက Policy Direction ပုံစံမျိုးကို စနစ်တကျ ရေးဆွဲနိုင်ခဲ့ပေမယ့် Policy Direction တွေကို တကယ်အကောင်အထည်ဖော်နိုင်မယ့် Policy Matrix တွေကို ရေးဆွဲနိုင်ခဲ့ခြင်း မရှိပါဘူး။ အခုအချိန်မှာ အဓိက အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့တဲ့ကိစ္စက နိုင်ငံတော်ရဲ့ Policy Direction တွင်သာမက ဒီ Policy Direction ကို သွားမယ်ဆိုရင် ဘယ်လိုပုံစံနဲ့ သွားကြမလဲ၊ ဘယ်လိုဗျူဟာတွေကို ချမှတ်ပြီးသွားမလဲ၊ ဘယ်လိုလုပ်ငန်းစဉ်တွေ ချမှတ်ပြီးသွားမယ်ဆိုတဲ့ Policy Implementation Matrix ကို အတိအကျ ရေးဆွဲနိုင်ခဲ့ပါတယ်။ အရင်အခြေအနေတွေ၊ အရင်ခေတ်တွေတုန်းက မဆောင်ရွက်နိုင်ခဲ့တဲ့ကိစ္စကို အသေးစိတ် ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒါ့အပြင် Policy Matrix အရ အကောင်အထည်ဖော် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကို ဒီအတိုင်း ဖော်ထုတ်တာမဟုတ်ဘဲနဲ့ ဗျူဟာတွေ အကောင်အထည်ဖော်နိုင်မယ့် Project Bank ဆိုတဲ့ စီမံကိန်းဘဏ်ကိုလည်း ဖော်ဆောင်နိုင်ခဲ့ပါတယ်။

**မေး။ ။ စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်က ဘယ်လောက်အထိ အဓိကကျတယ်ဆိုတာကို ရှင်းပြပေးပါဦးရှင့်။**

ဖြေ။ ။ ဒီစီမံကိန်းဘဏ်ဆိုင်ရာ ညွှန်ကြားချက်က ဘယ်လောက်ထိကို အဓိကကျသလဲဆိုရင် Sectorial Plan တွေကနေ Strategic Plan အဆင့်ကို ပြောင်းလဲနိုင်ရုံသာမက အရင်တုန်းကလို ရင်းနှီးမြှုပ်နှံမှုပိုင်းဆိုင်ရာမှာ ရင်းနှီးမြှုပ်နှံသူတွေကို Reactively ထိုင်ပြီး အဆိုပြုလွှာတွေ တင်ကြပါဆိုပြီး စောင့်ဆိုင်းဖို့မဟုတ်ဘဲနဲ့ ဝန်ကြီးဌာနတွေကိုယ်တိုင်ကိုက နိုင်ငံတော်အတွက် အကောင်အထည်ဖော်သင့်တဲ့ ဗျူဟာမြောက်စီမံကိန်းတွေကို ဖော်ထုတ်ပြီး အကောင်အထည်ဖော်မယ့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူတွေကို Proactively ဝန်ကြီးဌာနတွေကိုယ်တိုင်ကိုက တင်ဒါစနစ်နဲ့ ခေါ်ယူရွေးချယ်ပြီး စီမံကိန်းတွေ အကောင်အထည်ဖော်မယ့် နည်းလမ်းတွေ ပါဝင်ပါတယ်။



မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်ဘဏ်ခွဲတွင် မိုးရာသီချေးငွေ ထုတ်ချေးနေစဉ်။

အခုအချိန်မှာ နိုင်ငံတော်ရဲ့ဗျူဟာမြောက်တဲ့ စီမံကိန်းတွေကို Project Bank မှာ ထည့်နိုင်ဖို့အတွက် စီမံကိန်းတွေကို ဝန်ကြီးဌာနတွေက ဖော်ထုတ်ပြီး ဖြစ်ပါတယ်။ ဒီစီမံကိန်းတွေကို Electronic Database တစ်ခုဖြစ်တဲ့ Project Bank/ Data Bank မှာ ထည့်သွင်းပါတယ်။ ထည့်သွင်းပြီး များမကြာမီမှာ ဒီစီမံကိန်းတွေ အကောင်အထည်ဖော်ဖို့အတွက် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူတွေကို Proactively ခေါ်ဆောင်မှာ ဖြစ်ပါတယ်။ ခေါ်ဆောင်တဲ့နေရာမှာလည်း ပိုပြီးပွင့်လင်းမြင်သာတဲ့၊ ယှဉ်ပြိုင်မှုရှိတဲ့ တင်ဒါခေါ်ယူမှုတွေနဲ့ ယှဉ်ပြိုင်ရွေးချယ်ပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူတွေနဲ့ လက်တွဲပြီး ဆောင်ရွက်ပေးဖို့ အစီအစဉ်တွေကို ချမှတ်ပြီးဖြစ်ပါတယ်။

# ငြိမ်းချမ်းခြင်း၊ သာယာလှပခြင်းနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုသို့ ဦးတည်နေသည့် ချင်းပြည်နယ်ဆီသို့

**သတင်းဆောင်းပါး - နန္ဒာဝင်း၊ ဓာတ်ပုံ - အေးသန်း**



၂၀-၁-၂၀၁၉ ရက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွှယ်တို့ သီကီရ်ရေလှောင်တမံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

ချင်းပြည်နယ်ကို စကားစုနှစ်စုဖြင့် ကိုယ်စားပြုဖော်ပြရမည်ဆိုလျှင် ငြိမ်းချမ်းခြင်းနှင့် သာယာလှပခြင်းဟု ဆိုရမည်ဖြစ်ကြောင်း ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွှယ်က တင်စားပြောဆိုခဲ့သည်။

ထို့ပြင် ဝန်ကြီးချုပ်က "ချင်းပြည်နယ်မှာ ပဋိပက္ခ ကြီးကြီးမားမားဆိုတာမရှိပါဘူး။ ငြိမ်းငြိမ်းချမ်းချမ်းရှိပြီး တောတောင်သဘာဝရှုခင်းတွေနဲ့ သာယာလှပပါတယ်။ ထင်ရှားတဲ့ အလှအပတွေနဲ့ ခေါ်နူးစုမ် အာဆီယံအမွေအနှစ်တောင်၊ ဘုံတလာ ရေတံခွန်နဲ့ ရိဒ်ရေကန်တွေကို ဥပမာပြချင်ပါတယ်။ ရာသီဥတုကလည်း အမြဲအေးမြနေပြီး တောင်ယာစိုက်ခင်းတွေနဲ့ မျက်စိပသာဒရှိလှပါတယ်" ဟု ချင်းပြည်နယ်၏ သာယာလှပမှုကို ပြောသည်။

ချင်းပြည်နယ်သည် မြန်မာနိုင်ငံအနောက်မြောက်ဘက်အစွန်ဆုံးတွင်တည်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့နှင့် ထိစပ်လျက်ရှိသလို အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် နယ်နိမိတ် ထိစပ်လျက်ရှိသည်။ ထို့ကြောင့် ပထဝီအနေအထားအရ ချင်းပြည်နယ်သည် နယ်စပ်ကုန်သွယ်ရေးအတွက် အချက်အချာကျပြီး အလားအလာကောင်းများရှိသည့် ပြည်နယ်တစ်ခုလည်း ဖြစ်သည်။

ထို့ကြောင့် ပြည်နယ်အစိုးရအဖွဲ့သည့် အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ တိုးမြှင့်ဖန်တီးပေးခြင်းဖြင့် ၂၀၁၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဒေသဝမ်းစာဖူလုံပြီး ဆင်းရဲနွမ်းပါးမှုကို သိသာစွာလျှော့ချနိုင်ရေးကို ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

**မူဝါဒ**

ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေး၊ အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးဆိုသည့် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

**ရည်မှန်းချက်**

ထို့အတူ ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်းမြင့်လယ်ယာများ တိုးတက်ဖော်ထုတ်ရန်နှင့် အော်ဂဲလ်နစ်စိုက်ပျိုးရေး အပါအဝင် ဝင်ငွေရရှိ သီးနှံများ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ရန်၊ ဒေသနှင့် ကိုက်ညီသော မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရန်၊ ပြည်နယ်အတွင်းနှင့်အပြင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်နိုင်ရေးဆောင်ရွက်ရန်၊ အိမ်တွင်း တစ်ပိုင်တစ်နိုင်နှင့် အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ဆောင်ရွက်ရန်၊ လျှပ်စစ်ဓာတ်အား ပိုမိုရရှိရေးဆောင်ရွက်ရန်၊ သဘာဝအခြေခံ

*အချပ်ပို (စ) သို့*

**❐ ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေး၊ အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးဆိုသည့် မူဝါဒများချမှတ် ဆောင်ရွက်လျက်ရှိ**



ချင်းပြည်နယ် ဝန်ကြီးချုပ် ဆလိုင်းလျန်လွှယ်



၂၁-၁-၂၀၁၉ ရက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဟားခါးကောလိပ်၌ ကျောင်းသား ကျောင်းသူများ၏ လက်တွေ့သင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ ဓာတ်ပုံ-သက်အောင်

*အချပ်ပို (င) မှ*

ပိုမိုရရှိရေးဆောင်ရွက်ရန်၊ မြို့ပြဖွံ့ဖြိုးစည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုမြှင့်တင် ဆောင်ရွက်ရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်ရန်၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်၊ ပြည်သူများ အလုပ်လက်မဲ့ လျော့နည်းပြီး ဆင်းရဲမှုလျော့ကျလာရန်အတွက် အလုပ်အကိုင် အခွင့်အလမ်း တိုးမြှင့်ဖန်တီးပေးရန်၊ ပြည်တွင်းနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်၊ ချင်းပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သုတေသနလုပ်ငန်းများကို အားပေးမြှင့်တင် ဆောင်ရွက်ရန်၊ နယ်စပ်ကုန်သွယ်မှု ပိုမိုတိုးတက်နိုင်ရေး ဆောင်ရွက်ရန် ဆိုသည့် ရည်မှန်းချက်များလည်း ချမှတ်ထားကြောင်း သိရသည်။

**မဏ္ဍိုင်(၃)ရပ် အကောင်အထည်ဖော်မှုများ**

ချင်းပြည်နယ်တွင် ဥပဒေပြုရေးမဏ္ဍိုင်နှင့် ပတ်သက်၍ ဒေသန္တရစီမံကိန်းဥပဒေ(၃/ ၂၀၁၈)၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(၂/ ၂၀၁၈)၊ စည်ပင်သာယာရေးဥပဒေ (၄/ ၂၀၁၈)၊ အသေးစားချေးငွေလုပ်ငန်းဥပဒေ (၅/ ၂၀၁၈) နှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ(၁/ ၂၀၁၉) တို့ကို အတည်ပြုပြဋ္ဌာန်း ဆောင်ရွက်ခဲ့သလို အုပ်ချုပ်ရေးမဏ္ဍိုင်အနေဖြင့် ပြည်နယ်အတွင်း ပြည်နယ်/ခရိုင်/မြို့နယ်/မြို့ ရပ်ကွက်/ ကျေးရွာအထိ အဆင့်ဆင့် တာဝန်ယူဆောင်ရွက်လျက်ရှိကာ တရားစီရင်ရေးနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

**ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ**

ချင်းပြည်နယ်၏ အခြေခံအဆောက်အဦ အားနည်းချက်များကို ပြင်ဆင်ရန် ပြည်နယ်အစိုးရအဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက်ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အနေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ဆအက် - သီးကျိုရ် - မွန်လွှ - ကြော့သဲ - လျှန်နှာ- ရိခေါဒါရ်လမ်းကို ကျောက်လမ်းအရှည်(၂၀/၆)မိုင်၊ ကွန်ကရစ်တံတားနှစ်စင်း၊ ရေထုတ်ပြွန် ၄၀၊ တံတားချဉ်းကပ်ငါးခု၊ လမ်းကျောက်စီမြေကာနံရံနှစ်နေရာ၊ လမ်းချဉ်းကပ်လမ်း ကျောက်စီမြေကာနံရံ၊ မြေထိန်းနံရံသုံးခု၊ ကျောက်စီရေမြောင်း တစ်ခု ၊ အကျိုးပြုကျေးရွာ ရှစ်ရွာတို့ကို စုစုပေါင်း ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၀၇၇ ဒသမ ၉၅၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

၂၀၁၆ - ၂၀၁၇ မှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း၊ မွမ်းမံနှင့် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ရေပေးရေးလုပ်ငန်းဖြစ်သည့် စိမ့်စမ်းရေ ၇၆ ခု၊ ရေကန် ၁၃ ခုနှင့် အခြား ၇၆ ခုတို့ကို ကုန်ကျငွေကျပ်သန်း ၂၇၂၄ ဒသမ ၁၁၁၂ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့သည်။

မီးလင်းရေးလုပ်ငန်းအနေဖြင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် NEP(ICB-III) ဖြင့် ဆောင်ရွက်မည့် ဆိုလာကျေးရွာပေါင်း ၃၁၇ ရွာနှင့် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မီးလင်းရေးလုပ်ငန်း ၁၀ ခုတို့အား ဆောင်ရွက်နိုင်ခဲ့ပြီး ကျေးလက်အိမ်ရာ ပေါင်း ၃၂၄ ခုကို ကုန်ကျငွေကျပ်သန်း ၁၁၃၄ သန်းဖြင့် တည်ဆောက်နိုင်ခဲ့သည်။

၂၀၁၆ - ၂၀၁၇ မှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ရုံးခြောက်ခု၊ ဝန်ထမ်းအိမ်ရာတစ်လုံး၊ ကုန်ထုတ်လမ်း၊ ကုန်ထုတ်လမ်းပေါ်ရှိ ရေပြွန်သုံးခုတို့ကို စုစုပေါင်းကုန်ကျငွေကျပ်သန်း ၁၂၂၂ ဒသမ ၀၇၅၅ ဖြင့် ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျေးရွာ ၂၂၀ ရွာ၊ ယူနစ် ၁၃၅ ခု အတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ်သန်း ၄၀၅၀ ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျေးရွာ ၁၃၆ ရွာတွင် စုစုပေါင်းထောက်ပံ့ငွေကျပ်သန်း ၉၁၈ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**ပြည်နယ်စည်ပင်သာယာရေးအဖွဲ့**

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလျာထား ရန်ပုံငွေကျပ်သန်း ၆၉၄၇ ဒသမ ၄၀၀ ဖြင့် ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ မြေသားလမ်း သစ်ဖောက်၊ မြေသားလမ်းတာချဲ့၊ ကွန်ကရစ်လမ်း၊ ဆိုင်ကယ်လမ်း၊ ရေပြွန်၊ အခြား ၉၅ ခု၊ တံတား၊ အဆောက်အအုံ၊ ရေပေးရေး (မြို့ပြ) တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

ချင်းပြည်နယ်အတွင်း ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟားခါးမြို့ရှိ သားဖွားသင်တန်းကျောင်းကို ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၉၇၃ ဒသမ ၂ သန်းဖြင့် တည်ဆောက်မည်ဖြစ်ရာ ၂၀၁၉ ခုနှစ် မတ် ၁၁ ရက်တွင် ပန္နက်တင်အခမ်းအနား ကျင်းပပြီး တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။

**ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အထိ တီးတိန်၊ တွန်းဇံ၊ ဖလမ်း၊ ဟားခါး၊ ထန်တလန်၊ မင်းတပ်၊ ကန်ပက်လက်နှင့် မတူပီမြို့တို့တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

**ပြည်နယ်လမ်းဦးစီးဌာန**

ပြည်နယ်လမ်းဦးစီးဌာနအနေဖြင့်ပြည်ထောင်စုလမ်းရှစ်လမ်းနှင့် ပြည်နယ် ၂၅ လမ်း တို့အား တာဝန်ယူထိန်းသိမ်းရပြီး ကွန်ကရစ်လမ်းခင်း၊ ကျောက်လမ်း/အမာခံလမ်း၊ မြေထိန်းနံရံ/ မြေကာနံရံ၊ ရေထုတ်ပြွန် ၄၂၅၄ စင်းနှင့် မြက်စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်း**

ချင်းပြည်နယ်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ၂၀၁၇ - ၂၀၁၈ ခုနှစ်၌ စပါးစိုက် ဧက ၇၉၁၄၀၊ ပြောင်းစိုက်ဧရိယာ ၄၂၆၈၉ ဧက စိုက်ပျိုးဆောင်ရွက်လျက်ရှိပြီး ဝမ်းစာ ဖူလုံမှုရာခိုင်နှုန်း ၄၈ ဒသမ ၆၁ ရာခိုင်နှုန်း ရှိခဲ့သည်။

*အချပ်ပို (ဆ) သို့*

> **ချင်းပြည်နယ်သည် သာယာလှပသော်လည်း လမ်းပန်းဆက်သွယ်ရေး အားနည်းချက်ကြောင့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ အရောက်အပေါက်နည်းခဲ့သဖြင့် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် ဖလမ်းလေယာဉ်ကွင်းသစ် (ဆူရံဘုန်) ကို ၂၀၁၅ ခုနှစ်မှစတင် ဆောင်ရွက်ခဲ့ရာ မြေတိုင်းတာခြင်း၊ မြေတူးဖြတ်ခြင်း၊ မြေဖို့ကြိတ်ခြင်းလုပ်ငန်းများ၊ လေယာဉ်ပြေးလမ်း ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ၂၀၂၀ ခုနှစ်တွင် လေယာဉ်ကွင်း ဖွင့်လှစ်နိုင်မည်ဖြစ်”**



၁၅-၁၂-၂၀၁၈ ရက်က မင်းတပ်မြို့၌ အသစ်တည်ဆောက်ပြီးစီးသွားသော မြို့မဈေးသစ် အဆောက်အအုံဖွင့်ပွဲကို ကျင်းပရာ ချင်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဝီကောနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

အချပ်ပို (၈) မှ

ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသော ဝင်ငွေရ နှစ်ရှည်သီးပင်များဖြစ်သော ဝဥ၊ စပျစ်၊ ထောပတ်၊ ပိုးစာ၊ လိမ္မော်နှင့် ကော်ဖီကဲ့သို့သော သီးပင်များ တိုးချဲ့စိုက်ပျိုးဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများကို ဖိတ်ခေါ်၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်ကာ ထွက်ရှိလာသော သီးနှံများကို ဈေးကွက်ရှာဖွေပေးခြင်း တို့ကို ဆောင်ရွက်သွားမည်ဟု သိရသည်။

**စိုက်ပျိုးရေရရှိရေးလုပ်ငန်း**

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ရေသွယ်ယူရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

“ဖလမ်းမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်းကို ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၁၉၂၆ ဒသမ ၈၃ သန်းဖြင့် ဆောင်ရွက်ခဲ့ရာမှာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၀၁၈ - ၂၀၁၉ ခုနှစ်တွင် ကျောင်းသား ၄၀ ကို ဒီပလိုမာဘွဲ့ပေးအပ်နိုင်ခဲ့ပါတယ်။ စိုက်ပျိုးရေးသိပ္ပံကျောင်းကို ဖွင့်လှစ်နိုင်တဲ့အတွက် ချင်းတိုင်းရင်းသားတွေအနေနဲ့ စိုက်ပျိုးရေးပညာကို စာတွေ့/လက်တွေ့ သင်ကြားပို့ချပေးနိုင်မှာ ဖြစ်တဲ့အတွက် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်” ဟု ပြည်နယ်ဝန်ကြီးချုပ်က သုံးသပ်ပြောကြားသည်။

**တံတားဦးစီးဌာန**

အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် လစ်ဗားတံတား၊ သီသားတံတား(၁)၊ ဆရော်တံတားနှင့် မွာလ်ဇမ်(ကွဲ)ချောင်းကူးတံတားတို့ကို တည်ဆောက်နိုင်ခဲ့သလို ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် သီသားတံတား(၂)၊ ချီချောင်း တံတား၊ ရေဇွာ - လိုင်လင်းပီလမ်းတွင် သံကူကွန်ကရစ်တံတားတစ်စင်း၊ ဟားခါး - မတူပီ လမ်းတွင် သံကူကွန်ကရစ်တံတားတစ်စင်းနှင့် မတူပီ - ပလက်ဝလမ်းတွင် သံကူကွန်ကရစ် တံတားလေးစင်းတို့ကို တည်ဆောက်ပြီးစီးခဲ့သည်။

ချင်းပြည်နယ်သည် သာယာလှပသော်လည်း လမ်းပန်းဆက်သွယ်ရေး အားနည်းချက်ကြောင့် ပြည်တွင်း၊ပြည်ပ ခရီးသွားဧည့်သည်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ အရောက်အပေါက်နည်းခဲ့သဖြင့် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် ဖလမ်းလေယာဉ်ကွင်းသစ်(ဆူရ်ဘုန်)ကို ၂၀၁၅ ခုနှစ်မှစတင် ဆောင်ရွက်ခဲ့ရာ မြေတိုင်းတာခြင်း၊ မြေတူးဖြတ်ခြင်း၊ မြေဖို့ကြိတ်ခြင်းလုပ်ငန်းများ၊ လေယာဉ်ပြေးလမ်း ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ၂၀၂၀ ခုနှစ်တွင် လေယာဉ်ကွင်း ဖွင့်လှစ်နိုင်မည်ဖြစ်သည်။

“ချင်းပြည်နယ်ရဲ့အထူးခြားဆုံး၊ အရေးပါဆုံး စီမံကိန်းကို ပြရမယ်ဆိုရင် ဆူရ်ဘုန် လေဆိပ်တည်ဆောက်ရေး စီမံကိန်းလို့ ပြောရပါလိမ့်မယ်။ ဖလမ်းနဲ့ ၁၀ ဒသမ ၅ မိုင် အကွာမှာရှိတဲ့ တောင်ထိပ်ပေါ်မှာ တည်ဆောက်နေတာ ဖြစ်ပါတယ်။ ဟားခါးမြို့နဲ့ ၄၇ မိုင် အကွာမှာ တည်ရှိပါတယ်။ ဒီလေဆိပ်ကြီးပြီးစီးသွားရင် ချင်းပြည်နယ်ရဲ့ အဓိကလေကြောင်းဝင်ပေါက် ဖြစ်လာပြီး ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်တွေ အချိန်တိုအတွင်း လာရောက်လည်ပတ်နိုင်မယ့်အပြင် ဒေသထွက်ကုန်တွေနဲ့ တိုင်းရင်းသားတွေအနေနဲ့ မြန်မာနိုင်ငံအနှံ့အပြားကို လွယ်ကူလျင်မြန်စွာ သွားလာနိုင်မှာဖြစ်ပါတယ်” ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

အစိုးရ၏ (၃) နှစ်တာကာလအတွင်း ချင်းပြည်နယ်၌ ဝန်ထမ်းအိမ်ရာများကို တိုးတက်ဆောက်လုပ်နိုင်ခဲ့ရာ စုစုပေါင်းတိုက် ၁၉ လုံး၊ အခန်းပေါင်း ၁၃၈ ခန်း တည်ဆောက်နိုင်ခဲ့သည်။




၂၄- ၁၁ - ၂၀၁၈ ရက်က ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ် ထန်တလန်မြို့ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆွေးနွေးစဉ်။

**ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး**

ချင်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးအနေဖြင့် (၃) နှစ်တာကာလအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်နယ်/ပြည်ထောင်စု) ရန်ပုံငွေဖြင့် မြေလမ်း၊ ကျောက်လမ်း၊ ကတ္တရာလမ်း၊ ကတ္တရာပြုပြင်၊ ကွန်ကရစ်လမ်း၊ လမ်းတာချဲ့ လမ်းပြုပြင်/ထိန်း၊ ဂျစ်ကားလမ်း၊ ဆိုင်ကယ်လမ်း၊ ကွန်ကရစ်တံတား၊ ကွန်ကရစ်တံတားပြုပြင်၊ လူကူးကြိုးတံတား၊ လူကူးကြိုးတံတားပြုပြင်၊ ကားကူးကြိုးတံတား၊ ကားကူးကြိုးတံတားပြုပြင်၊ လူကူးသစ်သားတံတား၊ ကားကူးသစ်သားတံတား၊ ကွန်ကရစ်ရေပွွန်၊ ကွန်ကရစ်ရေမြောင်းနှင့် မြေထိန်းနံရံ တည်ဆောက်ခြင်း စသည့် ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ကျန်းမာရေးကဏ္ဍအနေဖြင့် ဆေးရုံတည်ဆောက်ခြင်း၊ ဆေးရုံပြုပြင်ခြင်း၊ ဆေးပေးခန်း၊ ကျန်းမာရေးဌာနများ တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသလို ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်း၊ ရေနှင့်လျှပ်စစ်မီးရရှိရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပညာရေးလုပ်ငန်း**

အခြေခံပညာ အထက်တန်းကျောင်းတစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းကိုးကျောင်း၊ မူလတန်းကျောင်း ၁၂ ကျောင်း၊ ဝန်ထမ်းအိမ်ရာခုနစ်လုံး၊ မူကြိုကျောင်းတစ်ကျောင်း၊ ဘော်ဒါဆောင်တစ်ခုတို့ကို ဆောက်လုပ်ပေးနိုင်ခဲ့သလို အုတ်တံတိုင်းကာရံခြင်း၊ မြေထိန်းနံရံ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ပြည်နယ်ပညာရေးမှူးရုံး**

၂၀၁၈ - ၂၀၁၉ ခုနှစ် (အောက်တိုဘာလမှ စက်တင်ဘာလအထိ) ကန်ပက်လက်၊ တီးတိန်၊ တွန်းဇံ၊ ထန်တလန်၊ ပလက်ဝ၊ ဖလမ်း၊ မင်းတပ်၊ မတူပီနှင့် ဟားခါးမြို့နယ်တို့ရှိ ကျောင်းများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်အခြေခံပညာဦးစီးဌာနမှ လုပ်ငန်း/ဦးစီးဌာန/ အဖွဲ့အစည်းမှ ငွေကျပ်သန်း ၁၄၀၇၀ ဒသမ ၇၀၃ အကုန်အကျခံကာ စီမံကိန်း/လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

**မွေးမြူရေးလုပ်ငန်း**

အစိုးရ၏ တတိယ (၁)နှစ်တာ ကာလအတွင်း မွေးမြူရေးနှင့် ကုသရေးရုံးတစ်ခုနှင့် ဘက်စုံမွေးမြူရေးခြံတစ်ခုတို့ကို တည်ဆောက် အကောင်အထည်ဖော်နိုင်ခဲ့သည်။

**စွမ်းအင်လုပ်ငန်း**

ချင်းပြည်နယ်တွင် လျှပ်စစ်မီးရရှိရေးအတွက် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိရာ ရေအားလျှပ်စစ်စက်ရုံပစ္စည်း ဝယ်ယူတပ်ဆင်ခြင်း၊ မီးကြိုးတပ်ဆင်ခြင်း၊ မီးစက်ရုံတည်ဆောက်ခြင်း၊ ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင် ထုတ်လုပ်ခြင်းတို့ကို ဒေသဖွံ့ဖြိုးရေးအတွက် အကောင်ထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

ချင်းပြည်နယ် သမဝါယမဦးစီးဌာနအနေဖြင့် အစိုးရသစ်ကာလအတွင်း မြို့နယ် ငါးမြို့နယ်ရှိ သမဝါယမအသင်းသား ၁၀ ဦးသို့ ကိုရီးယားနိုင်ငံထုတ် ဒေဒေါင်းလယ်ယာသုံး စက်ကိရိယာများဖြစ်သည့် လယ်ထွန်စက် DS3510 တစ်စီးနှင့် လက်တွန်းထွန်စက် DT100N ကိုးစီးကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့သည်။

စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေးနှင့် လယ်ယာမြေများ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ချင်းပြည်နယ်အနေဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အ ထိ မြို့နယ်လေးခုမှ သမဝါယမအသင်း ၁၄ ခုရှိ အသင်းသား ၅၁၁ ဦး၏ လယ်ယာမြေ ၉၃၂ ဧကအတွက် ပံ့ပိုးချေးငွေကျပ်သန်း ၂၇၉ ဒသမ ၆၀၀ ထုတ်ချေးကာ လယ်ယာမြေများ ပြုပြင်ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ချင်းပြည်နယ်ရှိ မြို့နယ်များအနက် စံနမူနာပြမြို့နယ်အဖြစ် ဟားခါးမြို့နယ်ကို ရွေးချယ်၍လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဟားခါးမြို့နယ်တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် စံနမူနာပြသမဝါယမအသင်းအဖြစ် ချွန်ကျုံး စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၊ စိန်ပန်းပြာရောင်းဝယ်ရေး သမဝါယမအသင်းနှင့် ဟားခါးမြို့နယ် သမဝါယမအသင်းစုတို့သို့ စုစုပေါင်းချေးငွေကျပ်သန်း ၈၀ ကို ထုတ်ချေးပေးခဲ့ပြီး အဆိုပါအသင်းများ၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် ပြည်နယ်အဆင့် ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့် ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့တို့မှ

*အချပ်ပို(၉)သို့*



ဟားခါးကောလိပ်ကို တွေ့ရစဉ်။



ချင်းပြည်နယ် ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ဟားခါးပြည်သူ့ဆေးရုံကြီး။

*အချပ်ပို(ဆ)မှ*

အဆိုပါ အသင်းများသို့ လစဉ်ကွင်းဆင်း ဆောင်ရွက်လျက်ရှိသည်။

**သဘာဝအန္တရာယ်အတွက် ဆောင်ရွက်ပေးခဲ့မှုများ**

ပြည်နယ်အတွင်း ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်အထိ သဘာဝဘေး စုစုပေါင်း ၂၇ ကြိမ်ဖြစ်ပွားခဲ့ပြီး ငွေကျပ်သန်း ၁၂ ဒသမ ၈၄၄၉၆ သန်း ထောက်ပံ့ပေးအပ်ခဲ့သလို ပလက်ဝမြို့တိုက်ပွဲရှောင်ပြည်သူများအတွက် ငွေကျပ်သန်း ၅၆ ဒသမ ၃၆၂၀၀၀ ထောက်ပံ့နိုင်ခဲ့သည်။

ထို့ပြင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုအတွက် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ထားကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ပတ်သက်၍ ရန်ပုံငွေတင်ပြတောင်းခံမှုအပေါ်တွင် ရန်ပုံငွေများ အမြန်ခွဲဝေချထားပေးခြင်းကြောင့် သဘာဝဘေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများအတွက် များစွာအကျိုးသက်ရောက်မှုရှိခဲ့ကြောင်း သိရသည်။

**လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများ**

မိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် Unicef ,WFP, UNDP , IOM , OCHA , GRET ,WV, MSL , LWF , IRC , SCI , MRCS, MCWA ,MWAF , Save The Children, 3MDG Fund , KMSS , GREEN , HRC, CARD , CAD , AYO , COLDA , ACRD , CMA နှင့် CSO Network စသည့် အဖွဲ့အစည်းများနှင့် ကျန်းမာရေးလုပ်ငန်းများ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်ရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ချေးငွေထုတ်ပေးခြင်းဆိုင်ရာလုပ်ငန်း၊ မွေးကင်းစနှင့်ကလေးကျန်းမာရေး စီမံချက်လုပ်ငန်း၊ စားနပ်ရိက္ခာဖူလုံမှုအစီအစဉ် ဆန်းစစ်လေ့လာခြင်းလုပ်ငန်းတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့အတူ သဘာဝဘေးအန္တရာယ် ကျရောက်ခံစားခဲ့သော အိမ်ထောင်စုများကို မိသားစုသုံးပစ္စည်းများနှင့် အိမ်ပြုပြင်ဆောက်လုပ်ရေးစရိတ်များ ထောက်ပံ့ပေးခြင်း၊ မျိုးဆက်ပွားကျန်းမာရေး၊ ကာလတို/ကာလရှည် သားဆက်ခြားနည်းလမ်းများ၊ အမျိုးသမီးများဖြစ်လေ့ရှိသော မီးယပ်ရောဂါ၊ သားအိမ်ခေါင်း ကင်ဆာရောဂါအကြောင်း ဆွေးနွေးခြင်း၊ ကုသခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်နယ်/ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာအထိ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ ရွှေ့ပြောင်းအလုပ်သမားထောက်ပံ့ ကူညီရေးဗဟိုဌာနရုံး ဖွင့်လှစ်ခြင်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော အကြံဉာဏ်များပေးခြင်း၊ နည်းပညာများပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် Recovery Credit အစီအစဉ် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ကလေး - ဖလမ်း - ဟားခါးလမ်း ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းစဉ်၌ အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၏ အကြံဉာဏ်များ၊ ပံ့ပိုးမှုများကို ရယူကာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

"ချင်းပြည်နယ်ရဲ့ လမ်းပန်းဆက်သွယ်ရေးဟာ အခုဆိုရင်များစွာ တိုးတက်လာနေပြီ ဖြစ်ပါတယ်။ ဟားခါး၊ ဖလမ်း၊ ထန်တလန်၊ မတူပီနဲ့ ကန်ပက်လက်မြို့တွေကို ပိုမိုကောင်းမွန်တဲ့ကတ္တရာလမ်းတွေနဲ့ ချိတ်ဆက်ထားပြီး ဖြစ်ပါတယ်။ ဆက်သွယ်ရေးမှာဆိုရင် လူဦးရေစုစုပေါင်းရဲ့၄၉ ဒသမ ၇၃၂ ရာခိုင်နှုန်းက မိုဘိုင်းလ်ဖုန်း အသုံးပြုနေကြပါပြီ"ဟု ဖွံ့ဖြိုးတိုးတက်လာသည့် ချင်းပြည်နယ်၏ အခြေအနေကို ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

ဆက်သွယ်ရေးမိုဘိုင်းလ်ဖုန်းနှင့် အင်တာနက်စနစ်တွင် သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်လာခြင်းကြောင့် ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအတွက် အသိပညာများကို လေ့လာရှာဖွေနိုင်ခြင်း၊ ကမ္ဘာတစ်ဝန်းဖြစ်ပျက်နေသော နိုင်ငံရေး၊ လူမှုရေး၊ စစ်ရေး၊ ရာသီဥတုပြောင်းလဲမှု စသည့် ဗဟုသုတများစွာကို ရရှိခဲ့သည်။

ချင်းပြည်နယ်တွင် ရေရှည်စီမံကိန်းများအဖြစ် ကုလားတန်မြစ်စီမံကိန်း၊ ပလက်ဝစက်မှုဇုန်၊ ဘုံဇုံးစက်မှုဇုန်နှင့် ခိုင်ကမ်းစက်မှုဇုန်တို့ကို အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ လမ်းတံတား စတဲ့ အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ ချည်မျှင်နဲ့ ရိုးရာရက်ကန်းလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံနိုင်တဲ့ အခွင့်အလမ်းတွေ များစွာရှိပါတယ်။ ချင်းပြည်နယ်ကို လာရောက်ရင်းနှီးမြှုပ်နှံကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။ ချင်းပြည်နယ်ကို လာလည်ပါ။ လေ့လာကြည့်ပါ။ ရင်းနှီးမြှုပ်နှံကြည့်ပါ။ ရောင်းဝယ်ဖောက်ကားကြည့်ပါ။ အေးအေးချမ်းချမ်း သာသာယာယာနဲ့ အလုပ်လုပ်ကိုင်နိုင်ဖို့ ချင်းပြည်နယ်အစိုးရက တာဝန်ယူပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်က ဆိုသည်။

**ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်မှု ဆောင်ရွက်ချက်များ**

ချင်းပြည်နယ်အတွင်း ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်မှု ဆောင်ရွက်ချက်များအနေဖြင့် ဘာသာရေးရက်ကြီး၊ နေ့ကြီးများတွင် ဘုန်းကြီးကျောင်း၊ ဘုရားကျောင်းများတွင် အားလုံးရင်းနှီးစွာ ဝတ်ပြုဆုတောင်းခြင်း ချစ်ကြည်ညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ**

ချင်းအမျိုးသားတပ်ဦး (CNF)အဖွဲ့မှ တတိယအကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစု ပင်လုံညီလာခံ၌ ဆွေးနွေးချက်များအား ပြန်လည်ချပြဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၁ ရက်မှ ၂၃ ရက်အထိ ဟားခါးခရိုင် ထန်တလန်မြို့ အမှတ်(၂)ရပ်ကွက်ရှိ TBC ချင်းခရစ်ယာန်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ နိုင်ငံရေးစိတ်ပါဝင်စားသူ ဒေသခံပြည်သူများ စုစုပေါင်း ၁၃၀ ခန့် တက်ရောက်ခဲ့ကြပြီး (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး သဘောတူညီချက် ၁၄ ချက်ကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြခြင်း၊ တင်ပြချက်များအပေါ် တက်ရောက်လာသူများမှ သိလိုသည့်အချက်များအား မေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်မှု**

အစိုးရနှင့်ပြည်သူ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်ရန်အတွက် ဌာနဆိုင်ရာများ ပါဝင်သော ခရိုင်/မြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီတို့ ပူးပေါင်း၍ စုပေါင်းဆွေးနွေးအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထုအတွက် မလိုလားအပ်သော ပြဿနာများလျော့နည်းလာသည့်အပြင် ပြည်သူလူထု၏ စားဝတ်နေရေးနှင့် လူမှုရေးအဆင့်အတန်းများ တိုးတက်လာခဲ့သည်။

တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုရေးကိစ္စရပ်များကို ဘက်ပေါင်းစုံမှ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကြောင့် ပြည်သူများအနေဖြင့် ၎င်းတို့၏ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနအသီးသီးသို့ ပွင့်လင်းမြင်သာစွာ ညှိနှိုင်းတိုင်ပင်ဆွေးနွေးတင်ပြနိုင်သည့် အကျိုးကျေးဇူးများ ရရှိခဲ့သည်။

ချင်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်၏ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်မှချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ မူဘောင်သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်မှုကိုခံယူလျက် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



ပြည်တွင်းပြည်ပခရီးသွားများအား ဆွဲဆောင်ရာတစ်ခုဖြစ်သော ဖလမ်းခရိုင် ရိဒ်ခေါ်ဒါရ်မြို့ အမှတ်(၁) ရပ်ကွက်အနီးရှိ ရိဒ်ရေကန်ကို တွေ့ရစဉ်။